# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ်၊ နတ်တော်လကွယ်၊ ကြာသပတေးနေ့၊ (18-12-2025)၊ အတွဲ (၃၄)၊ အမှတ် (၂၃၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ခေတ်မီနိုင်ငံတော်တည်ဆောက်ဖို့ ဦးဆောင်နိုင်သူ ရွေးကြစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဒီဇင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Azeddine BECHKA က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား ခိုင်မာပြီး ရှည်လျားသည့် သံတမန်ဆက်ဆံမှုရှိသည့်အခြေအနေများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့်ခရီးသွားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်နိုင်သည့်အခြေအနေများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် မကြာမီကာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Azeddine BECHKA က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်
အယ်ဒီတာ့အာဘော်

## လူမှုစီးပွားဘဝမြှင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်သည် မြန်မာ့သမဝါယမစတင်ခြင်း ၁၂၀ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ သမဝါယမအသုံးအနှုန်းကို မြန်မာအဘိဓာန်တွင် "အများစုပေါင်း၍ ကုန်ထုတ်၊ ကုန်ရောင်း စသည်လုပ်ကိုင်ကာ တရားသဖြင့်ရသည့် အကျိုးအမြတ်ကို မျှတစွာခံစားသည့်လုပ်ငန်း"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သမဝါယမဆိုသည်မှာ ပါဠိစကားဖြစ်၍ သမသည် မျှတခြင်း၊ ဝါယမသည် လုံ့လအားထုတ်ခြင်းဟူ၍ အနက်အဓိပ္ပာယ်ရသည်။ ထို့ကြောင့် သမဝါယမစနစ်သည် ညီမျှခြင်း၊ မျှတခြင်း၊ အများ ဆန္ဒကိုလေးစားခြင်း၊ မိမိဆန္ဒအလျောက်ပါဝင်ဆောင်ရွက်ခြင်း၊ အပြန်အလှန်ရိုင်းပင်းကူညီခြင်း ဟူသည့် အခြေခံမူများနှင့် ဆောင်ရွက်သောစနစ်ဖြစ်သည်။

မြန်မာနိုင်ငံရှိ သမဝါယမလုပ်ငန်းများကိုလည်း ၁၉၀၄ ခုနှစ်နှောင်းပိုင်းနှင့် ၁၉၀၅ ခုနှစ်ဆန်းပိုင်းတို့မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ခေတ်အဆက်ဆက်သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သမဝါယမဦးစီးဌာန၊ ဝန်ကြီးဌာနဖွဲ့စည်းထူထောင်ပြီးဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနသစ်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ခေတ်နှင့်အညီ မူဝါဒအသစ်များဖြင့် သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေး ပန်းတိုင်ဆီသို့လျှောက်လှမ်းလာခဲ့ရာ လေးနှစ်တာခရီးရောက်ရှိခဲ့ပြီဖြစ်သည်။

သမဝါယမဦးစီးဌာနက ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်အကျိုးရှိသည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များကို Action Plan ကိုးရပ်ချမှတ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် သမဝါယမအသင်းများဖွဲ့စည်းခြင်း၊ စည်းရုံးပညာပေးခြင်း၊ တည့်မတ်ပြုပြင်ပေးခြင်းတို့ကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ သမဝါယမအသင်းများ ကျစ်လျစ်ခိုင်မာစေရေးအတွက် ၂၀၂၁ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် မေလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းသင့်သည့် သမဝါယမအသင်း ၁၂၆၂ သင်းကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့ကြောင်း သိရသည်။

သမဝါယမစနစ်ကို အမှန်တကယ်အောင်မြင်အောင်လုပ်ဆောင်ကြမည်ဆိုလျှင် သာယာချမ်းမြေ့ဖွယ်ကောင်းသော လူနေမှုဘဝများကို ပိုင်ဆိုင်ကြမည်ဖြစ်သောကြောင့် အားလုံးတက်ညီလက်ညီ မခိုမကပ်လုပ်ဆောင်ရမည်ဖြစ်သည်။ အသင်းသားတစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားခြင်းဖြင့် အချင်းချင်းစည်းလုံးညီညွတ်စွာဆောင်ရွက်နိုင်ပါက လူမှုစီးပွားဘဝများပိုမိုတိုးတက်၍ အောင်မြင်မှုလမ်းကြောင်းတွင် တည်ရှိနေမည်ဖြစ်သည်။

လူသားတို့၏ နေ့စဉ်လူနေမှုဘဝတွင် စားဝတ်နေရေးသည် အရေးကြီးဆုံးဖြစ်သည်။ စားဝတ်နေရေးပြေလည်စေရေးအတွက် စီးပွားရှာဖွေလုပ်ကိုင်နေကြရသည်။ စီးပွားရေးလုပ်ငန်းကောင်းလျှင် လူမှုဘဝများဖွံ့ဖြိုးမည်ဖြစ်သည်။ ထိုသို့ဖြစ်ရန်မှာ စီးပွားရေးလုပ်ကိုင်သူတို့၏ ကာယ၊ ဉာဏစွမ်းအားပေါ်တွင် မူတည်သကဲ့သို့ အသိုက်အဝန်းကောင်းပေါ်တွင်လည်း မူတည်သည်။ ထို့ကြောင့် စိတ်တူကိုယ်တူအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်သည့် အသိုက်အဝန်းကောင်းဖြစ်သည့် သမဝါယမအသင်းများကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ "လူမှုစီးပွားဘဝဖွံ့ဖြိုးဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့" ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏လမ်းညွှန်မှု၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်မှုတို့ဖြင့် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းတို့က အသင်းဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ကြခြင်းမှ အစပြုကာ နိုင်ငံတော်၏ ဆင်းရဲမှုလျှော့ချရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြီးမားစွာအထောက်အကူပြုနေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၁၀
ရက်
သာ လိုတော့သည်။

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း လျာထားဧကထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် နှမ်းဧက ၂၄၇၅၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၇၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၂၄၇၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ၂၄၇၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာထွန်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဗိုလ်ကိတ်ပဲများကို ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နိုဝင်ဘာလထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့အားကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေအပြင် ပဲစိုက်တောင်သူတွေပါ အဆင်ပြေနေပါတယ်"ဟု ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာထွန်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများဝယ်လိုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးမြို့တွင် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ည နှစ်သစ်ကြိုဆိုပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁၇**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ည နှစ်သစ်ကြိုဆိုပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးပထမပိုင်း၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပြီး ကဏ္ဍများအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေချထားပေးပြီးဖြစ်ကြောင်း၊ အခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် အလံတင်အခမ်းအနားနှင့် နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများအပေါ် ယခုဆောင်ရွက်သည့် လုပ်ငန်းများပေါ်တွင် အားနည်းချက်များမရှိစေရေး အထူးဂရုစိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယပိုင်း၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ည နှစ်သစ်ကြိုဆိုပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် နှစ်သစ်ကူးပြောင်းခြင်းကို နိုင်ငံသူ၊ နိုင်ငံသားများက ညဥ့်နက်သန်းခေါင်းယံထိ စောင့်ဆိုင်း၍ နှစ်သစ်ကို ကြိုဆိုခြင်းအထိမ်းအမှတ် ပျော်ရွှင်ဖွယ်ရာများနှင့် အတူကြိုဆိုကြကြောင်း၊ မန္တလေးမြို့တွင် နှစ်သစ်ကူးကြိုဆိုရာ၌ မန္တလေးမြို့သူ၊ မြို့သားများ မြူးကြွသည့် ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနိုင်မည့်အစီအစဉ်များ၊ နှစ်သစ်ကူး Countdown အတူ ရေတွက်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ဦးစီးကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး၊ လုံခြုံရေးသတိ လုံခြုံရေးအသိတို့ဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့်အစီအမံများကို အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ခင်ဦး ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၀၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၅၅၇ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပြီး လျာထားကေထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဖူးစားပြောင်း ၅၀၂၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပြီး ဒီနေ့မှာ ၅၅၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုး နိုင်ခဲ့ပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဖူးစားပြောင်းစိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင် တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်းသီးနှံ စိုက်ပျိုးရာ၌ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ကွမ်းသီးခြောက် ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလ အတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ကွမ်း သီးခြောက်ပိဿာချိန် ၁၅၀၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချ ခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိလဲ ဒေသက ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါ တယ်"ဟု ဘိုကလေးမြို့နယ် ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေခိုင် က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသ ထွက်ကွမ်းသီးများကို ရန်ကုန်ဈေးကွက် သို့ အဓိကတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကွမ်းသီးခြောက်များ အရောင်း အဝယ်ကောင်းလာသည့်အတွက် ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကွမ်းသီး စိုက်ပျိုးတောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ် အကိုင် အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြ ၍ သိရသည်။

**ကျော်ကျော်လင်း**



# မိုင်းခိုင်းမင်းကြီးဦးယမ်၏ တိမ်မြုပ်နေသောကျမ်းများ(၄)

**ဗိုလ်ရှိတ်(ရတနာပူရ)**

မိုင်းခိုင်မင်းကြီးဦးယမ် ပြုစုခဲ့သောကျမ်းများတွင် နောက်ထပ်တိမ်မြုပ်နေသော ကျမ်းတစ်ကျမ်းမှာ မေတ္တာဒကသေစနဒီပနီကျမ်းဖြစ်သည်။ မေတ္တာဒကသေစနဒီပနီကျမ်းသည် မိုင်းခိုင်းမင်းကြီးဦးယမ် ရေးသားပြုစုခဲ့သော မေတ္တာစာများကို စုပေါင်းထားခြင်းဖြစ်သည်။ မိုင်းခိုင်းမင်းကြီးဦးယမ်က မေတ္တာစာများရေး၍ သံတော်ဆင့်စလင်းမြို့အုပ်မင်း နေမျိုးသီဟသူထံပေးပို့သော မေတ္တာစာများဖြစ်သည်။ မေတာဒကသေစနဒီပနီကျမ်းမှ မေတ္တာစာများ အကြောင်းမဖော်ပြမီ အရင်ဆုံးမေတ္တာစာ၏အဓိပ္ပာယ်ကို ဖော်ပြချင်ပါသည်။

**မေတ္တာစာဟူသည်**

မေတ္တာစာ၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ(၃)၌ ၁။ တစ်စုံတစ်ဦးအား တောင်းပန်သောအကြောင်းအရာကို အခြေပြု၍ ရေးဖွဲ့သီကုံးထားသောစာ။ ခင်မင်မှုကို အခြေပြု၍ ရေးသားကြားရောက်သောစာ။ ၂။ ချစ်ခင်ကြောင်းဖော်ပြ၍ တစ်ဖက်သား၏တုံ့ပြန်ချစ်ခင်မှုကို ပန်တောင်းသောစာ။ ရည်းစားစာ"ဟူ၍ ဖွင့်ဆိုထားသည်။

တတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ပုံနှိပ်သည့် မြန်မာအဘိဓာန်တွင် မေတ္တာစာ၏အဓိပ္ပာယ်ကို ၁။ မေတ္တာကိုအခြေပြု၍ ရေးသားပေးပို့သောစာ။ ၂။ ရည်းစားစာ"ဟူ၍ နှစ်မျိုးဖွင့်ဆိုပြထားသည်။ ကုန်းဘောင်ခေတ်တွင် ကန်တော်မင်းကျောင်းမေတ္တာစာ အဖြေကျမ်းကို ရေးသားပြုစုခဲ့သော တောင်တွင်းမင်းကျောင်းဆရာတော်သည် မေတ္တာစာ၏အဓိပ္ပာယ်ကို "မေတ္တာစာဟုဆိုသည်ကား ချစ်မေတ္တာရှိသဖြင့် အကျိုးစီးပွားများစေလို၍ ဆက်သောစာဖြစ်သောကြောင့် မေတ္တာစာဟူ၍ဆိုလေသည်"ဟု ၎င်း၏အယူအဆကို ဖွင့်ဆိုထားပါသည်။ တောင်တွင်းကြီးမင်းကျောင်းဆရာတော်၏ မေတ္တာစာအယူအဆသည် ကိုယ်မြင်သည့်အမြင်အတိုင်း အစောဆုံးဖွင့်ပြသော မေတ္တာစာအဓိပ္ပာယ်ဟုဆိုနိုင်သည်။

ကဗျာဗန္ဓသာရကျမ်းကြီးကို ရေးသားပြုစုခဲ့သော ပုဂံဝန်ထောက်ဦးတင်သည် မေတ္တာစာ၏အဓိပ္ပာယ်ကို ရှင်ဥက္ကံသမာလာ မေတ္တာစာနိဒါန်း၌ "မေတ္တာစာဟူသည်မှာလည်း သတ္တဝါများကို ချမ်းသာစေလိုသော မနောမဏိစိရိုကာ စာဖြင့်ရေးသားထားခြင်းပင်တည်း"ဟု မိန့်ဆိုထားပါသည်။

သခင်ကိုယ်တော်မှိုင်းအမည်ခံဆရာကြီး ဦးလွန်း ရေးသားပြုစုသောကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်းတွင် မေတ္တာစာ၏အဓိပ္ပာယ်ကို "မေတ္တာစာဆိုသည်ကား ချစ်ခြင်းတည်းဟူသောမေတ္တာကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး ကြည်နူးဆက်ဆံ၍ပေးသော စာမျိုးကို ဆိုလိုသည်"ဟူ၍ ဖော်ပြထားသည်။

ပုပ္ပားဦးကျော်ရင် ရေးသားပြုစုသော ကဝိဘာရတီကျမ်းတွင် မေတ္တာစာ၏အဓိပ္ပာယ်ကို "တစ်ဦးတစ်ဦး ချစ်ကြည်နူး၍၊ ကွန့်မြူးမေတ္တာရှိသောခါဝယ်၊ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာဖြင့်ဖြစ်စေ၊ တစ်ထောင့်ငါးရာကိလေသာစု မေတ္တာထုဖြင့်ဖြစ်စေ ရေးသားစီကုံးအပ်သောစာဖြစ်သောကြောင့် မေတ္တာစာဟုခေါ်သည်" ဟူ၍ဖွင့်ဆိုထားသည်။

ဆရာကြီး ဝဇီရဗုဒ္ဓိ ဦးဖိုးစိန်ပြုစုသော "ဦးပုည မေတ္တာစာ ကောက်နုတ်ချက်နှင့်အဖြေ"ဟူသော စာအုပ်၌ မေတ္တာစာကို "မေတ္တာဟူသောစကား၏ အနက်ကား မေတ္တာပို့ကြောင်း၊ ကြားပြောသောစာဟု ဆိုလိုသည်ကို "ပို့ကြောင်းကြားပြောသော"ဟူသော အလယ်ပုဒ်တို့ကိုချေ၍ မေတ္တာစာဟု သမာသ်စပ်သည်။ ထိုအစပ်၌ သေတမ်းစာ၊ ဆုတောင်းစာ၊ ကျမ်းကျိန်စာ စသည်ဖြင့် စာအမျိုးမျိုးရှိကြသည်တွင် သေတမ်း၊ ဆုတောင်း၊ ကျမ်းကျိန် စသောဝိသေသနမျိုးကို နစ်စေ၍ မေတ္တာသဒ္ဒါကို ဝိသေသနပြု၍ဆိုသောကြောင့် မေတ္တာဟူသောရှေ့ပုဒ်သည် ဝိသေသန၊ စာဟူသောနောက်ပုဒ်သည် ဝိသေသျဖြစ်ကြ၏"ဟူ၍ မိန့်ဆိုထားပါသည်။

နန္ဒမာလိနီခေါ် ကဗျာစွယ်စုံကျမ်းကြီးကို ရေးသားပြုစုခဲ့သော ဆရာကြီး ဓမ္မာစရိယ ဦးထွန်းရွှေက မေတ္တာစာတမ်း၏အဓိပ္ပာယ်ကို ထိုကျမ်း၌ "တဏှာရာဂမဖက် ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာသဘောသက်သက်ဖြင့်သာ ချစ်ခင်ဆက်ဆံ၍နေကြကုန်သောပုဂ္ဂိုလ်တို့သည် တစ်ဦးမှတစ်ဦးထံသို့ စာပေးစာယူပြုကြရာ၌ အဆိုပါမေတ္တာစာကို အကြောင်းခံရှေ့ထား၍ ရေးသားစီကုံးသောစာကို မေတ္တာစာဟုခေါ်သည်"ဟူ၍ မိန့်ဆိုထားပါသည်။

**❖ မိုင်းခိုင်းမင်းကြီးဦးယမ်ပြုစုခဲ့သော မေတ္တာဒကသေစနဒီပနီကျမ်းသည် တိမ်မြုပ်နေသောကျမ်းတစ်စောင်ဖြစ်သည်။ မေတ္တာဒကသေစနဒီပနီကျမ်းကို မိုင်းခိုင်းမင်းကြီးမေတ္တာစာကျမ်းဟုခေါ်က ပို၍လွယ်ကူပေသည်။ မိုင်းခိုင်းမင်းကြီးမေတ္တာစာကျမ်းသည် ပေမူ၊ လက်ရေးမူဖြင့်ရှိနေသောကျမ်းတစ်စောင်ဖြစ်သည်။ မိုင်းခိုင်းမင်းကြီးမေတ္တာစာလက်ရေးမူတစ်စောင်ကို ဆရာကြီးဦးထွန်းရီ(ရွှေဟောင်းသုတေသီ)ထံမှ ရရှိခဲ့သည်။ ထိုလက်ရေးမူသည် က အစ ဂေါ အဆုံး နှစ်အင်္ဂါနှင့် ကိုးချပ်ရှိ ပေမူမှကူးယူထားခြင်းဖြစ်သည်။ ပေမူတွင် ဂေချပ်နှင့် ဂဲချပ်ပျောက်ဆုံးနေသောကြောင့် နောက်ဆုံး ၁၁ စောင်မြောက်မေတ္တာစာတွင် စာတချို့အပြည့်အစုံမတွေ့ရပေ။ ❖**

ယခုဖော်ပြခဲ့သည်မှာ ကျမ်းအသီးသီးတွင် တွေ့ရသော ပညာရှင်တို့၏ မိန့်ဆိုဖော်ပြချက်များဖြစ်ပါသည်။ ယခုဖော်ပြခဲ့သော မှတ်တမ်းများအပြင် အချို့မှတ်တမ်းများတွင်လည်း မေတ္တာစာဆိုသည်မှာ မေတ္တာခံယူသောစာ၊ မေတ္တာရပ်ခံသောစာ၊ မေတ္တာကိုမှီ၍ဖြစ်ပေါ်လာသောစာ၊ ဆုံးမတားမြစ်သောစာ စသည်ဖြင့်လည်း မိန့်ဆိုကြသည်များရှိပါသေးသည်။ ရှေးက ရေးခဲ့သောမေတ္တာစာများဖြစ်သည့် ညောင်ရမ်းခေတ် မေတ္တာစာများ၊ ကျည်းကန်ရှင်ကြီး မေတ္တာစာ၊ မုံရွေးဆရာတော် မေတ္တာစာ၊ မိုင်းခိုင်းမင်းကြီး မေတ္တာစာ၊ ဦးပုည မေတ္တာစာ၊ ရှင်ဥက္ကံသမာလာ မေတ္တာစာ စသည့်မေတ္တာစာများသည် ဆုံးမစာသဘောသက်ဝင်နေသည့် မေတ္တာစာများသာများပါသည်။ မေတ္တာစာရေးကြရာတွင် ရဟန်းက ရှင်ဘုရင်ထံပေး မေတ္တာစာ၊ ရဟန်းက တပည့်ဒကာ၊ ဒကာမများကို ဆုံးမသည့်မေတ္တာစာ၊ အမိကသားထံ၊ သားကအမိထံ၊ ဆရာက တပည့်ထံ၊ တပည့်က ဆရာထံ၊ အိမ်သူဇနီးက အဝေးရောက် လင်ယောကျ်ားထံ၊ လင်ယောကျ်ားက ဇနီးထံ၊ ဆွေမျိုးများက တစ်နယ်တစ်ကျေးရောက် ဆွေမျိုးများထံ ပေးပို့ကြသည့် မေတ္တာစာများသာများပါသည်။ မိုင်းခိုင်းမင်းကြီး ရေးသားပြုစုသော မေတ္တာဒကသေစနဒီပနီကျမ်းသည် ရတနာပုံမန္တလေးနေပြည်တော်နေ မိုင်းခိုင်းမင်းကြီးက သံတော်ဆင့်စလင်းမြို့အုပ်မင်း နေမျိုးသီဟသူထံပေးသည့် ဆုံးမစာသဘော သက်ဝင်သည့် မေတ္တာစာများဖြစ်သည်။

**မေတ္တာဒကသေစနဒီပနီကျမ်း**

မိုင်းခိုင်းမင်းကြီးဦးယမ်ပြုစုခဲ့သော မေတ္တာဒကသေစနဒီပနီကျမ်းသည် တိမ်မြုပ်နေသောကျမ်းတစ်စောင်ဖြစ်သည်။ မေတ္တာဒကသေစနဒီပနီကျမ်းကို မိုင်းခိုင်းမင်းကြီး မေတ္တာစာကျမ်းဟုခေါ်က ပို၍လွယ်ကူပေသည်။ မိုင်းခိုင်းမင်းကြီး မေတ္တာစာကျမ်းသည် ပေမူ၊ လက်ရေးမူဖြင့်ရှိနေသော ကျမ်းတစ်စောင်ဖြစ်သည်။ မိုင်းခိုင်းမင်းကြီး မေတ္တာစာလက်ရေးမူတစ်စောင်ကို ဆရာကြီးဦးထွန်းရီ(ရှေးဟောင်းသုတေသီ)ထံမှ ရရှိခဲ့သည်။ ထိုလက်ရေးမူသည် က အစ ဂေါ အဆုံး နှစ် အင်္ဂါနှင့် ကိုးချပ်ရှိ ပေမူမှကူးယူထားခြင်းဖြစ်သည်။ ပေမူတွင် ဂေချပ်နှင့် ဂဲချပ်ပျောက်ဆုံးနေသောကြောင့် နောက်ဆုံး ၁၁ စောင်မြောက် မေတ္တာစာတွင် စာတချို့အပြည့်အစုံမတွေ့ရပေ။ မိုင်းခိုင်းမင်းကြီး မေတ္တာစာများကို မိုင်းခိုင်းမင်းကြီးသည် ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ရန် ဆောင်ရွက်နေသည့် ကျောက်ရုံတွင် တာဝန်ထမ်းဆောင်နေချိန် ရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။ မေတ္တာစာမှာ စုစုပေါင်း ၁၁ စောင်ဖြစ်သည်။ ၁၂၃၄ ခုနှစ် တန်ခူးလမှ ၁၂၃၅ ခုနှစ် တော်သလင်းလအတွင်း ရေးသားခဲ့သည့် မေတ္တာစာများဖြစ်သည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် မိုင်းခိုင်းမင်းကြီး မေတ္တာစာကျမ်းကို ၁၂၃၅ ခုနှစ် တော်သလင်းလတွင် ရေးသားပြီးစီးခဲ့သည်ဟုဆိုနိုင်သည်။ မိုင်းခိုင်းမင်းကြီး မေတ္တာစာကျမ်းပေမူ ရေးကူးပြီးသောနှစ်ကို ကျမ်းပြီးနိဂုံး၌ "သက္ကရာဇ် ၁၂၃၅ ခု တော်သလင်းလဆန်း ၅ ရက်နေ့၊ ကျောက်ရုံတော်တွင် စီကုံးရေးသားသည် ဧကာဒသမပေး မေတ္တာစာပြီး၏။ မိုင်းခိုင်းမင်းကြီးမေတ္တာစာစုပေမူပြီး၏"ဟူ၍ တွေ့ရပါသည်။

**မေတ္တာစာပြီးရက်စွဲများ**

မိုင်းခိုင်းမင်းကြီးမေတ္တာစာကျမ်းတွင် မေတ္တာစာပေါင်း ၁၁ စောင်တိတိပါရှိသည်။ မေတ္တာစာ ၁၁ စောင်လုံးပင် ရေးသားပြီးစီးခဲ့သည့် နေ့စွဲကို တိတိကျကျမှတ်တမ်းတင်ခဲ့သည်။ မေတ္တာစာ ၁၁ စောင်လုံး ရေးသားပြီးစီးသည့် နေ့စွဲများကို အစဉ်အတိုင်း ဖော်ပြပါမည်။

၁။ ၁၂၃၄ ခုနှစ် တန်ခူးလဆန်း ၉ ရက်
၂။ ၁၂၃၄ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်
၃။ ၁၂၃၅ ခုနှစ် ကဆုန်လဆန်း ၃ ရက်
၄။ ၁၂၃၅ ခုနှစ် ကဆုန်လဆန်း ၅ ရက်
၅။ ၁၂၃၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်
၆။ ၁၂၃၅ ခုနှစ် နယုန်လဆန်း ၁၀ ရက်
၇။ ၁၂၃၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်
၈။ ၁၂၃၅ ခုနှစ် ဝါခေါင်လဆန်း ၅ ရက်
၉။ ၁၂၃၅ ခုနှစ် ဝါခေါင်လဆန်း ၁၅ ရက်
၁၀။ ၁၂၃၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်
၁၁။ ၁၂၃၅ ခုနှစ် တော်သလင်းလဆန်း ၅ ရက်

မေတ္တာစာ ၁၁ စောင်တွင် ၁၂၃၄ ခုနှစ်တွင် ရေးသောမေတ္တာစာမှာ နှစ်စောင်သာပါသည်။ ကျန်မေတ္တာစာ ကိုးစောင်မှာ ၁၂၃၅ ခုနှစ်တွင် ရေးသားပြီးသော မေတ္တာစာများဖြစ်သည်။

**မေတ္တာစာပါအကြောင်းအရာများ**

မိုင်းခိုင်းမင်းကြီးမေတ္တာစာကျမ်းသည် နေပြည်တော်တွင် ရာထူးအမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်နေသော မိုင်းခိုင်းမင်းကြီးက အဝေး၊ စလင်းမြို့အုပ်မင်းဖြစ်သည့် သံတော်ဆင့် စလင်းမြို့အုပ်မင်းနေမျိုးသီဟသူကိုပေးသည့် မေတ္တာစာများဖြစ်သည်။ မေတ္တာစာပို့သူ၊ မေတ္တာစာပို့ခံရသူနှစ်ဦးစလုံးသည် မင်းမှုထမ်းများဖြစ်ကြသည်။ မေတ္တာစာပို့ခံရသူ သံတော်ဆင့်မြို့အုပ် မင်းနေမျိုးသီဟသူသည် နောင်တွင် ကျပင်းမြို့ကိုပါ အုပ်ချုပ်ရသော မြို့အုပ်မင်းရာထူးကိုလည်းရရှိခဲ့သည်။ ထိုအကြောင်းကို သတ္တမပေး မေတ္တာစာ၌ "သံတော်ဆင့်စလင်း၊ ကျပင်း ၂ မြို့အုပ်မင်းသို့ပေး မေတ္တာစာ"ဟုခေါင်းစဉ်တပ်ထားခြင်းက ထင်ရှားပေသည်။

မိုင်းခိုင်းမင်းကြီးမေတ္တာစာများသည် မင်းမှုထမ်းတစ်ဦးဖြစ်သည့် စလင်း၊ ကျပင်းမြို့အုပ်မင်းနေမျိုးသီဟသူထံပေးပို့သော မေတ္တာစာများဖြစ်သောကြောင့် မေတ္တာစာအတွင်း လောက၊ ဓမ္မ၊ ရာဇရေးရာများ ပါဝင်လျက်ရှိသည်။ မင်းမှုထမ်းမြို့အုပ်မင်းတို့ လိုက်နာရမည့်ကျင့်ဝတ်များ၊ ဆောင်ရန်ရှောင်ရန်များ စသည်တို့ကို အလေးပေးရေးသားထားသည်။ ထို့ကြောင့် မိုင်းခိုင်းမင်းကြီး မေတ္တာစာများသည် မင်းမှုထမ်းတို့ လိုက်နာ ကျင့်သုံးအပ်သော မင်းမှုထမ်းကျင့်ဝတ်များဟုဆိုနိုင်သည်။ ခေတ်နှင့်ခွဲပြောလျှင် ရတနာပုံခေတ်မင်းမှုထမ်းကျင့်ဝတ်များ၊ ရတနာပုံခေတ်မင်းမှုထမ်းတို့ လိုက်နာရမည့်ကျင့်ဝတ်များဟုဆိုနိုင်ပါသည်။

မိုင်းခိုင်းမင်းကြီးမေတ္တာစာများကို ရေးရာတွင် ရာဇဝင်၊ ရာဇဝင်ကျမ်း၊ ဓမ္မသတ်၊ ရှေးထုံးစကား၊ ပျို့၊ မော်ကွန်း၊ ရတု စသည့်ကျမ်းမျိုးစုံကို ကိုးကားပြုစုရေးသားထားသည်။ မေတ္တာစာအတွင်း၌လည်း သမိုင်းဆိုင်ရာအချက်အလက်များကို ထည့်သွင်း၍ ရေးသားထားသည်ကိုလည်း တွေ့ရသည်။ သာဓကအားဖြင့်ဆိုရလျှင် စလင်းမြို့ သမိုင်းအကျဉ်းနှင့် စလင်းမြို့အမည်တွင်ပုံကို အဋ္ဌမပေးမေတ္တာစာ၌ "ရောပထ၊ နာဂရာဇာ၊ စောင့်ရှောက်ပါသောကြောင့် ဧရာဝတီမည်သော မြစ်၏အနောက်ဘက်ကို သုနာပရန္တမြစ်၏အရှေ့ဘက်ကို တမ္ဗဒီပ၊ တွင်ထသမိုင်း၊ တိုင်းနှစ်တိုင်းတို့၏အတွင်းဝယ် မင်းစဉ်မင်းရိုး၊ မင်းမျိုးများစွာ၊ နွယ်ဝံသာကို ပြဆိုရာပြဆိုကြောင်းဖြစ်သော ရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်စာ၊ မပါကျန်လပ်၊ ရာဇဝင်ကျပ်၊ မှတ်အပ်စွာဘိ၊ ဣသိပုတ္တာ၊ မည်ရတွင်ခြင်း၊ ထိုသည်မင်းလျှင်၊ ပျော်ခင်းသာစွ၊ ဌာနရပ်ခွင်၊ မြေအပြင်ဝယ်၊ စန္ဒာလင်္ကာရ၊ မြို့ပခိုင်ကျည်၊ နန်းသစ်တည်၍၊ ပင်စည်ရန်မြစ်၊ တူးဖြို့ပစ်ရှင့်၊ တွက်စစ်မှန်လှ၊ ထိုမင်းကလျှင်၊ ရှစ်ရာ့ငါးဆယ်၊ စမ္ပာယ်ခံစား၊ ကာလလျားသော်၊ ငါးလုံးအက္ခရာ၊ မြို့နာမတွင်၊ စန္ဒနိုက်ဝယ်၊ နငယ်နှင့်ဒ၊ ကာရချေဘိ၊ နိရုတ္တိသဒ္ဒါ၊ ဆန်းကြယ်စွာဖြင့်၊ သာယာချိုလွင်၊ မြန်ခွင်ထုတ်ခြင်း၊ ခေါ်ကြလျှင်းသား၊ စလင်းမြို့နယ်"ဟူ၍ ရေးသားထားပါသည်။

အချုပ်ဆိုရလျှင် မိုင်းခိုင်းမင်းကြီး မေတ္တာစာကျမ်းသည် နန်းဓလေ့ဓမ္မသတ်၊ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ထုံမွမ်းထားသောကျမ်းဟုဆိုနိုင်ပါသည်။ မိုင်းခိုင်းမင်းကြီးမေတ္တာစာကျမ်းမှ သုတေသီပုဂ္ဂိုလ်တို့အတွက် မှတ်သားဖွယ်ရာဗဟုသုတများစွာရစေနိုင်သည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဤကျမ်းသည် ပုံနှိပ်မူဖြင့်မရှိသေးခြင်းပင်ဖြစ်သည်။ ပေမူမှသည် လက်ရေးမူ၊ လက်ရေးမူမှသည် ပုံနှိပ်မူသို့ရောက်အောင် ဖော်ထုတ်သင့်သောကျမ်းတစ်စောင်ဖြစ်ပေသည်။

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၂၉၁၀၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၉၁၀၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၂၈၄၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၉၁၀၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၈ ဒသမ ၂၇ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ စပါး ၁၀၂၈၄၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့တယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် စပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၉၃၉၁ ဧက၊ ကနီမြို့နယ်တွင် ၄၇၄၆ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၆၁၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၃၃၅၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## အမျိုးချစ်သည့် ဇာနည်ဖွား

\- အမျိုးချစ်သည့် မြန်မာပြည်သား
ဇာနည်ဖွား စစ်သည်တော်၊
ဖြူစင်ကာ အသိမြတ်သော
အမိတပ်မတော်၊
အင်အားပြ သိန်းသန်းကျော်
ငြိမ်းချမ်းသော် ပြည်တစ်ဝန်း၊
ဘာမထီ
မြန်မာပြည် ခေတ်ဆက်ဆက်
ချစ်လျက်တင့်ဆန်း။

\- အောင်စစ်သည် အပြုံးပန်းနဲ့
မမုန်းတမ်း ချစ်ကြည်ဖြူ
ညီနောင်စုံ တိုင်းရင်းသားတို့
ရိုင်းပင်းအားကူ၊
ခက်ခဲများ မညည်းညူ
အတူတူ ရင်ဆိုင်ကြ၊
ပြည်မြန်မာ အလှပန်း
ငြိမ်းချမ်းအောင်ပ။

\- စည်းကမ်းမှု စနစ်တကျ
ထည်ဝါလှ နည်းလမ်းကြွယ်၊
ဘုံရန်သူ မိုက်အရှုပ်ကို
တိုက်ထုတ်ကြတယ်၊
ဘေးအမျိုးမျိုး ရန်အသွယ်သွယ်
ကြုံရှယ်လာ မမှုအား၊
မျိုးချစ်စိတ် သတ္တိသွေးက
နီစွေးတကား။ ။

အဝေရာကိုကို

## ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်လူးကျေးရွာအုပ်စု ညောင်လူးကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ညောင်လူးကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၉ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်လူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၂၅ ဒသမ ၃သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၄ ဒသမ ၇၅သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၁၉ ဒသမ ၅၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၆သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

## စဉ့်ကိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**စဉ့်ကိုင် ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း စတင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၁၆ ရက်က အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများကို မိတ်ဆက်ပြောကြားပြီးနောက် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆက်လက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဦးစီးအရာရှိက ကျေးရွာကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသောကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာသစ်ကျေးရွာ၌ ကျေးလက်နေ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားခြင်းဖြင့် ကျေးလက်ဒေသများတွင် ဆင်းရဲမှုလျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများကို ကဏ္ဍအလိုက် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က မြို့တော်နယ်မြေဒေသအတွင်း အကြီးစားဒရုန်းစစ်ဆင်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့



အမေရိကန်ကြည်းတပ်သည် မြို့တော်နယ်မြေဒေသအတွင်း မောင်းသူမဲ့လေယာဉ်များ ရှာဖွေထောက်လှမ်းရေးနှင့် တန်ပြန်တိုက်ဖျက်ရေးအတွက် ပင်တဂွန်စစ်ဌာနချုပ်၏ စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေရန် အကြီးစားဒရုန်းစစ်ဆင်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၉ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ဤစစ်ဆင်ရေးလေ့ကျင့်မှုမှ တွေ့ရှိချက်များကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလနှင့် မေလကြား ပြုလုပ်ရန်စီစဉ်ထားသော စစ်ရေးလေ့ကျင့်မှုကြီးတွင် ထပ်မံပြင်ဆင်၊ ထည့်သွင်း၊ အသုံးပြုသွားမည်ဖြစ်ပြီး သီးခြားစစ်ရေးလေ့ကျင့်မှုနေရာများလည်း ထပ်မံပါဝင်လာမည်ဟု မျှော်မှန်းထားကြသည်။

ရည်ရွယ်ချက်မှာ ဒရုန်းရန်ကာကွယ်ရေးများတွင် ဖြစ်ပေါ်နေဆဲ ဟာကွက်၊ ပျော့ကွက်များကို တိကျစွာ ဖော်ထုတ်နိုင်ရန်နှင့် အနီးအနားဝန်းကျင်ရှိ တပ်စခန်းအသီးသီးတွင် အဆိုပါသင်ခန်းစာ ဖော်ထုတ်ချက်များအတိုင်း လိုက်နာကျင့်သုံး၊ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်ဖြစ်သည်။

စီမံကိန်းရေးဆွဲသူများသည် လေကြောင်းအခြေအနေ ကြိုတင်သတိပေးနိုင်မှုစွမ်းရည်များ တိုးတက်မြင့်မားကောင်းမွန်စေရန် ရည်ရွယ်ထားသည်။ မြို့တော်ဝါရှင်တန်ဒီစီနှင့် အမေရိကန်တစ်လွှားနေရာဒေသများ တစ်လျှောက်တွင် ဒရုန်းပျံသန်းဝင်ရောက်လာမှုများကို တိတိကျကျ၊ လျင်လျင်မြန်မြန် ထောက်လှမ်းနိုင်စွမ်းရှိစေရန်လည်းဖြစ်သည်။

ဤစစ်ရေးလေ့ကျင့်မှုသည် အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Pete Hegseth က ဒရုန်းရန်ကာကွယ်ရေးကို အာရုံစိုက်ကြရန် ဇွန်လတွင် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီးနောက် ပေါ်ပေါက်လာခြင်းလည်းဖြစ်သည်။

စစ်ရေးလေ့ကျင့်မှုကို စီစဉ်ရာတွင် ဝါရှင်တန်စစ်ဒေသခရိုင် ပူးပေါင်းစစ်ဆင်ရေးတပ်ဖွဲ့ပူးပေါင်းစစ်ဆင်ရေး ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး Jesse Burnette၊ မစ်ရှင်အာမခံရေးဌာန အကြီးအကဲ ဒုတိယဗိုလ်မှူးကြီး Brian Reynolds တို့က ဦးဆောင်ခဲ့ကြပြီး ဝါရှင်တန်စစ်ဒေသခရိုင်အတွင်း၌ ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။ အထောက်အကူပြု တပ်ဖွဲ့များတွင် လေတပ်၊ ရေတပ်၊ မရိန်းတပ်ဖွဲ့များ၊ ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ဒေသန္တရရဲတပ်ဖွဲ့တို့ပါဝင်ခဲ့ကြသည်။

လေ့ကျင့်မှုများအတွင်း ဒရုန်းမောင်းနှင်သူများသည် Fort McNair တပ်မြို့နှင့် အမျိုးသားစစ်ကောလိပ် အနီးတစ်ဝိုက်နေရာများစွာမှ ဒရုန်းများ စေလွှတ်ပျံသန်းခဲ့ကြပြီး အတွင်းလူပါဝင်ပတ်သက်မှုများ အပါအဝင် မတူညီသော ခြိမ်းခြောက်မှုအခြေအနေအရပ်ရပ်မျိုး သဏ္ဌာန်တူဖန်တီးလုပ်ဆောင်ခဲ့ကြသည်။

ပြင်ပမှကျူးကျော်ဝင်ရောက်လာသည့် ပုံစံမျိုးကို သရုပ်တူပြုလုပ်ရန်အတွက် Potomac မြစ်နှင့် Hains Point ကျွန်းဆွယ်ကို ဒရုန်းများ စေလွှတ်ပျံတက်ခိုင်းရန် နေရာအဖြစ်ထပ်မံသတ်မှတ်ခဲ့သည်။

ဤစစ်ဆင်ရေးလေ့ကျင့်မှုတွင် အော်ပရေတာများသည် ဒရုန်းများ၏ ပျံဝဲနိုင်စွမ်း၊ လှုပ်ရှားစစ်ကစားနိုင်စွမ်းနှင့် နေ့အလင်းရောင်အတွင်း ကန့်သတ်ထားသော ဧရိယာများအတွင်းသို့ အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်နိုင်စွမ်းတို့ကို စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

**US Army Stages Large–Scale Drill to Boost Drone Detection in Washington ကို ဘာသာပြန်ဆိုထားပါသည်။**

## ဩစတြေးလျက MQ-28 Ghost Bat ဒရုန်းခြောက်စင်း ထပ်မံဝယ်ယူရန် Boeing Defence Australia ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



ဩစတြေးလျနိုင်ငံသည် MQ–28 Ghost Bat Collaborative Combat Aircraft ဒရုန်းခြောက်စင်း ထပ်မံဝယ်ယူဖြည့်တင်းရန်အတွက် Boeing Defence Australia ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၁ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

သဘောတူညီချက်၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၉၃၀ ရှိပြီး ဩစတြေးလျနိုင်ငံတွင် ဒီဇိုင်းထုတ်ကာ တည်ဆောက်ထားသည့် ဤ MQ–28 GhostBat ဒရုန်းကို နည်းပညာသရုပ်ပြပုံစံအဆင့်မှသည် Royal Australian Air Force အတွက် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်သည့်အဆင့်သို့ ရောက်ရှိလာခဲ့ခြင်းလည်းဖြစ်သည်။

ဤဝယ်ယူရေးစာချုပ်ချုပ်ဆိုမှုသည် Ghost Bat ဒရုန်း၏ ပထမဆုံးလက်တွေ့ပစ်ခတ် စမ်းသပ်ခြင်းနောက်ပိုင်းတွင် ထွက်ပေါ်လာခြင်းဖြစ်ပြီး ထိုစမ်းသပ်မှုအတွင်း ဒရုန်းသည် ဝေဟင်ပစ်မှတ်တစ်ခုကို AIM–120 AMRAAM ဒုံးကျည်ဖြင့် ပစ်လွှတ်တိုက်ခိုက်နိုင်ခဲ့သည်။

သဘောတူညီချက်အရ နောက်ထပ် Block 2 Ghost Bats ဒရုန်းခြောက်စင်းကို ပေးပို့သွားရမည်ဖြစ်ပြီး Block 3 ဒရုန်းရှေ့ပြေးပုံစံ တစ်စင်းကိုလည်း လာမည့်သုံးနှစ်အတွင်း ထပ်မံဖော်ဆောင်သွားမည်ဖြစ်ကာ ၎င်းသည် ၂၀၂၈ ခုနှစ်တွင် တိုက်ပွဲဝင် အသင့်ဖြန့်ကြက်နိုင်ရေး ရည်မှန်းချက်ဖြင့် လုပ်ဆောင်နေခြင်းလည်းဖြစ်သည်။ လက်နက်တင်ဆောင်သည့်အတွင်းခန်း ထည့်သွင်းခြင်းအပါအဝင် ဒီဇိုင်းအဆင့်မြှင့်တင်မှုတချို့ကိုလည်း ပေါင်းစပ်ထည့်သွင်းထားသည်။ ဩစတြေးလျနိုင်ငံသည် ယခင်က Block 1 Ghost Bats ဒရုန်းရှစ်စင်းနှင့် Block 2 Ghost Bats ဒရုန်းသုံးစင်းကို ဝယ်ယူရန် မှာယူထားပြီးဖြစ်ကြောင်း သိရသည်။

ဤအစီအစဉ်သည် လာမည့် ဆယ်စုနှစ်အတွင်း ဒရုန်းစွမ်းအားနှင့်ပတ်သက်၍ ဩစတြေးလျက အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံရင်းနှီးမြှုပ်နှံမည့် ပိုမိုကျယ်ပြန့်သော အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထိုရင်းနှီးမြှုပ်နှံမှုတွင် မောင်းသူမဲ့လေယာဉ်များအတွက် အနည်းဆုံး အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂ ဘီလီယံသုံးစွဲရန် သီးသန့်ခွဲဝေချပေးထားကြောင်း သိရသည်။

"Ghost Bat ဒရုန်းနဲ့အတူ ပူးပေါင်းလေကြောင်း တိုက်ခိုက်ရေးရဲ့အနာဂတ်ဟာ ဒီနေရာမှာ၊ ဒီအချိန်မှာပဲရှိနေပါပြီ။ ဒီနေ့ကြေညာချက်က ဩစတြေးလျဟာ ပူးပေါင်းတိုက်ခိုက်ရေးလေယာဉ်တွေဖော်ဆောင်ရာမှာ ကမ္ဘာကို ဦးဆောင်နေတယ်ဆိုတာ မီးမောင်းထိုးပြနေပါတယ်။ Ghost Bat ဒရုန်းဟာ တိုက်လေယာဉ်တစ်စင်းတည်းကို အင်အားကြီးတဲ့ အဖွဲ့တစ်ဖွဲ့အဖြစ် ပြောင်းလဲပေးလိုက်ပါတယ်။ စောင့်ကြည့်ထောက်လှမ်းရုံသာမက ရန်သူတွေကို တိုက်ခိုက်နိုင်တဲ့ စွမ်းရည်လဲရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့အဖိုးတန်ဆုံးပိုင်ဆိုင်မှုဖြစ်တဲ့ လေသူရဲတွေအတွက် အရေးပါတဲ့ အကာအကွယ်တစ်ရပ်ကို ပေးအပ်နိုင်ခဲ့ပါတယ်" ဟု ဩစတြေးလျကာကွယ်ရေးစက်မှုဝန်ကြီး Pat Conroy က ပြောကြားခဲ့သည်။

Loyal Wingman အစောင့်လိုက်လေယာဉ်၊ ပူးပေါင်းတိုက်ခိုက်ရေးမိတ်ဖက်အဖြစ်ဒီဇိုင်းထုတ်ထားသည့် Ghost Bat ဒရုန်းသည် အဆင့်မြင့်ထောက်လှမ်းခြင်းနှင့်ပစ်မှတ်ရှာဖွေခြင်းစွမ်းရည်များ ပိုင်ဆိုင်ထားပြီး တိုက်လေယာဉ်အုပ်များ၏ ရှင်သန်ရပ်တည်နိုင်စွမ်းနှင့် စစ်ဆင်ရေးကျယ်ပြန့်မှုကို တိုးမြှင့်ပေးနိုင်သည်။ MQ–28 Ghost Bat ဒရုန်းသည် အလျား ၃၈ ပေရှိပြီး အကွာအဝေးရေမိုင် ၂၀၀၀ ကျော်ထိ ပျံသန်းနိုင်စွမ်းရှိသည်။ ဒရုန်းတစ်စင်း၏ကုန်ကျစရိတ်မှာ ပုံမှန်လေသူရဲပါတိုက်လေယာဉ်တစ်စင်း၏ ဆယ်ပုံတစ်ပုံခန့်သာရှိမည်ဖြစ်ကြောင်း သိရသည်။

**Australia Orders Six Ghost Bat ‘Loyal Wingman’ Drones for $930M ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်း၏ အပြင်စည်းအကျဆုံး ယူရေနတ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့က ကျောက်သားဂြိုဟ်များဖြစ်နိုင်ဖွယ်ရှိ



**ဘန်း ဒီဇင်ဘာ ၁၇**

နေအဖွဲ့အစည်း၏ အပြင်စည်းအကျဆုံး ဂြိုဟ်နှစ်စင်းဖြစ်သည့် ယူရေနတ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် ကျောက်သားဂြိုဟ်များဖြစ်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များကို ကျောက်သားဂြိုဟ်၊ ဓာတ်ငွေ့ဂြိုဟ်၊ ရေခဲဂြိုဟ်များဟူ၍ သိပ္ပံပညာရှင်များက အမျိုးအစားသုံးမျိုးခွဲခြားထားသည်။

ကျောက်သားဂြိုဟ်များအုပ်စုတွင် ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ ကမ္ဘာဂြိုဟ်၊ အင်္ဂါဂြိုဟ်တို့ပါဝင်ပြီး ဓာတ်ငွေ့ဂြိုဟ်အုပ်စုတွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်၊ ရေခဲဂြိုဟ်များအုပ်စုတွင် ယူရေနတ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့ပါဝင်ကြောင်း သိရသည်။

သို့ရာတွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏အဆိုအရ ယူရေနတ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့တွင် ရေခဲပါဝင်ဖွဲ့စည်းမှုမှာ မူလတွေးထင်ထားသည်ထက် ပိုနည်းပါးသည်ဖြစ်ရာ ၎င်းဂြိုဟ်နှစ်စင်းမှာ ကျောက်သားဂြိုဟ်များဖြစ်နေနိုင်ကြောင်း သိရသည်။

ဆွစ်ဇာလန်သိပ္ပံပညာရှင်များသည် ယူရေနတ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့၏ဂြိုဟ်အတွင်းပိုင်း သိပ်သည်းဆနှင့် ဒြပ်ဆွဲအားတို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ယူရေနတ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် ရေဓာတ်ကြွယ်ဝသည့်ဂြိုဟ်များ ဖြစ်နိုင်သကဲ့သို့ ကျောက်သားပါဝင်ဖွဲ့စည်းမှုမြင့်မားသည့် ဂြိုဟ်များလည်း ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၉ စင်းကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၉ စင်းကို ဒီဇင်ဘာ ၁၆ ရက်တွင် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

မိုးလေဝသအခြေအနေဆိုးနေသည့်တိုင် စပေ့အိတ်ကုမ္ပဏီသည် အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မကိုယ်ထည်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင်မူ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့သည်။

စပေ့အိတ်ကုမ္ပဏီသည် ကိပ်ကာနေဗာရယ် အာကာသစခန်းနယ်မြေ၌ လေတိုက်နှုန်းပြင်းထန်နေပြီး မိုးတိမ်များရှိနေသည့်တိုင် အဆိုပါစတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၆ ရက် မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ၂၀၂၅ ခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၁၆၃ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## သမိုင်းမတင်မီခေတ် လူသားများ မီးသုံးစွဲမှုနှင့်ပတ်သက်၍ ရှေးအကျဆုံး အထောက်အထားများကို အင်္ဂလန်နိုင်ငံ ဆပ်ဖော့ခရိုင်၌ တူးဖော်တွေ့ရှိ

**လန်ဒန် ဒီဇင်ဘာ ၁၇**

သမိုင်းမတင်မီခေတ် လူသားများ မီးသုံးစွဲမှုနှင့်ပတ်သက်၍ ရှေးအကျဆုံး အထောက်အထားများကို အင်္ဂလန်နိုင်ငံ ဆပ်ဖော့ခရိုင်၌ သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း ဒီဇင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

ဗြိတိသျှပြတိုက်မှ သိပ္ပံပညာရှင်များသည် ဆပ်ဖော့ခရိုင် ဘန်ဟမ်းကျေးရွာအနီးတွင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၄၀၀၀၀၀ ကျော်ရှိသော မီးဖိုတစ်ခု၊ အပူပေးထားသည့် ကျောက်ပုဆိန်များနှင့် မီးခတ်ကျောက်များကို တူးဖော်တွေ့ရှိခဲ့ကြသည်။

အဆိုပါမီးဖိုနှင့် ကျောက်ပုဆိန်များသည် လွန်ခဲ့သောနှစ်ပေါင်း ၄၁၅၀၀၀ က နီယန်ဒါးသဲလ် ရှေးလူများဖန်တီးခဲ့ကြသည့် ပစ္စည်းများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် မီးခတ်ကျောက်(Iron Pyrite)များမှာလည်း မီးမွှေးရန် ရည်ရွယ်ချက်ဖြင့် နီယန်ဒါးသဲလ်ရှေးလူများ စုဆောင်းထားသည့် မီးခတ်ကျောက်များ ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အထက်ပါအထောက်အထားများအရ လူသားများ မီးကိုစတင်အသုံးပြုချိန်သည် မူလတွေးထင်ထားသည်ထက် နှစ်ပေါင်း ၃၅၀၀၀၀ ထိ ပိုစောကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လူသားများ မီးကိုစတင်သုံးစွဲမှုနှင့်ပတ်သက်၍ ရှေးအကျဆုံးအဖြစ် ယခင်သတ်မှတ်ထားသည့် အထောက်အထားများမှာ နှစ်ပေါင်း ၅၀၀၀၀ ထိသာ ရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ဒူးရိုးအဆစ်အမျက်ရောင်ရောဂါလူနာများ၏ နာကျင်ကိုက်ခဲမှုဝေဒနာကို ခုခံအားစနစ် ကုထုံးတစ်မျိုးက လျှော့ချပေးနိုင်ဖွယ်ရှိ

**ပဲရစ် ဒီဇင်ဘာ ၁၇**

ခုခံအားစနစ် ကုထုံးတစ်မျိုးသည် ဒူးရိုးအဆစ်အမျက်ရောင်ရောဂါလူနာများ၏ နာကျင်ကိုက်ခဲမှုဝေဒနာကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ဒူးရိုးအဆစ်အမျက်ရောင်ရောဂါသည် ဒူးရိုးဆစ်အရိုးနုများပျက်စီးချိန်တွင် ဖြစ်ပွားတတ်ပြီး လက်ရှိအချိန်တွင် ၎င်းရောဂါကို ကုသနိုင်သော ကုထုံးမျိုးမရှိသေးကြောင်း သိရသည်။

သို့ရာတွင် ပြင်သစ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကင်ဆာရောဂါများကို ကုသရာတွင် အသုံးပြုသည့် ခုခံအားစနစ်ဆေးတစ်မျိုးသည် ဒူးရိုးအဆစ်အမျက်ရောင် ရောဂါကို ကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ ခုခံအားစနစ်ကုထုံးသည် အင်တာလူကင်-၆ (Interleukin-6) ခေါ် ပရိုတင်းတစ်မျိုးကို ဖိနှိပ်ခြင်းဖြင့် ရောင်ရမ်းမှုနှင့် နာကျင်ကိုက်ခဲမှုများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ပြင်သစ်သုတေသနပညာရှင်များသည် ဒူးရိုးအဆစ်အမျက်ရောင်ရောဂါလူနာ ၂၄ ဦးကို အထက်ပါကုထုံးဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ရာ ကုထုံးရယူပြီး သီတင်း ၄၂ ပတ်အကြာတွင် လူနာများ၏ သွေးအတွင်း အင်တာလူကင်-၆ ပါဝင်မှုအဆင့် သိသိသာသာ ကျဆင်းသွားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နှာခေါင်းတို့ဖတ်ယူစစ်ဆေးနည်းဖြင့် Dementia ကို ရောဂါလက္ခဏာများမပြမီ နှစ်အတန်ကြာကြိုတင်၍ ဖော်ထုတ်ပေးနိုင်ဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၁၇**

နှာခေါင်းတို့ဖတ်ယူစစ်ဆေးနည်းတစ်မျိုးဖြင့် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ကို ရောဂါလက္ခဏာများမပြမီ နှစ်အတန်ကြာကြိုတင်၍ ဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏အဆိုအရ Dementiaရောဂါလက္ခဏာမရှိသူများ၏ နှာခေါင်းထဲတွင် Dementia ရောဂါနှင့်ဆက်စပ်နေသော ပရိုတင်းသဲလွန်စများ ရှိနေတတ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆောက်သမ်ပတန်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် နှာခေါင်းအတွင်းရှိ Dementia ရောဂါ ပရိုတင်းများကို နှာခေါင်းတို့ဖတ်ဖြင့် ရယူနိုင်စွမ်း ရှိ၊ မရှိကို လက်တွေ့စမ်းသပ်ရန်စီစဉ်လျက်ရှိသည်။

နှာခေါင်းတို့ဖတ်ဖြင့် စမ်းသပ်စစ်ဆေးနည်းသည် လူနာတစ်ဦးချင်းခံစားနေရသည့် Dementia အမျိုးအစားကိုပင် ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Dementia ရောဂါကို ဖြစ်ခါစအဆင့်တွင် ထိထိရောက်ရောက် ကုသနိုင်မည့်မျိုးဆက်သစ်ဆေးဝါးများပေါ်ထွက်မည့်အလားအလာရှိနေချိန်တွင် နှာခေါင်းတို့ဖတ်ဖြင့် Dementia ရောဂါ စစ်ဆေးနည်းသည် ရောဂါမတိုးမီ လူနာများ ကုထုံးရယူရေးအတွက် များစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

### ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေ

၁၇-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၈၅ | ၁၂၀ | ၈၀ | ၃၈၅ |
| ၂ | အင်ဒိုနီးရှား | ၇၂ | ၈၅ | ၉၄ | ၂၅၁ |
| ၃ | ဗီယက်နမ် | ၆၄ | ၆၉ | ၉၄ | ၂၂၇ |
| ၄ | စင်ကာပူ | ၄၆ | ၄၂ | ၆၃ | ၁၅၁ |
| ၅ | မလေးရှား | ၄၁ | ၄၅ | ၁၀၆ | ၁၉၂ |
| ၆ | ဖိလစ်ပိုင် | ၃၈ | ၅၅ | ၁၂၀ | ၂၁၃ |
| ၇ | မြန်မာ | ၃ | ၁၉ | ၃၄ | ၅၆ |
| ၈ | လာအို | ၂ | ၉ | ၂၁ | ၃၂ |
| ၉ | ဘရူနိုင်း | ၁ | ၃ | ၄ | ၈ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၀ | ၃ | ၃ |

## ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးလေးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် မြန်မာအသင်း နိုင်ပွဲများရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ယနေ့တွင် ဆက်လက်ကျင်းပခဲ့ရာ မြန်မာအမျိုးသား၊ အမျိုးသမီး အသင်းများအနေဖြင့် လေးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။




ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာ အမျိုးသားအသင်းသည် တီမောလက်စ်တေအသင်းနှင့် ကစားခဲ့ရာ ပထမပွဲစဉ်တွင် (၁၅-၁)မှတ်၊ ဒုတိယပွဲစဉ်တွင်လည်း (၁၅-၃) မှတ်ဖြင့် ရမှတ်ပြတ်အနိုင်ရခဲ့ကာ နှစ်ပွဲပြတ် အနိုင်ရခဲ့သည်။

ထို့အတူ အုပ်စုနောက်ဆုံး ပွဲစဉ်အဖြစ် ဖိလစ်ပိုင်အသင်းနှင့် ကစားခဲ့ရာ ပထမပွဲစဉ်တွင် (၁၅-၁၀)မှတ်၊ ဒုတိယပွဲစဉ်တွင် (၁၅-၉)မှတ် နှစ်ပွဲပြတ်ဖြင့်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အလားတူ အမျိုးသမီးလေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းသည် မလေးရှားအသင်းနှင့်ကစားခဲ့ရာ ပထမပွဲစဉ်တွင်(၁၅-၈)မှတ်၊ ဒုတိယပွဲစဉ်တွင်(၁၅-၁၀)မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး လေးယောက်တွဲ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းနှင့် ကစားခဲ့ရာ ပထမပွဲစဉ်တွင်(၁၅-၁၇)မှတ်၊ ဒုတိယပွဲစဉ်တွင်(၉-၁၅)မှတ် နှစ်ပွဲပြတ်ဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

STA

## ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်သို့ ချဲလ်ဆီးအသင်းတက်ရောက်

**လန်ဒန် ဒီဇင်ဘာ ၁၇**

ကွာရာဘောင်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကာဒစ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့ရာ ချဲလ်ဆီးအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် ကာဒစ်အသင်းနှင့်ပွဲစဉ်တွင် ပွဲစကတည်းက ဖိအားပေး၍ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် ချဲလ်ဆီးအသင်းက တိုက်စစ်ပိုင်းအပြောင်းအလဲပြုလုပ်၍ ကစားအားမြှင့်တင်ခဲ့ရာ ပွဲချိန် ၅၇ မိနစ်တွင် ဂါနာချိုက ဘိုနာနိုတီ၏ ဖန်တီးမှုမှလည်းကောင်း ၊ ပွဲကစားချိန် ၈၂ မိနစ်တွင် ဆန်းတို့စ်၏ဖန်တီးမှုမှ နက်တိုကလည်းကောင်း၊ ပွဲချိန် မိနစ် ၉၀ ကျော်တွင် ဂျာအိုပက်ဒရို၏ ဖန်တီးမှုမှ ဂါနာချိုက တတိယဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့ပြီး ကာဒစ်အသင်းက ပွဲချိန် ၇၅ မိနစ်တွင် ရရှိသည့် ချေပဂိုးတစ်ဂိုးသာ သွင်းယူခဲ့သဖြင့် ချဲလ်ဆီးအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ချဲလ်ဆီးအသင်းသည် ကွာရာဘောင်းဖလားပြိုင်ပွဲတွင် ၂၀၁၄-၂၀၁၅ ခုနှစ်က ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ပြီးနောက် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့သော်လည်း လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သဖြင့် ချန်ပီယံဆုကို လက်လွှတ်ခဲ့ရကြောင်း သိရသည်။

Ref : Fotmob

Trs : ML



## ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပြီး ဆုတံဆိပ်များ ထပ်မံရရှိထား

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ယနေ့ ကျင်းပခဲ့သည့် အားကစားနည်းများအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုတံဆိပ်များ ထပ်မံဆွတ်ခူးခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် အပြည်ပြည်ဆိုင်ရာလှေလှော်ပြိုင်ပွဲ၌ နီလာဝင်းက ကြေးတံဆိပ်၊ အမျိုးသမီး ကမ်းရိုးတန်း၊ ကမ်းခြေ တစ်ယောက်လှော်ပြိုင်ပွဲတွင်လည်း နီလာဝင်းက ကြေးတံဆိပ်၊ အမျိုးသားစနူကာ တစ်ဦးချင်းပြိုင်ပွဲတွင် ဘုန်းမြင့်ကျော်က ကြေးတံဆိပ်၊ အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ ကီလို ၅၀ တန်းတွင် မြမိုးသူက ကြေးတံဆိပ်၊ အမျိုးသမီး ၅၇ ကီလိုတန်းတွင် ဆုမြတ်နိုးက ကြေးတံဆိပ်၊ အမျိုးသားလက်ဝှေ့ပြိုင်ပွဲ ကီလို ၆၀ တန်းတွင် နတ်မာန်က ကြေးတံဆိပ်၊ စစ်တုရင်ပြိုင်ပွဲတွင် မြန်မာအသင်းက ကြေးတံဆိပ်တို့ကို အသီးသီး ဆွတ်ခူးခဲ့ကြသည်။

အလားတူ ရွက်လှေပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယနေ့ပွဲစဉ်များအပြီးတွင် မြန်မာအသင်း အနေဖြင့် နိုင်ငံအလိုက် အဆင့်(၃) နေရာတွင်ရပ်တည်ခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် နောက်ဆုံးရက်အဖြစ် ကစားရမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့်ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံက ရွှေ သုံးခု၊ ငွေ ၁၉ ခု၊ ကြေး ၃၄ခု စုစုပေါင်း ဆုတံဆိပ် ၅၆ ခု ဆွတ်ခူးထားကာ နိုင်ငံအလိုက် အဆင့်(၇)နေရာတွင် ရပ်တည်နေပြီး ဒီဇင်ဘာ ၁၈ ရက်၌ကျင်းပမည့် ပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံမှ အခြား အားကစားပြိုင်ပွဲများကို ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

## Billie Jean King Cup Heart Award ဆုကို ပိုလန်တင်းနစ်မယ်စဝီယာတက်ခ် ဆွတ်ခူး

**ဝါဆော ဒီဇင်ဘာ ၁၇**

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ စက်တင်ဘာ ၂၁ ရက်အတွင်း တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် Billie Jean King Cup တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲ၏ အကောင်းဆုံး ကစားသမားဆုဖြစ်သည့် Billie Jean King Cup Heart Award ဆုကို ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ဆွတ်ခူးခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




၂၀၂၅ ခုနှစ် Billie Jean King Cup တင်းနစ်ပြိုင်ပွဲတွင် အီတလီအသင်းက ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။ ပိုလန်အသင်းသည် လက်ရည်စစ် နောက်ဆုံးအဆင့်တွင် ယူကရိန်းအသင်းကို ရှုံးနိမ့်ကာ ဖိုင်နယ်အဆင့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည့် အသင်းရှစ်သင်း၌ ပါဝင်ခွင့်မရခဲ့သော်လည်း ပိုလန်အသင်းကို လက်ရည်စစ်နောက်ဆုံးအဆင့်ထိ တက်ရောက်နိုင်ရန် အတွက် စဝီယာတက်ခ်က အဓိက ကစားသမားတစ်ဦးဖြစ်ခဲ့သည်။

Billie Jean King Cup တင်းနစ်ပြိုင်ပွဲ၏ အစဉ်အလာအရ ပြိုင်ပွဲ၏ အကောင်းဆုံးနှင့် စွမ်းဆောင်ရည်အမြင့်ဆုံး ကစားသမားဆုကို နှစ်ကုန်ပိုင်းတွင် ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး ပရိသတ်များက မဲပေးရွေးချယ်သည့် ဆုလည်းဖြစ်သည်။

Billie Jean King Cup Heart Award ဆုကို ပရိသတ်များက မဲပေးရွေးချယ်ခြင်းဖြစ်ပြီး ၎င်းအား မဲပေးခဲ့ကြသည့် ပရိသတ်များကို စဝီယာတက်ခ်က "Billie Jean King Cup Heart Award ဆုကို ဆွတ်ခူးနိုင်အောင် ကျွန်မကို မဲပေးရွေးချယ်ပေးခဲ့ကြတဲ့ ပရိသတ်တစ်ဦး တစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ပါတယ်။ ဒီဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ ကျွန်မအတွက် အရမ်းကို အဓိပ္ပာယ်ရှိပါတယ်။ ဒီဆုကြောင့် နောက်ထပ်အောင်မြင်မှုတွေ ဆွတ်ခူးနိုင်ဖို့အတွက် ခွန်အားဖြစ်စေပါလိမ့်မယ်။ နောက်တစ်ချက် အရေးကြီးကိစ္စတစ်ခုကြေညာစရာရှိပါတယ်။ အခု ဒီဆုကနေရရှိတဲ့ ဆုကြေးငွေကို Smeczem w Raka Foundation ကို အကုန်လုံး လှူဒါန်းသွားမှာလဲဖြစ်ပါတယ်။ ဒီဖောင်ဒေးရှင်းက တင်းနစ် ကစားသမားတွေနဲ့ တင်းနစ်လောကနဲ့ ဆက်စပ်နေသူအားလုံးအတွက် ကင်ဆာရောဂါ တိုက်ဖျက်ရေး ကိစ္စတွေမှာ ဦးဆောင်ပြီး ကူညီပေးနေတဲ့ ဖောင်ဒေးရှင်း ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis World

Trs : AZL

## အိန္ဒိယနိုင်ငံတွင် မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ကာ မြင်ကွင်းများဝေဝါးနေသဖြင့် လေယာဉ်ခရီးစဉ် ၁၂၆ ခု ဖျက်သိမ်းခဲ့ရ




**နယူးဒေလီ ဒီဇင်ဘာ ၁၇**

အိန္ဒိယနိုင်ငံတွင် မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ကာ မြင်ကွင်းများဝေဝါးနေသဖြင့် ဒီဇင်ဘာ ၁၆ ရက်က လေယာဉ်ခရီးစဉ် ၁၂၆ ခု ဖျက်သိမ်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီရှိ အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် လေယာဉ်ခရီးစဉ် ၁၂၆ ခု ဖျက်သိမ်းခဲ့ရကြောင်း၊ ဖျက်သိမ်းခဲ့ရသည့် လေယာဉ်ခရီးစဉ်များမှာ လေဆိပ်မှထွက်ခွာမည့် လေယာဉ် ၄၉ စင်းနှင့် ဆိုက်ရောက်မည့် လေယာဉ် ၇၇ စင်း၏ ခရီးစဉ်များဖြစ်ကြောင်း နယူးဒေလီအပြည်ပြည်ဆိုင်ရာ လေဆိပ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နယူးဒေလီမြို့တွင် လက်ရှိထိလည်း မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေသဖြင့် ဒေသခံများကို မလိုအပ်ဘဲ အပြင်မထွက်ကြရန်နှင့် ပြင်ပသို့သွားပါက နှာခေါင်းစည်းတပ်ကြရန်၊ အိမ်တံခါးများကို ပိတ်ထားရန်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအခံရှိသူများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ပိုမိုသတိပြုကြရန်လိုကြောင်း ပြည်နယ်အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## ပိုလန်နိုင်ငံတွင် ဘိုင်အိုမီသိန်းစက်ရုံ တည်ဆောက်ရေးအတွက် ဆိုလာရစ်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမည်

**ဝါဆော ဒီဇင်ဘာ ၁၇**

ပိုလန်နိုင်ငံတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးအတွက် ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနေရာတွင် ဘိုင်အိုမီသိန်းစက်ရုံ တည်ဆောက်ရေးအတွက် စပိန်နိုင်ငံအခြေစိုက် ဆိုလာရစ်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ဒီဇင်ဘာ ၁၆ ရက် သတင်းများတွင် ဖော်ပြသွားခဲ့သည်။

ဘိုင်အိုမီသိန်း စက်ရုံသည် အော်ဂဲနစ် စွန့်ပစ်ပစ္စည်းများကို အသုံးပြုကာ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မည့် စီမံကိန်းဖြစ်ပြီး ဘိုင်အိုမီသိန်းစက်ရုံပေါင်း ၂၀ ထိ တည်ဆောက်သွားရန် ပိုလန်အစိုးရက ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၄၁၅ သန်းထိ အသုံးပြုသွားမည် ဖြစ်ကြောင်း ပိုလန် စွမ်းအင်ဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ထားသည်။

"ပိုလန်နိုင်ငံမှာ ဘိုင်အိုမီသိန်းစက်ရုံ တည်ဆောက်သွားဖို့အတွက် ဆွေးနွေးညှိနှိုင်းမှုတွေပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးမှုတွေ သဘောတူညီချက် ရရှိခဲ့ပြီးတော့ ဘိုင်အိုမီသိန်း ဓာတ်ငွေ့စက်ရုံပေါင်း ၂၀ ထိ တည်ဆောက်သွားတော့မှာဖြစ်ပါတယ်။ လာမဲ့ ငါးနှစ်အတွင်းမှာ စက်ရုံပေါင်း ၂၀ ကို အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်။ ဘိုင်အိုမီသိန်းစက်ရုံတည်ဆောက်သွားဖို့အတွက် ခွင့်ပြုပေးခဲ့တဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ဒါဟာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးအတွက် အရေးပါတဲ့ ခြေလှမ်းတစ်လှမ်းဖြစ်ပါတယ်" ဟု ပိုလန်နိုင်ငံဆိုင်ရာ ဘိုင်အိုရစ်ကုမ္ပဏီ၏ မန်နေဂျာဖြစ်သူ တိုမက်ဇ်က ပြောကြားခဲ့သည်။

ဘိုင်အိုမီသိန်းစက်ရုံပေါင်း ၂၀ ကို တည်ဆောက်နိုင်ခဲ့ပါက လူနေအိမ်ခြေပေါင်း ၄၀၀၀၀၀ ကျော်ထိကို လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် သဘာဝဓာတ်ငွေ့ကို လုံလောက်စွာထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## ဝေလနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ရေဘေးအန္တရာယ်သတိပေးချက် အဝါရောင်အဆင့်သတ်မှတ်

**ကာဒစ် ဒီဇင်ဘာ ၁၇**

ဝေလနိုင်ငံတွင် ဒီဇင်ဘာ ၁၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ဒီဇင်ဘာ ၁၆ ရက်မှစ၍ ရေဘေးအန္တရာယ်သတိပေးချက် အဝါရောင်အဆင့် သတ်မှတ်ကြောင်း Met Office က ထုတ်ပြန်ခဲ့သည်။

ရေဘေးအန္တရာယ်အဝါရောင်အဆင့်ကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီမှစ၍ သတ်မှတ်ကြောင်း၊ မိုးရေချိန်သည် မီလီမီတာ ၄၀ မှ ၆၀ ထိ မြင့်တက်ခဲ့ခြင်းကြောင့် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း Met Office သတင်းဌာနက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

"မိုးရွာသွန်းတဲ့အချိန်က ခဏလေးပါပဲ။ ဒါပေမဲ့ အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပါတယ်။ လမ်းမကြီးတချို့ ရေလွှမ်းနေပြီးတော့ လမ်းပန်းဆက်သွယ်ရေးတွေ ခက်ခဲနေပါတယ်။ အဝါရောင်အဆင့်သတ်မှတ်ထားပေမဲ့လဲ မိုးရေချိန်မြင့်တက်မှု အပေါ်မူတည်ပြီးတော့ အန္တရာယ်သတိပေးအဆင့်ကို ပြောင်းလဲသတ်မှတ်သွားမှာ ဖြစ်ပါတယ်"ဟု Met Office မှ မိုးလေဝသခန့်မှန်းတိုင်းတာရေးပညာရှင် တစ်ဦးက ပြောကြားခဲ့သည်။



ရေဘေးအန္တရာယ်အဝါရောင်အဆင့်သတ်မှတ်လိုက်သည့် ဒေသများမှာ ဘလန်နူဝမ့်မြို့၊ ဘရစ်ဂျန်မြို့၊ ကာဖီလီမြို့၊ ကာဒစ်မြို့၊ ကာမာသန်ရှိုင်းယားမြို့၊ ကာရီဒီဂျီအွန်မြို့၊ မာသိုင်တိုင်ဖီလ်မြို့၊ မွန်မောက်ရှိုင်းယားဒေသ၊ နိပေါ့တယ်ဘော့မြို့၊ နယူးပေါ့မြို့၊ ပမ်ဘရော့ရှိုင်းယားဒေသ၊ ပိုဝိုင်မြို့၊ ရွန်ဒါဆိုင်နွန်တက်ဖ်မြို့၊ ဆွမ်ဆီးမြို့၊ တော့ဖန်မြို့နှင့် ဗေးအော့ဂလာမော်ဂန်မြို့တို့ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံဦးရေ ၂၁၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရ

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံဦးရေ ၂၁၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရကြောင်း ယနေ့သတင်းများအရ သိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်ရှိ ဝှိုက်မြစ်သည် မြစ်ရေများလျှံကာ မြစ်တွင်တည်ဆောက်ထားသည့် ရေကာတာပြိုကျမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း၊ မြစ်အနီးတွင် တည်ရှိသည့် ပစိဖိတ်တောင်းတွင် နေထိုင်သူ ဒေသခံ ဦးရေ ၂၁၀၀ ခန့် ်ကိုရွှေ့ပြောင်းပေးနေရကြောင်း ပြည်နယ် အာဏာပိုင်များက ပြောကြားခဲ့သည်။

လက်ရှိတွင် ရေကြီးရေလျှံမှုကြောင့် လူတစ်ဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူ၏ရုပ်အလောင်းကို ရေနစ်မြုပ်နေသောကားတစ်စီးထဲမှတွေ့ရှိခြင်းဖြစ်ပြီး သေဆုံးသူမှာ အမျိုးသားတစ်ဦးဖြစ်သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့က အတည်ပြုခဲ့ကြောင်း သိရသည်။

ဝါရှင်တန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဘော့ဖာဂူဆန်၏အဆိုအရ အမှတ်(၂)လမ်းမကြီးသည် ပျက်စီးသွားသည့်အတွက် ပိတ်ထားမည်ဖြစ်ပြီး အပျက်အစီးများ ပြန်လည်ပြင်ဆင်ပြီး စိတ်ချရသည့်အခါမှသာ ပြန်ဖွင့်မည်ဖြစ်ကြောင်း၊ ပြည်နယ် သယ်ယူပို့ဆောင်ရေးဝန်ကြီး Julie Meredith က ပြောကြားခဲ့သည်။

ထို့ပြင် အမျိုးသား မိုးလေဝသဌာနက လာမည့်ရက်များအတွင်း ဝါရှင်တန် အနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှု၊ နှင်းကျဆင်းမှုနှင့် လေပြောင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်ကြောင်း ကြိုတင်သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## အင်ဒိုနီးရှားနိုင်ငံတွင် သစ်တောပြုန်းတီးမှုလျှော့ချရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**ဂျကာတာ ဒီဇင်ဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံတွင် သစ်တောရေးရာဝန်ကြီးဌာနက သစ်တောပြုန်းတီးမှု လျှော့ချရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ဒီဇင်ဘာ ၁၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

သစ်တောပြုန်းတီးမှုလျှော့ချရေးလုပ်ငန်းကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး သစ်ထုတ်လုပ်ရေးအတွက် အစိုးရက တရားဝင် ခွင့်ပြုပေးထားသော လုပ်ကွက်ပေါင်း ၂၂ ကွက်ကို ပါမစ် ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ပါမစ်များ ပြန်လည် ရုပ်သိမ်းသွားမည့် သစ်ထုတ်လုပ်ရေး လုပ်ကွက်များ၏ သစ်တောကြိုးဝိုင်းပမာဏမှာ ဟက်တာ ၁၀၀၀၀၀ ကျော်ထိရှိသည်ဟု အင်ဒိုနီးရှားနိုင်ငံ သစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

"သစ်ထုတ်လုပ်ရေးနဲ့ အခြားသစ်တော ကြိုးဝိုင်းအတွင်း သဘာဝအရင်းအမြစ်ထုတ်လုပ်တဲ့ လုပ်ကွက်ပေါင်း ၂၂ ကွက်ကို ပါမစ်ပြန်လည်ရုပ်သိမ်းဖို့ ဆုံးဖြတ်ခဲ့ခြင်းဟာ သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ဖို့ ဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းတွေမှာ သစ်အလွန်အကျွံ ထုတ်ယူတာတွေ၊ သစ်ခိုးထုတ်တာတွေကို တရားဥပဒေနဲ့အညီ ဆောင်ရွက်သွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်လာတဲ့ နေရာမှာ သစ်တောမြေ ဟက်တာ ၁ ဒသမ ၅ သန်းထိ ဆောင်ရွက်ပြီးနေပါပြီ။ အခုနောက်ထပ် သစ်တောကြိုးဝိုင်း ဧရိယာကို တိုးချဲ့ပြီးတော့ ဆောင်ရွက်ဖို့လဲရှိပါတယ်"ဟု အင်ဒိုနီးရှားနိုင်ငံ သစ်တောရေးရာဝန်ကြီး အန်တိုနီက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# လူမှုစီးပွားဘဝမြှင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့

မန္တလာကိုကိုဝင်း

သမဝါယမဟူသောအသုံးအနှုန်းကို လူသားတို့ ရင်းနှီးကျွမ်းဝင်နေသည်မှာ နှစ်ပေါင်း ၁၂၁ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ သမဝါယမအသုံးအနှုန်းကို မြန်မာအဘိဓာန်တွင် "အများစုပေါင်း၍ ကုန်ထုတ်၊ ကုန်ရောင်း စသည်လုပ်ကိုင်ကာ တရားသဖြင့်ရသည့်အကျိုးအမြတ်ကို မျှတစွာခံစားသည့်လုပ်ငန်း"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သမဝါယမဆိုသည်မှာ ပါဠိစကားဖြစ်၍သမ = မျှသော။ မျှတသော။ ဝါယမ = ကြိုးစားအားထုတ်ခြင်း။ လုံ့လပြုခြင်းဟူ၍အနက်အဓိပ္ပာယ်ရှိသည်။ ထို့ကြောင့် သမဝါယမစနစ်သည် ညီမျှခြင်း၊ မျှတခြင်း၊ အများဆန္ဒကိုလေးစားခြင်း၊ မိမိဆန္ဒအလျောက်ပါဝင် ဆောင်ရွက်ခြင်း၊ အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ စီးပွားရေး၊ လူမှုရေးဒုက္ခများမှ လွတ်မြောက်အောင် အလေးအနက်ခံယူကျင့်သုံးခြင်းဟူသည့် အခြေခံမူများနှင့်ဆောင်ရွက်သည့်စနစ်ဖြစ်သည်။

အမှန်တကယ်အားဖြင့် သမဝါယမစနစ်ကိုအမှန်တကယ်အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြမည်ဆိုပါက သာယာချမ်းမြေ့ဖွယ်ကောင်းသည့် လူနေမှုဘဝများကို ပိုင်ဆိုင်ကြမည်ဖြစ်သည်။ ညီညီလုပ် မျှမျှစား သမဝါယမအသင်းသား ဆိုသည့်အတိုင်း အားလုံးကတက်ညီ၊ လက်ညီ မခိုမကပ်လုပ်ဆောင်ရမည့်လုပ်ငန်းလည်းဖြစ်သည်။ အပြန်အလှန်လေးစားအားထားခြင်းဖြင့် အသင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာဆောင်ရွက်နိုင်ပါက အောင်မြင်မှုလမ်းကြောင်းတွင် တည်တံ့နေမည်ဖြစ်သည်။ သမဝါယမလုပ်ငန်းတွင် အဂတိမှုကင်းရှင်းစွာဖြင့် ပါဝင်သူ အသင်းသားတိုင်းက ကျရာတာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။

သမဝါယမသည် တစ်ဦးစီ၏အကျိုးကို အများက၊ အများအကျိုးကို တစ်ဦးစီးက ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်သည်။ လူသားတို့၏နေ့စဉ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို သမဝါယမက အမှန်တကယ် ဆောင်ရွက်ပေးနိုင်သည်။ သမဝါယမသည် မူဝါဒကောင်းလှသည့်အတွက် လူအများအနေဖြင့် ကောင်းကြရန်လိုပေသည်။ လူအများကောင်းမွန်ရေးဆိုသည်မှာ တစ်ဦးအပေါ်တစ်ဦးက အပြစ်မမြင်ခြင်းဖြစ်သည်။ အပြစ်လုပ်ခဲ့သူရှိကလည်း သတ္တိရှိစွာ ဝန်ခံရဲရမည်။ အမှားကိုသိလျှင် အမှန်ပြင်ဆင်၍ အကောင်းမွန်ဆုံးဖြစ်အောင် ကြိုးစားတည်ဆောက်ခြင်းဖြင့် မိမိတို့ပါဝင်လုပ်ကိုင်နေသောသမဝါယမလုပ်ငန်းအောင်မြင်ရေးကို ဦးတည်ကြရမည်ဖြစ်သည်။ စိတ်ကောင်း၊ စေတနာကောင်းနှင့် ညီညီညွတ်ညွတ်လုပ်ကိုင်ခြင်းသည် လုပ်ငန်းကို အောင်မြင်ပြီးမြောက်စေမည်ဖြစ်သည်။

ဤနေရာတွင် ယနေ့လူငယ်များဘက်စုံပညာသင်ကြားပေးလျက်ရှိရာတွင် လူငယ်များအားလုံး ဗလငါးတန်ပြည့်ဝစေရေး အခန်းကဏ္ဍလည်းပါဝင်သည်။ ဗလငါးတန်ဆိုသည်မှာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလဟူ၍ ကာယအား၊ ဉာဏအား၊ အကျင့်စာရိတ္တအား၊ စီးပွားရေးအားနှင့် မိတ်ဆွေအပေါင်းအသင်းအားတို့ဖြစ်သည်။ ဗလငါးတန်သည်လူငယ်များနှင့် သက်ဆိုင်သည်မဟုတ်ဘဲအရွယ်အားလုံးနှင့်သက်ဆိုင်သည်။ အထူးသဖြင့် သမဝါယမအသင်းများတွင်ပိုမို၍ လိုအပ်သည်ဟုဆိုနိုင်သည်။ ဆိုလိုသည်မှာ ကာယအားဖြင့် စွမ်းနိုင်သူကကာယအား၊ ဉာဏအားဖြင့် စွမ်းနိုင်သူကာဉာဏအား စသည်ဖြင့်အားလုံးက

> ❖ သမဝါယမသည် တစ်ဦးစီ၏အကျိုးကို အများက၊ အများအကျိုးကို တစ်ဦးစီးက ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်သည်။ လူသားတို့၏ နေ့စဉ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို သမဝါယမက အမှန်တကယ်ဆောင်ရွက်ပေးနိုင်သည်။ သမဝါယမသည် မူဝါဒကောင်းလှသည့်အတွက် လူအများအနေဖြင့် ကောင်းကြရန်လိုပေသည်။ လူအများကောင်းမွန်ရေးဆိုသည်မှာ တစ်ဦးအပေါ်တစ်ဦးက အပြစ်မမြင်ခြင်းဖြစ်သည်။ ❖

မိမိတို့တတ်စွမ်းသည့် အရည်အချင်းများဖြင့်ပါဝင်ကြရမည်ဖြစ်သည်။

ယခုအခါ မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက်သို့ရောက်ရှိလာပြီဖြစ်သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့သည် မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ ယခုနှစ်အတွက် သတ်မှတ်ထားသောဆောင်ပုဒ်မှာ "လူမှုစီးပွားဘဝမြှင့်တင်ဖို့ သမဝါယမကဏ္ဍမှပူးပေါင်းပါဝင်ဆောင်ရွက်စို့"ဟူ၍ဖြစ်သည်။ လူသားတို့၏နေ့စဉ်လူနေမှုဘဝတွင် စားဝတ်နေရေးသည် အရေးကြီးဆုံးဖြစ်သည်။ စားဝတ်နေရေးပြေလည်စေရန်အတွက် စီးပွားရေးရှာဖွေလုပ်ကိုင်နေကြရသည်။ စီးပွားရေးကောင်းလျှင်ကောင်းသလောက် လူမှုစီးပွားဘဝဖွံ့ဖြိုးမည်ဖြစ်သကဲ့သို့ စီးပွားရေးမကောင်းပါက လူမှုစီးပွားဘဝဖွံ့ဖြိုးမှု နည်းပါးမည်ဖြစ်သည်။ မိမိတို့၏ ကာယဉာဏစွမ်းအားပေါ်တွင် မူတည်သကဲ့သို့ အသိုက်အဝန်းကောင်းမွန်ရေးအပေါ်တွင် မူတည်သည်။

အသိုက်အဝန်းကောင်းဆိုသည်မှာ မိမိနှင့်စိတ်တူ၊ ကိုယ်တူ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းဖြစ်သည်။ ယနေ့အချိန်အခါမျိုးတွင် အသိုက်အဝန်းကောင်းဆိုသည်မှာ သမဝါယမအသင်းများကို ညွှန်းဆိုခြင်းဖြစ်သည်။ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဖွဲ့စည်းထားပြီး သက်ဆိုင်ရာနေရာများအလိုက် တာဝန်ထမ်းဆောင်မှုကိုလည်း အများသဘောကျ ရွေးချယ်ရခြင်းဖြစ်သည်။ ထင်သာမြင်သာရှိသော လုပ်ငန်းအဖွဲ့အစည်းဖြစ်သဖြင့် သမဝါယမအသင်းများကိုတည်ထောင်ခြင်းမှာ လူမှုစီးပွားဘဝမြင့်မားရေးတွင် များစွာအဓိကကျပြီး ကောင်းကျိုးရှိသည့် လုပ်ငန်းအဖွဲ့အစည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသနေပြည်သူများအများစုရှိနေသည့်အတွက် သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေသည်မှာလွန်စွာပင်မှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သည်။ သမဝါယမစနစ်ကိုအရှင်းလင်းဆုံးဖွင့်ဆိုပြရပါလျှင် ဒီမိုကရေစီစနစ်ကဲ့သို့ပင်ဖြစ်သည်။ နိုင်ငံတော်ကကျင့်သုံးလျက်ရှိသော စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်သည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားရေးကိုဦးတည်တည်ဆောက်သည့် စနစ်ဖြစ်သည်။ ထို့အတူ သမဝါယမစနစ်ကျင့်သုံးရာတွင်လည်း တရားမျှတမှု၊ လွတ်လပ်မှု၊ ညီမျှမှုရှိရှိဖြင့် မိမိတို့၏လူနေမှုဘဝငြိမ်းချမ်းသာယာဝပြောအောင် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

သမဝါယမလုပ်ငန်းများကို နိုင်ငံတော်က ဦးစားပေးတည်ဆောက်လျက်ရှိသည်။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုဖွဲ့စည်း၍ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့်အခြားသော စီးပွားရေးလုပ်ငန်းများကို သမဝါယမအသင်းများဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရန် နည်းပညာအရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အတူ စက်မှုလက်မှုလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကိုလည်း အတတ်နိုင်ဆုံးဖြည့်ဆည်းလျက်ရှိရာ သမဝါယမလုပ်ငန်းများအောင်မြင်ရေးအတွက် "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ဟူသော စကားပုံအတိုင်း သမဝါယအသင်းတွင် ဦးဆောင်သူများ၊ ပါဝင်သူများအားလုံးက တက်ညီ၊ လက်ညီဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ကလက်ရှိကျင့်သုံးနေသည့် စီးပွားရေးစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ သမဝါယမလုပ်ငန်းများမှ ထုတ်လုပ်သောကုန်ပစ္စည်းများမှာလည်း ဈေးကွက်စီးပွားရေးစနစ်တွင် ပါဝင်သည်။ သမဝါယမနှင့်ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆။ နိုင်ငံတော်သည်- (က) အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့်စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်၊ (ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်၊ (ဂ) အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများတိုးတက်ဖွံ့ဖြိုးရေးတို့ကိုရှေးရှုဆောင်ရွက်မည်၊ (ဃ) စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု၊ (င) တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ်သတ်မှတ်ခြင်းမပြု ဟူ၍ သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။

သမဝါယမလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် အလုပ်လုပ်သလောက်အကျိုးခံစားခွင့်ရှိနေသည်။ ဈေးကွက်တွင်ပါဝင်ယှဉ်ပြိုင်ကာ အရောင်းအဝယ်ပြုနိုင်သည်။ သမဝါယမအဖွဲ့အစည်းများ ပိုမိုများပြားကာလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့်လည်း နိုင်ငံတော်ကရည်မှန်းထားသည့် အလုပ်လက်မဲ့နည်းပါးစေရေးကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်သည်။ အတ္တဟူသောကိုယ်ကျိုးစီးပွားထက်၊ ပရဟူသောအများကောင်းကျိုးစီးပွားကို ဆောင်ရွက်ခြင်းမှာ ပိုမိုကောင်းမွန်သည်။ သမဝါယမသည် တရားဓမ္မအားဖြင့်လည်း နည်းလမ်းကျသော အသက်မွေးဝမ်းကျောင်းဖြစ်သည်။ တရားဥပဒေအရလည်း ဥပဒေဘောင်အတွင်း နေထိုင်လုပ်ကိုင်ခြင်းသည် ဘေးကင်းရန်ကွာ လွန်ချမ်းသာ မည်ဖြစ်သည်။

သမဝါယမသည် အမှန်တကယ်အားဖြင့် အများပြည်သူတို့၏အကျိုးစီးပွားကို သယ်ပိုးနိုင်သည်။ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းများပြုလုပ်ခဲ့သည်။ သမဝါယမအသင်းများမှာ ဈေးကွက်စီးပွားရေးစနစ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ သမဝါယမလုပ်ငန်းမှန်သမျှမှာ ပြည်သူတို့၏ လူမှုစီးပွားဘဝ၊ အသင်းသား၊ အသင်းသူများ၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း များစွာအထောက်အကူပြုမည်ဖြစ်သည်။

ဥပမာအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်သည်။ အဆိုပါ လယ်ယာစိုက်ပျိုးရေးကဏ္ဍ များကို သမဝါယမအသင်းအဖွဲ့အနေဖြင့် စုစည်းဆောင်ရွက်ပါက ပိုမိုအောင်မြင်သည်။ စိုက်ပျိုးရေးတွင် လိုအပ်သည့် "မျိုး၊ မြေ၊ ရေ၊ နည်း" ဟူသော လိုအပ်ချက်ကို စုပေါင်းညီညာစွာ ပါဝင်ဖြေရှင်းခြင်းဖြင့် နိုင်ငံတော်က သတ်မှတ်ထားသည့်ပန်တိုင်ရည်မှန်းချက်သို့ ရောက်ရှိမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်အောင်ထုတ်လုပ်နိုင်သည်နှင့်အမျှ နိုင်ငံ့စီးပွားရေးမြင့်မားမည်ဖြစ်သည်။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းပေးခြင်းဖြင့် လူမှုစီးပွားဘဝများ မြှင့်တင်ပြီးဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro- based In-dustries) ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဟူ၍ချမှတ်ပေးထားသည်။ လူမှုစီးပွားဘဝမြင့်မားနေခြင်းဖြင့် ပြည်သူတိုင်း စိတ်ချမ်းသာပျော်ရွှင်ကြမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ် မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် "လူမှုစီးပွားဘဝမြှင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့" ဆောင်ပုဒ်နှင့်အညီ သမဝါယမကဏ္ဍမှ အောင်မြင်စွာဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ၊**
- **ကိုယ်ပိုင်မှတ်စု**

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing accepts Credentials of Ambassador of the People's Democratic Republic of Algeria



Senior General Min Aung Hlaing receives newly accredited Ambassador of the People's Democratic Republic of Algeria H.E. Mr. Azeddine BECHKA.

**Nay Pyi Taw December 17**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing accepted the Credentials from the newly accredited Ambassador of the People's Democratic Republic of Algeria H.E. Mr. Azeddine BECHKA at the parlour of the Credentials Hall of the Office of the National Defence and Security Council here at 10 am today.

Afterward, they cordially discussed the existing firm and long-lasting diplomatic relations between the two countries, further promotion of friendship and cooperation, the relevant areas where trade, economic and tourism sectors can be mutually developed, Myanmar's political developments and the holding of a free and fair multiparty democracy general election that is drawing nearer.

Also present were SSPC Secretary General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Than Htwe. 100

# Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win visits officers, other ranks, members of MPF, local people's militias receiving treatments at local defence services hospital in Myitkyina



Vice-Senior General Soe Win comforts a patient at the local defence services hospital in Myitkyina.



Vice-Senior General Soe Win hears report on educational development.

**Nay Pyi Taw December 17**

Vice Chairman of the State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by senior military officers from the Office of the Commander-in-Chief, the commandeer of nortern command and responsible officials, visited officers, other ranks, members of MPF and local people's militias receiving treatments at local defence services hospital in Myitkyina in Kachin State and spoke words of sympathy to them this morning.

First, the Vice-Senior General and party arrived at the local defence services hospital were greeted by the commandant of the hospital and officers.

Then, the Vice-Senior General and party visited and asked about their injury conditions and suffering diseases, treatments and recovery to officers, other ranks, members of MPF and local people's militias receiving treatments cordially one by one while providing foodstuffs and cash rewards to them.

Then, the Vice-Senior General and party inspected the hospital compound and presented cash rewards for healthcare staff in the hospital.

Afterward, the Vice-Senior General and party inspected the ring road of Myitkyina by car and met with spouse-in-arm at barracks at local battalions and units and attended to the needs based on their reports by coordinating with responsible officers.

Then, the Vice-Senior General and party discussed education development in the state-level, district-level and township-level with township education officers and headmasters and gave necessary instructions on development of education at the guest house of Northern Command.

During the discussions, the state education officer U Soe Thaik reported to the Vice-Senior General on measures taken for higher pass rates than 47.76 percent, the highest pass rare was achieved in the entire country, for higher results in this year and development of the education sector and the Vice-Senior General gave instructions on enhancing the grade-12 pass rate of this year's than the previous year's, concerted efforts of parents and teachers to yearly class passing rate, in addition, the needs for teachers to train students to be competent in their classes and others and coordination among the chief minister and the state ministers. 100

# SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets officers, other ranks and families from Putao Station



Vice-Senior General Soe Win meets officers, other ranks and families from Putao Station.

**Nay Pyi Taw December 17**

Vice Chairman of the State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win met officers, other ranks and families from Putao Station at the station hall in Putao this afternoon and gave instructions.

The meeting was also attended by senior military officers from the Office of the Commander-in-Chief (Army), the commander of Northern Command, and officers, other ranks and families from Putao Station.

In meeting with them, the Vice-Senior General said that Tatmadaw members are people who recite the Four Oaths daily. Therefore, they need to understand and uphold these Four Oaths, and ensure that they remain honest and faithful toward the country, the citizens, and fellow soldiers. The main duty of Tatmadaw is to protect the nation, and it is responsibility to safeguard the country's air, land, and water, ensuring that no invasion occurs in any part of them.

In order to defend the nation effectively, Tatmadaw must maintain strong discipline and ensure comprehensive readiness in all three capabilities. Each individual Tatmadaw member must cultivate a fighting spirit that is determined and courageous, like a lion, and unwavering in loyalty, like a flag that never falls. They need to apply the military skills they have learned with careful strategy and determination. On the battlefield, it is essential to harmonize each soldier's combat abilities to enhance the overall combat effectiveness of the unit.

To carry out these duties effectively, soldiers must continuously train to master the military skills they have been taught and keep studying the ever-evolving military strategies. Since only a healthy and strong body can engage in combat, daily physical exercises must be performed without fail. The learned military skills and strategies must be applied according to the motto: "Study, Practise, Follow." Through repeated training, soldiers will gain proficiency and self-confidence, enabling them to face battle with courage and resilience and achieve success. During training, it is essential that not only individuals but also groups train together under the supervision of responsible leaders. Training must be constant, vigilance in military matters must be maintained at all times, and soldiers must always be ready for battle, in accordance with the principle of the "Three Steadies" (perseverance in training, vigilance, and combat readiness).

Regarding administrative matters, military units and formations must ensure that officers, soldiers, and their family members are provided with support in areas such as food, clothing, shelter, transportation, education, and healthcare. Responsible personnel must manage these provisions fairly and systematically, fulfilling all necessary needs and ensuring that everyone receives what is rightfully theirs in a proper and complete manner. This oversight creates comfort and stability, allowing tasks and duties to be performed efficiently and peacefully. Soldiers must follow the guidance and instructions on four appropriate ones of the Defence Services Commander-in-Chief at all times. To carry out their national defence responsibilities effectively, soldiers must maintain strong unity and cohesion both within the unit and in field operations.

The Tatmadaw will take the lead in conducting the upcoming free and fair multiparty democratic general election. Special attention must be given to ensure that electoral fraud, like that which occurred in the 2020 election, does not take place. To prevent manipulation, the Myanmar Electronic Voting Machines (MEVM) will be used, a digital voting system that has also been employed in elections internationally. Since peaceful and stable conditions in each region are essential for citizens to cast their votes calmly, security operations will require coordinated efforts among the Tatmadaw, the Myanmar Police Force, local people's militia troops, public security and counter-terrorism units, volunteers, local authorities, and the local population.

When casting their votes, citizens should choose representatives who can work hand in hand with the Tatmadaw with shared understanding and purpose; who will uphold and follow the three core responsibilities; who can contribute positively to their local area; who possess good morals and ethics; and who are healthy, strong, and capable of leading and organizing groups effectively.

Regarding education, according to the 2014 population and housing census, the country currently has a population of over 51 million. Among children of school age, nine out of 10 are attending school, representing 90 per cent. For ages 10 to 14, the attendance rate is 94.8 per cent, while for ages 15 to 19 at the basic education level, it is 45.3 per cent. At the university level, for ages 20 to 24, only 15 per cent are enrolled, and the proportion above age 25 is very low. Due to many weaknesses in grade-level progression, all members of the military area must work together to ensure that children of families can participate in educational advancement. Those responsible, along with parents, must provide necessary support so that students from military areas can achieve excellent results in the Grade-12 examinations to be held in March 2026.

The Vice-Senior General coordinated necessary measures with officials for the reports of officers, other ranks and families and presented foodstuff and cash awards for them through officials.

After the meeting, the Vice-Senior General and party cordially greeted the officers, other ranks and families who attended the meeting. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets Putao district and township level departmental personnel, ethnic literature and cultural committees and local elders



Vice-Senior General Soe Win meets Putao district and township level departmental personnel, ethnic literature and cultural committees and local elders.

**Nay Pyi Taw December 17**

Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by Kachin State Chief Minister U Khet Htain Nan, senior military officers from Office of Commander-in-Chief, deputy ministers and officials, arrived in Putao, Kacin State, and was welcomed by the Putao District Management and Administration Committee chair and officials, and the ethnic cultural troupes by performing traditional dance.

The Vice-Senior General then met with Putao district and township level departmental personnel, ethnic literature and cultural committees and local elders at Ponkanrazi Hall in Putao.

The Putao District Management and Administration Committee chair reported on points of the district, progress in implementing the guidance given by the Head of State, regional development undertakings and implementation of farming activities, disbursement of loans from national economic development fund and progress in implementation of the tasks, arrangements to ensure rice and edible oil sufficiency in the area, rehabilitation of damage caused by natural disaster, ongoing MSME activities in the district, preparations for the success of multiparty democracy general election, and education promotion activities.

In his presentation, Rawan literature and cultural committee chair U Khaung Landee expressed thanks for transporting food, medicines, fuel oil for farm machinery by military planes during the time transport difficulties occurred along the Myitkyina-Putao road during the time monsoon paddy was cultivated for 2024 for fulfilling the local food demand. He also reported on installation of solar-power street lamps among the PyindaungsuRoad, the main throughfare of Putao, need to open branches of Labour Department and Road Transport Administration Department, for ensuring convenience in issuing labourregistration card and driving license, and a local, U Myint Aung, on the sufficient supply of animal feed, the main requirements for farming activities.

The Vice-Senior General looked into the requirements. He said rather than extending paddy sown acreage in Putao District, attention should be paid to meeting the set target. As the yield reached only 49.08% of the target, urea natural fertilizers and other inputs must be provided, transplantation should meet the required criteria, and agricultural knowledge should be acquired through coordination with officials of the Ministry of Agriculture, Livestock and Irrigation. He urged MSMEs to produce sufficient amount of foodstuff and commodities for the local consumption, pointing out the need to clear the road blocks caused by landslides along the section between 6th mile and Khaunglanphu on Megwayza-Khaunglanphu road, to ensure drinking water sufficiency in Putao could fulfil only 47% of its portable water needs, to conserve the watershed areas without harming the natural environment.

The Vice-Senior General then delivered an address; he said the visit is to facilitate regional development undertakings in line with the guidance of the Head of State and to fulfil the requirements presented there through coordination. Throughout the success eras, local people of Putao area joined hands with Tatmadaw in carrying out development undertakings. The Head of State has placed great reliance on the area. Officials have already taken measures for the success of the coming general election.

Putao region is now enjoying rice sufficiency, thanks to the efforts of the Kachin State chief minister. As it has a very small degree of shortages in producing edible oil for local consumption, efforts should be made to cultivate oil crops that grow well in the area. The State is providing support to the most possible degree. Regional development calls for a robust economy, and a proper trade flow and an increase in products that meet the local needs. Financial assistance provided by the State from national economic development fund and loans for MSMEs must be managed and used beneficially. Businesses should share knowledge among them and workers should do their job with keen interest. In addition, talks should be held with the persons eager to do business, and their requirements must be fulfilled. Financial capital is the main requirement for a business to operate and manufacture goods. Rare plant species that had high medial potency, international level grapefruit, American lemon, Washington fruit grow well in Putao area. It is also the land that produces sharko parko, a spice that can be exported to neighbouring countries. Hence, the plant must be systematically produced for exportation through cooperation with experts. Requirements for regional development must be fulfilled through discussions with officials.

Furthermore, he stated that it is necessary to cooperate with relevant department officials on security matters and the step-by-step processes required to successfully hold the upcoming multi-party democracy general election. He noted that since the Tatmadaw is leading the organization of this election, plans are in place to ensure there's no electoral fraud like the 2020 election, as only after the election can parliament be convened and state duties be handed over to the newly formed government. He explained that the Myanmar Electronic Voting Machine (MEVM), a digital voting system that makes fraud impossible, will be used in the upcoming election, noting that 34 countries have used similar systems. He further observed that even in neighboring India, which has a population of 1.46 billion—far more diverse than our own ethnic groups—this system is being successfully utilized.


Vice-Senior General Soe Win greets attendees.


See Page 14

# Additional 10 buildings used for online fraud and gambling demolished in KK Park area; equipment used for online fraud and gambling burned and destroyed

A 3-story residential building illegally constructed in Zone (3) of the KK Park area.



Before demolition.



After demolition.

**Nay Pyi Taw December 17**


The Government of Myanmar, through a joint task force comprising security force members, administrative organizations, and local responsible authorities, is conducting clearance operations within illegal buildings in Shwe Kokko and KK Park areas, where online fraud and gambling activities are most heavily concentrated. These operations involve systematically demolishing and destroying confiscated assets used in online fraud and gambling processes, as well as the illegal structures themselves.

Amidst these ongoing operations to combat online fraud and gambling, it is learned that today, within Sector (3) of the Myawady-Maehtawthalay (KK Park) area, an additional 10 illegal buildings used for committing online fraud and gambling were demolished and destroyed. These included five 3-story buildings, two 2-story buildings, and three 1-story buildings. Consequently, out of a total of 635 illegal buildings within the KK Park area, 466 have now been systematically demolished.

Furthermore, to prevent illegal foreign nationals from residing and conducting online fraud and gambling activities in and around buildings in Myawady Township, Kayin State, a similar joint task force began search and clearance operations starting December 8. Today, they were able to inspect an additional 5 illegal buildings: one 4-story building, two 3-story buildings, one 2-story building, and one 1-story building.

In addition, it is reported that equipment used for committing online fraud and gambling in the KK Park and Shwe Kokko areas within Myawady Township was also systematically burned and destroyed today to prevent its reuse.

It is reported that the government, taking the fight against online fraud and gambling as a national duty, will continue its operations in collaboration with domestic forces as well as neighbouring governments to ensure these activities are completely eradicated from Myanmar. 100



Clearing a building that could potentially harbor illegal foreigners.



Burning and destroying equipment used for illegal online gambling operations within the Shwe Kokko area of Myawady Township.

*From Page 13*

He stated that because eligible voters live in a country treading the path of multi-party democracy, each individual has a duty to vote in the election. He noted that since young people are those who'll one day take over state responsibilities in accordance with the democratic system, they must involve themselves and vote in the upcoming free and fair multi-party democracy general election. He mentioned that because those who are 18 years old and hold a National Registration Card are eligible voters, relevant officials must cooperate from their respective sectors to ensure all eligible voters can cast their ballots. He concluded that in voting, it's necessary to choose and vote for candidates who can work hand-in-hand with the Tatmadaw with a shared mindset, who'll uphold and follow "Our Three Main National Causes," and who are capable of working for the good of their region, possess good character, remain healthy and strong, and can provide leadership to the organization.

Regarding the education sector, he stated that officials need to ensure students appearing for the March 2026 Grade-12 exams in PutaoDistrict excel and achieve high pass rates by taking Myitkyina's pass rates from last year as an example. He noted that teachers must ensure students from KG to Grade-12 truly master their lessons and become literate, as this is the only way they'll achieve success in life. He explained that only then will educated human resources, ranging from skilled doctors to engineers, emerge within the region to serve their local community's interests. He urged the government, parents, students, and community elders to collaborate as local youth are still weak in their studies and grade transitions, while also emphasizing that reading should be cultivated as a good habit and libraries should be better equipped. He concluded that through reading, they'll gain knowledge and develop the thinking skills necessary to distinguish between right and wrong and good and bad.

Also, he stated that the Head of State is prioritizing and providing the necessary support to ensure Putao region becomes more developed than before. He noted that all ethnic people in the region and loyal civil servants must work together for the development of the areas where they live and serve.

Afterwards, the Vice-Senior General presented honorary awards to the ethnic literature and culture committees, which were accepted by a responsible official.

After the meeting, it is reported that the Vice-Senior General and his delegation cordially greeted the attendees. 100

# Budalin Township harvests more than 1,000 acres of rainfed paddy this year

**Budalin December 17**

Statistics of Budalin Township Agriculture Department mentioned that local farmers reaped more than 1,000 acres of rainfed paddy in Budalin Township of Sagaing Region this year.

In Budalin Township, a total of 34,571 acres of rainfed paddy were cultivated during this year's monsoon cropping season. Harvesting began in November, and as of today, 1,153 acres have been harvested, with an average yield of 77.91 baskets per acre.

"For this year's monsoon season, 34,571 acres of rainfed paddy were cultivated in Budalin Township. These fields are now being harvested, and as of today, more than 1,000 acres have been completed. During the cultivation period, we provided the necessary technical support and quality seed varieties to ensure that farmers could grow their crops on time," said U Phyo Wai, Head of the Budalin Township Department of Agriculture.

The Township Department of Agriculture and local farmers collaborated closely this season to ensure smooth and systematic cultivation of rainfed paddy without major difficulties.


Farmers in Budalin Township received agricultural guidance on proper cultivation techniques, pest prevention, reducing crop losses, and ensuring timely post-harvest handling, including transferring harvested paddy to sheltered storage.

To ensure good yields from this year's rainfed paddy fields, township agriculture staff have been providing field-level support, including selecting quality seed varieties, preventing pest damage, removing weeds and off-types, and promoting systematic use of fertilizers. 206

# Individuals engaged in online fraud and gambling operations apprehended along with related equipment near Pansin Village, Hsipaw Township, Shan State (North)

**Nay Pyi Taw December 17**

The government, regarding the crackdown on online fraud and gambling activities which pose threats internationally and globally, has taken it up as a national duty and is prioritizing and actively carrying out suppression efforts. To prevent these activities from taking root within Myanmar, it is vigorously conducting operations to combat these crimes in coordination with domestic security forces as well as neighbouring governments.


The seizure of items from individuals committing online fraud and gambling activities near Pansin Village, Hsipaw Township, Northern Shan State, along with their associated equipment, weapons, and ammunition.

As part of these ongoing operations, based on tips from public-spirited citizens who desire stability and peace regarding activities suspected to be online fraud and gambling operations near Pansin Village in Hsipaw Township, Northern Shan State, security force members went to the vicinity today to conduct necessary inspections.

When security force members arrived at the area around 9:30 AM and began inspections, two armed individuals from within a group of tarpaulin tents opened fire on them. Security forces returned fire. After the exchange of fire ceased, security forces entered and cleared the area, apprehending three SSPP/SSA members along with 1 AK-47, 1 M-22, 1 MK-12, and 1 Point-22 rifle. Subsequently, upon further inspection of the site, five male Chinese nationals and one female Myanmar national, who were engaged in online fraud and gambling operations, were apprehended. Additionally, 17 large tarpaulin tents and small guard posts they used for living and operations were seized, along with the following equipment: 6 All-in-One computers, 70 laptops, 160 various mobile phones, 10 iPads, 10 routers, 37 modem sticks, 3 generators, 19 Starlink dishes, two 4x4 wheel vehicles, one three-wheeled vehicle, and other related items.

Preliminary investigations from the incident reveal that there were approximately 200 people engaged in online fraud and gambling at the site, who fled in various directions during the exchange of fire.

The State is committed to widely continuing the suppression of online fraud and gambling activities within Myanmar to eliminate them. It is actively collaborating with neighbouring countries, regional nations, and international organizations to identify and apprehend those involved and those pulling the strings behind these operations, ensuring effective and severe legal action.

It is reported that the seized equipment used in the online fraud and gambling operations and the weapons will be handled further according to procedures. Investigations into the involved individuals will continue for legal prosecution in accordance with the law. Regarding the foreign nationals, actions will be taken based on humanitarian considerations and friendly relations between nations to arrange for their handover to the respective countries. 100


The discovery and seizure of associated equipment used in committing online fraud and gambling activities near Pansin Village, Hsipaw Township, Northern Shan State.


The discovery and seizure of associated equipment used in committing online fraud and gambling activities near Pansin Village, Hsipaw Township, Northern Shan State.


The discovery and seizure of associated equipment used in committing online fraud and gambling activities near Pansin Village, Hsipaw Township, Northern Shan State.

# Pwintbyu Township exceeds target cultivation of niger this cold season

**Pwintbyu December 17**

According to the Pwintbyu Township Agriculture Department, local farmers grew niger on the croplands exceeding the target cultivation in Pwintbyu Township of Magway Region this year.

In Pwintbyu Township, authorities initially planned to cultivate 121 acres of niger during this year’s winter cropping season. Planting began in November, and as of today, farmers have completed cultivation on 321 acres, exceeding the target.

“In this year’s winter season, we planned to grow 121 acres of niger in Pwintbyu Township to help increase local edible oil supply and improve farmers’ income. At present, 321 acres have been fully cultivated, surpassing the planned area. To ensure that farmers can grow the crop smoothly without difficulties, our department has been providing field-level technical support, including proper cultivation methods, access to quality and locally suitable seed varieties, pest and disease control methods, and guidance on systematic use of inputs,” said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

During this year’s winter season, the Township Department of Agriculture supported oilseed niger growers by facilitating expansion of cultivated acreage, improving yields, providing quality seeds, ensuring correct cultivation practices, guiding proper irrigation and input use, and promoting pest- and disease-free production. The department also conducted technical training sessions, discussions, and field demonstrations to help farmers improve crop quality.

If niger can be cultivated with good yield and quality, it will not only meet local edible oil needs but also generate income through surplus sales, contributing to socioeconomic development. Therefore, efforts should continue to expand niger cultivation, Daw Moe Moe Wai added.

Ye Win Naing (NyaungU)

# 19 Thai soldiers killed in Thailand-Cambodia clashes

**Bangkok December 17**

The latest round of Thailand-Cambodia conflict has left at least 19 Thai soldiers and 19 Thai civilians dead, with over 270,000 people displaced, Thailand's defense ministry announced on Wednesday.

The ministry's spokesperson Surasant Kongsiri said that from Tuesday night to early Wednesday morning, Cambodia continued to use heavy weapons to launch attacks against Thailand in border areas, and Thailand had to fight back.

The Thai military announced on Tuesday that the curfew imposed in certain areas would be lifted with immediate effect.

Xinhua

# U.S. should expect strikes on regional bases should it attack Iran: Iranian FM

**Tehran December 17**

Iran's Foreign Minister Seyed Abbas Araghchi has said if the United States launches attacks on Iran again, U.S. military bases in the Middle East will be targeted.

Araghchi made the remarks in an interview with Qatar's Al Jazeera on Tuesday, while commenting on Iran's retaliatory missile attack in June on a U.S. air base in Qatar after the U.S. bombed Iranian nuclear sites.

"We did not attack Qatar, but the U.S. base in Qatar. If a war erupts between us and the United States, and the Americans attack our nuclear facilities, they must definitely expect that we attack their military bases. It makes no difference where those bases are located," Araghchi said.

"We live in utter friendship with our neighbors and have no problem with Qatar and other regional countries. However, the U.S. bases are located on certain countries' territory," he added.

Araghchi reiterated that a peaceful solution to Iran's nuclear issue is completely attainable, provided that both sides respect one another's rights and are ready to achieve an agreement based on mutual interests.

On June 22, U.S. forces bombed three Iranian nuclear facilities, joining Israeli strikes on Iran which triggered a 12-day conflict. It came as Iran and the United States had held five rounds of indirect talks on Tehran's nuclear program and the removal of U.S. sanctions.

Xinhua

☆ **ကျောဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့တပ်မတော်သားများသည် သစ္စာလေးချက်ကို နေ့စဉ်ရွတ်ဆိုနေကြသူများဖြစ်သည့်အတွက် သစ္စာလေးချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန်လိုကြောင်း၊ မိမိနိုင်ငံအပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိသွားကြရန် လိုကြောင်း၊ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကို ကာကွယ်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လေထု၊ မြေထု၊ ရေထုများကို တစ်လက်မမျှကျူးကျော်မှုမရှိစေရေးကာကွယ်ပေးရန်မှာ မိမိတို့တာဝန်ဖြစ်ကြောင်း။

ထိုသို့ကာကွယ်နိုင်ရန်အတွက် တပ်မတော်အနေဖြင့် အင်အားတောင့်တင်းပြီး စွမ်းရည်သုံးရပ်ပြည့်စုံနေရန်လိုကြောင်း၊ တစ်ဦးချင်း၏ တိုက်ပွဲဝင်စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လှေခွက်ချည်းကျန်အလံမလှဲသည့်စိတ်ဓာတ်တို့ဖြင့် သင်ယူထားသောစစ်ပညာများကို ကြံ့ရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန်လိုအပ်ပြီး စစ်မြေပြင်တွင် တစ်ဦးချင်း၏တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏တိုက်ပွဲစွမ်းရည်ကိုမြှင့်တင်နိုင်ရန် လိုအပ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားထားသည့် စစ်ပညာများကို ကျွမ်းကျင်အောင် လေ့ကျင့်နေရန်နှင့် ပြောင်းလဲတိုးတက်နေသည့် စစ်နည်းဗျူဟာများကိုလည်း အမြဲမပြတ်လေ့လာနေရန်လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှ တိုက်ပွဲဝင်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားထားရှိသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကိုလည်း **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့်ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ အကြိမ်ကြိမ်အဖန်ဖန်လေ့ကျင့်မှသာ ကျွမ်းကျင်မှုရှိ၍ မိမိကိုယ်ကို ယုံကြည်မှုရှိလာမည်ဖြစ်ပြီး တိုက်ပွဲဝင်သည့်အခါ ရဲစွမ်းသတ္တိများဖြင့် ရဲသုံးရဲဖြင့် အောင်ပွဲခံနိုင်မည်ဖြစ်ကြောင်း၊ လေ့ကျင့်ရာတွင်လည်း တစ်ဦးချင်းသာမက အဖွဲ့လိုက်ပါလေ့ကျင့်နိုင်ရေးတာဝန်ရှိသူများက စီမံဆောင်ရွက်ရန်လိုအပ်ပြီး အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည် ဆိုသည့် "မြဲ သုံးမြဲ"နှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ တပ်ရင်း၊တပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ စားဝတ်နေရေး၊ သွားလာရေးနှင့် ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများကို တာဝန်ရှိသူများအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်၊ ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်နှင့် ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အထက်နှင့်အောက် အပြန်အလှန် လေးစားယုံကြည်မှုရှိပြီး စိတ်အေးချမ်းသာစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ဦးစီးချုပ်၏ အမြဲတမ်းလမ်းညွှန်မှာကြားချက်ဖြစ်သည့် သင့်လေးသင့်ကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင်စည်းလုံးညီညွတ်ရေးပြည့်ဝခိုင်မာနေရန်အထူးလိုအပ်ကြောင်း။

မကြာမီ ကျင်းပပြုလုပ်မည့်လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တပ်မတော်က ဦးစီးကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့်ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေး အထူးဂရုပြုဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် မဲမသမာမှုများပြုလုပ်၍မရနိုင်သည့် ဒစ်ဂျစ်တယ်ဖြင့် မဲပေးသည့်စနစ် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်ကို နိုင်ငံတကာတွင်လည်း ရွေးကောက်ပွဲများတွင် အသုံးပြုနေသည်ကိုလေ့လာတွေ့ရှိရကြောင်း၊**ပြည်သူများစိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးနိုင်ရန် နယ်မြေတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသည့်အတွက် လုံခြုံရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနေပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်း၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများတို့က အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။**

မဲပေးရာတွင်လည်း မဲပေးမည့်ကိုယ်စားလှယ်သည် တပ်မတော်နှင့် စိတ်တူကိုယ်တူလက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာမည့်သူ၊ မိမိဒေသ ကောင်းကျိုးဆောင်ရွက်နိုင်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ကျန်းမာကြံ့ခိုင်ပြီး အဖွဲ့အစည်းကိုဦးဆောင်ဦးရွက်ပြုလုပ်နိုင်သူများကိုရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန် လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၅၁ သန်းကျော်ရှိပြီး လူဦးရေ ၅၁ သန်းတွင် ကျောင်းနေအရွယ်များကို ကြည့်မည်ဆိုပါက ကလေးငယ် ၁၀ ဦးလျှင် ကိုးဦးသည် ကျောင်းတက်လျက်ရှိကာ ၉၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကျောင်းနေအရွယ် အသက် ၁၀ နှစ်မှ ၁၄ နှစ်တွင် ၉၄ ဒသမ ၈ ရာခိုင်နှုန်းတွေ့ရှိရကြောင်း၊ ကျောင်းနေအရွယ် အသက် ၁၅ နှစ်မှ ၁၉ နှစ် အခြေခံပညာအဆင့်တွင် ၄၅ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အသက် ၂၀ နှစ်မှ ၂၄ နှစ် တက္ကသိုလ်အဆင့်တွင် ၁၅ ရာခိုင်နှုန်းသာရှိသည်ကိုတွေ့ရှိရပြီး အသက် ၂၅ နှစ်အထက်တွင် မရှိသလောက်နည်းပါးကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် များစွာအားနည်းမှုရှိနေသည့်အတွက် မိမိတို့တပ်နယ်အတွင်း မိသားစုဝင်များ၏ သားသမီးများတန်းစဉ်ကူးပြောင်းမှုတွင် အားလုံးပါဝင်နိုင်ရေးဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပတော့မည့် Grade-12 စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် တပ်နယ်မှ ကျောင်းသား၊ ကျောင်းသူများ ထူးချွန်စွာအောင်မြင်စေရေး တာဝန်ရှိသူများနှင့်မိဘများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

## စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောစာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံ တည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ဓာတ်ပုံ၊လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့်စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့်စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့်ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁-၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

**(သတင်းစဉ်)**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တစ်ဦးချင်းလိုက်လံကြည့်ရှုအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိမ်ထောင်သည်လိုင်းခန်းတွင် ရဲမေများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ ပြည်နယ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၇

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင်တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တစ်ဦးချင်းလိုက်လံကြည့်ရှု၍ ဒဏ်ရာရရှိမှု၊ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့်ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှုအခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှောင်လမ်းအတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များကို လိုက်လံကြည့်ရှုစစ်ဆေးကာ အိမ်ထောင်သည်လိုင်းခန်းတွင် ရဲမေများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရိပ်သာဧည့်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှပညာရေးမှူးများ၊ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ ပြည်နယ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံစဉ် ကချင်ပြည်နယ်ပညာရေးမှူး ဦးစိုးသိုက်က ပြည်နယ်အတွင်း ယခုနှစ် Grade-12 ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဆွေးနွေးပြောကြားရာတွင် ယခုနှစ်ဖြေဆိုကြမည့် Grade-12 စာမေးပွဲနှင့်ပတ်သက်၍ ကချင်ပြည်နယ်၏ ယမန်နှစ် Grade-12 စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ၄၇ ဒသမ ၇၆ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံးတွင် အောင်ချက်ရာခိုင်နှုန်း အဆင့်(၁)ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ယမန်နှစ်ရရှိခဲ့သည့်အဆင့်ထက် မလျော့ကျသွားအောင် ယခုနှစ်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ထူးချွန်အောင်မြင်စေရန်နှင့် အောင်ချက်ရာခိုင်နှုန်းဆက်လက်မြင့်မားစေရေး၊ တန်းစဉ်ကူးပြောင်းမှုနှင့်ပတ်သက်၍ အတန်းအလိုက်နှစ်စဉ်အပြည့်အဝတန်းစဉ်ကူးပြောင်းနိုင်ရေး တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်မိဘများက အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ထို့ပြင် ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ကျောင်းသူများကို စာပေပညာသင်ကြားပေးရာတွင် တန်းစဉ်အလိုက်စာကြေအောင်၊ စာတတ်အောင် လေ့ကျင့်သင်ကြားပေးကြရန် လိုကြောင်းမှာကြားပြီး လိုအပ်သည်များကို ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Azeddine BECHKA အား လက်ခံတွေ့ဆုံစဉ်။

ရှေ့ဖုံးမှအဆက်

အဆိုပါသံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၊ မဲရုံနေရာများကို လိုက်လံကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကို ယနေ့တွင် အဆိုပါမြို့နယ် နယ်မြေခံတပ်ရင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေး၊ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအားလုံးပါဝင်၍ အေးချမ်းလုံခြုံလွတ်လပ်စွာမဲပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူအသီးသီးက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လျာထားမဲရုံနေရာများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက လွှတ်တော်များအလိုက် မဲပုံးများထားရှိမည့်နေရာ၊ မဲရုံမှူးများထားရှိမည့်နေရာ၊ မဲစာရင်းစစ်ဆေးသူနေရာ၊ MEVM စက်ကိုင်တွယ်သူနေရာ၊အီလက်ထရောနစ်မဲပေးစက် MEVM များ ထားရှိမည့်နေရာတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လျာထားမဲရုံနေရာများကို လိုက်လံကြည့်ရှုစဉ်။

**❍ RBE ရထားမှ**

လေ့လာကြည့်ရှုနိုင်ရန်၊လမ်းခရီးရှိ ရေမြေတောတောင်သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန်၊ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ဒေသန္တရဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ဇီးပင်ကြီး-ပြင်ဦးလွင်-ဇီးပင်ကြီးခရီးစဉ်ကို ဘက်ထရီလျှပ်စစ်စက်ခေါင်း(BEL)အသုံးပြုပြီး အမှတ်(၁၃၁)အဆန် ဇီးပင်ကြီး-ပြင်ဦးလွင်၊ အမှတ်(၁၃၂)အစုန် ပြင်ဦးလွင်-ဇီးပင်ကြီး ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ဂုတ်ထိပ်(၁) ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂) ဂုတ်ထိပ်-ပြင်ဦးလွင်ရထားခရီးစဉ်များကို ဒီဇင်ဘာ ၁၉ ရက်မှ စတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် ပြေးဆွဲပေးမည်ဖြစ်သည်။

ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် အမှတ်(၁၃၁) အဆန်ရထားသည် ဇီးပင်ကြီးဘူတာမှ နံနက်၆ နာရီတွင်စတင်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကာ ဂုတ်ထိပ်(၁)RBEရထားသည်ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက်၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ်(၂) RBEရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ပြင်ဦးလွင်ဘူတာသို့ ညနေ ၄နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ပြင်ဦးလွင်မှ ဇီးပင်ကြီးသို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် ပြင်ဦးလွင်ဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာမည့် အမှတ်(၁၃၂) အစုန် BEL ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ဇီးပင်ကြီးသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ဇီးပင်ကြီး-ပြင်ဦးလွင်၊ပြင်ဦးလွင်-ဇီးပင်ကြီး BEL ရထားခရီးစဉ်တွင် အထက်တန်းလူစီးတွဲတစ်တွဲ၊ ရိုးရိုးတန်းလူစီးတွဲနှစ်တွဲနှင့် ဘရိတ်တွဲတစ်တွဲပါရှိပြီး လက်မှတ်ခနှုန်းထားမှာ ဇီးပင်ကြီးမှ ပြင်ဦးလွင်ထိ ရိုးရိုးတန်းငွေကျပ် ၅၀၀၀ နှင့် အထက်တန်းငွေကျပ် ၁၀၀၀၀ ဖြစ်သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ဦးရေ ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ပြင်ဦးလွင်မှ ဂုတ်ထိပ်ထိ ငွေကျပ် ၁၅၀၀၀ ဖြစ်ပြီး လမ်းခရီးတွင် ပွဲကောက်၊ဝက်ဝံ၊ဆမ်ဆယ်၊နောင်ချိုဘူတာများနှင့် ပြင်ဦးလွင်-ဇီးပင်ကြီး ခရီးစဉ်၌ အနီးစခန်းနှင့် သုံးတောင်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အဆိုပါပြင်ဦးလွင်-ဂုတ်ထိပ် အသွား၊ အပြန်ခရီးစဉ်အတွက် ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ RBE ရထား(တစ်စီးလုံး) ငှားရမ်းလိုပါက ၂၄ ဦး လိုက်ပါစီးနင်းနိုင်ပြီး အသွား၊အပြန်ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ခုနစ်သိန်းနှစ်သောင်း ကျသင့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပူတာအိုမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များနှင့် မြို့မိမြို့ဖများကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပူတာအိုမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များနှင့် မြို့မိမြို့ဖများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိကြရာ လေဆိပ်တွင် ပူတာအိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပူတာအိုခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များနှင့် မြို့မိမြို့ဖများကို ပူတာအိုမြို့ရှိ ဖုန်ကန်ရာဇီခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ ပူတာအိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ခရိုင်အတွင်းရှိ ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ချေးငွေများထုတ်ချေးထားရှိမှု၊ဒေသအတွင်း ဆန်စပါးနှင့်ဆီဖူလုံမှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိမှု၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ခရိုင်အတွင်း MSME လုပ်ငန်းများဆောင်ရွက်နေမှု၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးခေါင်လန်ဒီးက ဒေသဝမ်းစာအတွက် ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီချိန်တွင် မြစ်ကြီးနား-ပူတာအို လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် စားရေရိက္ခာများ၊ ဆေးဝါးများ၊ လယ်ယာသုံးစက်များအသုံးပြုရန်အတွက် စက်သုံးဆီများကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးမှုအတွက် ကျေးဇူးတင်ရှိမှု၊ ပူတာအို၏ အဓိကလမ်းမကြီးဖြစ်သည့် မြို့တွင်းပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဆိုလာစနစ်သုံးလမ်းမီးတပ်ဆင်ပေးနိုင်ရန်နှင့် ဒေသအတွင်း အလုပ်သမားမှတ်ပုံတင်ကတ်နှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ရာတွင် အဆင်ပြေစေရန်အတွက် ပူတာအိုမြို့၌ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနများ လာရောက်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ဒေသခံပြည်သူ ဦးမြင့်အောင်က မွေးမြူရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တိရစ္ဆာန်အစာများ လုံလောက်စွာဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးစေလိုမှုတို့ကို တင်ပြကြသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြမှုများအပေါ် ပူတာအိုခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ စပါးစိုက်ကေများ တိုးချဲ့စိုက်ပျိုးခြင်းထက် ရှိပြီးစိုက်ကေများကို ပန်းတိုင်အထွက်နှုန်း ပြည့်မီရန်လိုကြောင်း၊ ၄၉ ဒသမ ၀၈ ရာခိုင်နှုန်းသာထွက်ရှိ၍ သတ်မှတ်ပန်းတိုင် အထွက်နှုန်းပြည့်မီရေး လိုအပ်သည့် ယူရီးယား သဘာဝဓာတ်မြေဩဇာနှင့် သွင်းအားစုများ ဖြည့်တင်းခြင်းနှင့် သတ်မှတ်ကောက်ကွက် ပြည့်မီအောင် စိုက်ပျိုးရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ပေါင်းစပ်၍ တောင်သူများ စိုက်ပျိုးရေးအသိပညာများရရှိရေး ဆောင်ရွက်သွားရန်၊ MSME ကဏ္ဍနှင့်ပတ်သက်၍ ခရိုင်အတွင်း စားကုန်၊ သောက်ကုန်၊ သုံးကုန်များ ဒေသအတွင်း ဖူလုံစွာထုတ်လုပ်သွားရန်၊ မဝ္ဂေဇ- ခေါင်လန်ဖူးလမ်းပေါ်ရှိ ဆန်းလွတ်ချက်ရောက်ပြီး ခြောက်မိုင်အပိုင်းမှ ခေါင်လန်ဖူးထိ အချို့နေရာများတွင် မြေပြိုလမ်းပိတ်ဆို့မှုများကို ပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် ရှိသည့် စက်အင်အား၊ လူအင်အားတို့ တိုးမြှင့်၍ အမြန်ဆုံးရှင်းလင်းဆောင်ရွက်သွားရန်၊ ပူတာအိုမြို့ သောက်သုံးရေဖူလုံစွာရရှိမှုမှာ ၄၇ ရာခိုင်နှုန်းသာရှိသဖြင့် သောက်သုံးရေဖူလုံစွာရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်သွားရန်နှင့် ရေဝေရေလွှဲနေရာများ၌ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းသွားရန် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပူတာအိုဒေသမှ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ခေတ်အဆက်ဆက်၌ပင် တပ်မတော်နှင့်လက်တွဲကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း များစွာအားထားသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ပူတာအိုမြို့ရှိ သက်ဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားသည်ကို တွေ့ရှိရကြောင်း။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

ပူတာအိုဒေသသည် ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ ကြိုးပမ်းမှုဖြင့် ယခုစပါးဖူလုံမှုရှိလာပြီဖြစ်ကြောင်း၊ စားသုံးဆီဖူလုံမှု အနည်းငယ်လိုအပ်ချက်ရှိသဖြင့် ဆက်လက်ကြိုးပမ်း၍ ဒေသအတွင်းဖြစ်ထွန်းနိုင်မည့် ဆီထွက်သီးနှံများကို စိုက်ပျိုးကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

ဒေသဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးကောင်းနေရန်လိုကြောင်း၊ သို့မှသာ ဒေသအတွင်း ကုန်စည်စီးဆင်းမှုရှိစေရေး ဒေသနှင့်ကိုက်ညီသည့် ထွက်ကုန်ပစ္စည်းတိုးမြှင့်ထုတ်လုပ်သွားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ MSME ချေးငွေများဖြင့် ထုတ်ချေးပေးထားပြီးဖြစ်၍ စနစ်တကျအကျိုးရှိစွာ စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ အချင်းချင်း အသိပညာဖလှယ်ခြင်း၊ သက်ဆိုင်ရာဝန်ထမ်းများကလည်း စိတ်ပါဝင်စားစွာဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများကို တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဓိကလိုအပ်သည်မှာ ငွေကြေးအရင်းအနှီးဖြစ်ကြောင်း၊ အရင်းအနှီးရရှိမှသာ ဆောင်ရွက်လိုသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ **ပူတာအိုဒေသတွင် ရှားပါးဆေးဖက်ဝင်ပစ္စည်းများ နိုင်ငံတကာအဆင့်မီ ဂရိတ်ဖုသီး၊ အမေရိကန် သံပရာသီး၊ ဝါရှင်တန်သီးများဖြစ်ထွန်းသည့်အပြင် အိမ်နီးချင်းနိုင်ငံသို့ တင်ပို့နိုင်သည့် ဟင်းခတ်အမွှေးအကြိုင် ရှာကော၊ ပါကော ထွက်ရှိရာဒေသဖြစ်၍ နားလည်တတ်ကျွမ်းသည့်ပညာရှင်များဖြင့် ပူးပေါင်းပြီး စနစ်တကျ ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်အချက်များကို တာဝန်ရှိသူများဖြင့် တိုင်ပင်ဆွေးနွေးတင်ပြရမည်ဖြစ်ကြောင်း။

ဆက်လက်၍ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုရွေးကောက်ပွဲသည် တပ်မတော်က ဦးဆောင်ကျင်းပပြုလုပ်ခြင်းဖြစ်သဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေးဆောင်ရွက်ရန် စီမံထားပါကြောင်း၊ **ရွေးကောက်ပွဲကျင်းပပြုလုပ်မှသာ လွှတ်တော်ကိုခေါ်ယူ၍ အသစ်ဖွဲ့စည်းမည့်အစိုးရအား နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းပေးအပ်သွားနိုင်မည်**ဖြစ်ကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်၍မရနိုင်သည့် ဒစ်ဂျစ်တယ်စနစ်ဖြင့် မဲပေးသည့်စနစ် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်ကို နိုင်ငံပေါင်း ၃၄ နိုင်ငံက အသုံးပြု၍ ရွေးကောက်ပွဲများ ကျင်းပခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၄၆ ဘီလီယံရှိပြီး မိမိနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများထက်ပင် ပို၍များပြားကြောင်း၊ ထိုသို့လူဦးရေများပြားသည့် အိန္ဒိယတွင်ပင် အသုံးပြုလျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း။

**မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် ပါတီစုံဒီမိုကရေစီလျှောက်လှမ်းသည့် နိုင်ငံတွင်နေထိုင်သူများဖြစ်၍ ရွေးကောက်ပွဲတွင် မဲပေးရန် တစ်ဦးချင်းစီ၌ တာဝန်ရှိကြောင်း၊ လူငယ်များအနေဖြင့်လည်း နိုင်ငံတော်တာဝန်များကို တစ်ချိန်တွင် ဒီမိုကရေစီစနစ်နှင့်အညီ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် ယခုကျင်းပမည့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဖြစ်မနေပါဝင်၍ မဲပေးကြရမည်**ဖြစ်ကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် ရှိသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက မဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲပေးရာတွင်လည်း မဲပေးမည့်ကိုယ်စားလှယ်သည် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာမည့်သူ၊ မိမိဒေသကောင်းကျိုး ဆောင်ရွက်နိုင်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ ကျန်းမာကြံ့ခိုင်ပြီး အဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုလုပ်နိုင်သူများကိုရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လိုကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ မြစ်ကြီးနားမြို့၏ ယမန်နှစ် Grade-12 အောင်ချက်ရာခိုင်နှုန်းကို အတုယူ၍ ပူတာအိုခရိုင်အတွင်း ၂၀၂၆ ခုနှစ် မတ်လတွင်ကျင်းပမည့် Grade-12 စာမေးပွဲတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲထူးချွန်စွာအောင်မြင်ရန်နှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆရာ၊ဆရာမများအနေဖြင့် KG တန်းမှစ၍ Grade-12 ထိ ကျောင်းသားလူငယ်များ စာကျေအောင်၊ စာတတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ စာကျေစာတတ်မှသာ ၎င်းတို့၏ဘဝတွင် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ မိမိဒေသအတွင်း ထူးချွန်သည့် ဆရာဝန်၊ အင်ဂျင်နီယာများ ကအစ ပညာတတ်လူသားအရင်းအမြစ်များစွာ ပေါ်ထွက်လာမည်ဖြစ်ပြီး မိမိဒေသအကျိုးအတွက် ပြန်လည်တာဝန်ထမ်းနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း လူငယ်များ ကျောင်းစာသင်ကြားမှုနှင့် တန်းစဉ်ကူးပြောင်းရေးတွင် အားနည်းနေသေးသည့်အတွက် အစိုးရ၊ မိဘ၊ ကျောင်းသားကျောင်းသူ၊ မြို့မိမြို့ဖများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်နှင့် စာပေဖတ်ရှုလေ့လာခြင်းများကိုလည်း အလေ့အထကောင်းတစ်ခုအဖြစ် ဖတ်မှတ်လေ့လာကြရန်ရှိပြီး စာကြည့်တိုက်များ ပိုမိုပြည့်စုံရန်လိုကြောင်း၊ ထိုသို့ စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာဗဟုသုတများရရှိလာပြီး အမှားနှင့် အမှန်၊ အကောင်းနှင့် အဆိုးကို ခွဲခြားသိမြင်ပြီး တွေးခေါ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲအနေဖြင့်လည်း ပူတာအိုဒေသကို ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အလေးထားကာ လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းလျက်ရှိကြောင်း၊ ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူများ၊ သစ္စာရှိ နိုင်ငံ့ဝန်ထမ်းအားလုံးအနေဖြင့် မိမိနေထိုင်ရာဒေသ၊ မိမိတာဝန်ထမ်းဆောင်ရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**ပူတာအိုဒေသတွင် ရှားပါးဆေးဖက်ဝင်ပစ္စည်းများ နိုင်ငံတကာအဆင့်မီ ဂရိတ်ဖုသီး၊ အမေရိကန် သံပရာသီး၊ ဝါရှင်တန်သီးများဖြစ်ထွန်းသည့်အပြင် အိမ်နီးချင်းနိုင်ငံသို့ တင်ပို့နိုင်သည့် ဟင်းခတ်အမွှေးအကြိုင် ရှာကော၊ ပါကော ထွက်ရှိရာဒေသဖြစ်၍ နားလည်တတ်ကျွမ်းသည့်ပညာရှင်များဖြင့်ပူးပေါင်းပြီး စနစ်တကျထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားကြရန်လို . . .**

**လူငယ်များအနေဖြင့်လည်း နိုင်ငံတော်တာဝန်များကို တစ်ချိန်တွင် ဒီမိုကရေစီစနစ်နှင့်အညီ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် ယခုကျင်းပမည့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဖြစ်မနေ ပါဝင်၍ မဲပေးကြရမည်ဖြစ် . . .**

(၅၀၁)

# အကြိမ် ၂၀ မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၁၇**

အကြိမ် ၂၀ မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ တောင်ကြီးဟိုတယ်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။




ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ရဲဗိုလ်ချုပ်ဝင်းဗိုလ်က မူးယစ်ဆေးဝါးပြဿနာသည် ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြုံတွေ့နေရသည့် အဓိကပြဿနာဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် သုံးစွဲခြင်းသည် နိုင်ငံအတွင်းမှုခင်းများ များပြားလာစေသည့်အပြင် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲပြဿနာများဖြစ်ပေါ်စေကြောင်း၊ မူးယစ်ဆေးဝါးဈေးကွက် ကျယ်ပြန့်လာခြင်းနှင့်အတူ အဂတိလိုက်စားမှု၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်တိုက်ခိုက်မှုများအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများဆက်စပ်ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုများကို ခြိမ်းခြောက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများသည် လူငယ်မျိုးဆက်သစ်များ၏ ဘဝလုံခြုံရေးနှင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ၊ အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုများကိုအခြေခံပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို နှစ်နိုင်ငံပူးပေါင်းပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုခိုင်မာအောင်တည်ဆောက်ခြင်းဖြင့် အကျိုးရလဒ်ကောင်းများ တိုးတက်ရရှိလိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ဒုတိယအတွင်းရေးမှူးချုပ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. ZHAO Zhongchen က မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်း၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီး အောင်မြင်မှုများစွာလည်း ရရှိခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍတွင် ဓာတုပစ္စည်းများထိန်းချုပ်ရေးမှာ အလွန်အရေးကြီးကြောင်း၊ ဓာတုပစ္စည်းများထိန်းချုပ်ရေးအတွက် နှစ်နိုင်ငံ သတင်းဖလှယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းမည့်ဓာတုပစ္စည်းများကိုလည်း သေချာစွာစိစစ်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံ မူးယစ်တရားခံပြေးများဖမ်းဆီးရမိရေးနှင့် နိုင်ငံဖြတ်ကျော်မူးယစ်ဂိုဏ်းဖွဲ့ကျူးလွန်မှုများ တားဆီးနှိမ်နင်းရေးတို့ကိုလည်း သတင်းဖလှယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအမြင်ချင်းတူစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်များက နယ်စပ်ဒေသ လက်ရှိမူးယစ်ဆေးဝါးအခြေအနေများနှင့် သတင်းဖလှယ်မှုအခြေအနေများ၊ ထိန်းချုပ်ဓာတုပစ္စည်းအခြေအနေများ၊ နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ဂြိုဟ်တုဓာတ်ပုံဖြင့် ဘိန်းခင်းတိုင်းတာခြင်းနှင့် ၂၁ ကြိမ်မြောက် အစည်းအဝေးကို တရုတ်နိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ယာဉ်၊ စက်ပစ္စည်းကိရိယာများခင်းကျင်းပြသခြင်းနှင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြခြင်းကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုအားပေး



**နေပြည်တော် ဒီဇင်ဘာ ၁၇**

အင်အားပြင်းမန္တလေးငလျင်ကြီးဖြစ်စဉ်တွင် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရမှုများအပေါ် သုံးသပ်ချက်၊ သင်ခန်းစာဖော်ထုတ်ချက်များအရ မီးသတ်ဦးစီးဌာနတွင် ဖွဲ့စည်းထားရှိသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့(National Search and Rescue Team)ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးအကြံပေးအဖွဲ့(International Search and Rescue Advisory Group-INSARAG)၏ အသိအမှတ်ပြု Medium Team အဖြစ် ဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်စုဖွဲ့ပြင်ဆင်လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ကလိုအပ်သော ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ယာဉ်၊ စက်ပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းပေးခဲ့ပြီးဖြစ်သည်။

အဆိုပါယာဉ်၊စက်ပစ္စည်းကိရိယာများနှင့်အတူ ရှာဖွေကယ်ဆယ်ရေးအဖွဲ့(National Search and Rescue Medium Team)များ၏ ငလျင်ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်မှုရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြသခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နေပြည်တော်ဗဟိုမီးသတ်စခန်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ခေတ်မီယာဉ်၊ စက်ပစ္စည်းကိရိယာများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက Medium Team နှစ်ခုကို သတ်မှတ်ယာဉ်၊ စက်ပစ္စည်းများဖြင့် ပြင်ဆင်စုဖွဲ့လေ့ကျင့်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ရှာဖွေကယ်ဆယ်ရေးအဖွဲ့(National Search and Rescue Medium Team)များက နိုင်ငံတကာသို့ သွားရောက် ကူညီကယ်ဆယ်ရေးဆောင်ရွက်သည့်လုပ်ငန်းစဉ်များကို ဇာတ်တိုက်လေ့ကျင့်မှုပုံစံဖြင့် ဖြစ်စဉ်ဖွင့်ကာ သရုပ်ပြသရာ ဦးစွာအခင်းဖြစ်ပွားနိုင်ငံအနေဖြင့် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှု သတင်းရရှိ၍ ဒေသခံ Local USAR Team များကရောက်ရှိနေရာယူပြီး မျက်မြင်လူနာများကယ်ထုတ်ခြင်း၊ တည်နေရာအန္တရာယ်ရှိမှုနှင့် ရှာဖွေတွေ့ရှိချက်များကို နိုင်ငံတကာသုံး INSARAG Marking System အသုံးပြု၍ အမှတ်အသားပြုလုပ်ခြင်း၊ စနစ်တကျမှတ်တမ်းတင်မှု(Worksite and Victim Marking)ပြုလုပ်ခြင်း၊ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့(Myanmar Urban Search and Rescue Team-MUSAR )က သတင်းလက်ခံရရှိ၍ အခင်းဖြစ်နိုင်ငံသို့ထွက်ခွာခြင်း၊ International Responders များအတွက် Airport-based Reception & Information Gateway ဖြစ်သည့် Reception and Departure Centre – RDC ဖွင့်ကျော်ခြင်း၊ လုပ်ငန်း Area များကို တိတိကျကျ Sectoring & Tasking ဆောင်ရွက်ပေးသည့် (USAR Coordination Cell – UCC) နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ MUSAR Team ၏ စနစ်တကျအခြေပြုနေထိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များဖြစ်သည့် လုပ်ငန်းခွင်စီမံခန့်ခွဲမှု၊ ပစ္စည်းကိရိယာများ၊ ဆေးဝါး၊ စားသောက်ကုန်စီမံထိန်းသိမ်းမှု၊ နေရာချထားမှု(Base of Operations-BoO) လုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊ Local USAR Team အဆင့်ဖြင့်ဆောင်ရွက်၍မရသည့် ပိတ်မိနေသူလူနာများကို MUSAR Team မှ ရှာဖွေခြင်း၊ ကယ်ဆယ်ခြင်း၊ ဆေးဝါးကုသမှုပေးခြင်း၊ OSOCCသို့ သတင်းပို့ခြင်းနှင့် ပြန်လည်ထွက်ခွာခြင်းစသည့် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့်အညီ သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

Medium အဆင့်ရှိ USAR Team ၏ စွမ်းဆောင်ရည်မှာ ဘေးအန္တရာယ်ကျရောက်သည့်နေရာများမှ ပိတ်မိ၊ ပိမိ၊ ပျောက်ဆုံးနေသူကို ရှာဖွေရေးခွေးဖြင့်ရှာဖွေခြင်း(Canine Search)နှင့် နည်းပညာအသုံးပြုရှာဖွေခြင်း (Technical Search)တို့ကိုဆောင်ရွက်ရာတွင် လုပ်ငန်းနေရာ(Worksite)တစ်ခုလျှင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကြာချိန် ၂၄ နာရီဖြင့် ခုနစ်ရက်တိုင်တိုင် ဆောင်ရွက်နိုင်ပြီး Medium USAR Team တွင်ပါဝင်သောဆေးအဖွဲ့အနေဖြင့် ရှာဖွေတွေ့ရှိရသည့် လူနာများကို အရေးပေါ်ဆေးအကူအညီများ ထိရောက်စွာဆောင်ရွက်ပေးနိုင်ကြောင်း၊ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်(Assessment of Search and Rescue) ASR Level-4 ထိ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာရှာဖွေကယ်ဆယ်ရေးအကြံပေးအဖွဲ့ International Search and Rescue Advisory Group(INSARAG) Guidelines များနှင့်အညီ မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ Urban Search and Rescue Team များ ဖွဲ့စည်းနိုင်ခြင်းဖြင့် ပြည်တွင်း၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်မည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာသဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင်လည်း နိုင်ငံ့ကိုယ်စားပြုကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၄ ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ နှီးနှောဖလှယ်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၄ ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို နေပြည်တော်မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁တွင် ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပသည်။

မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲတွင် သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ဆောင်ရွက်ကာ သဘာပတိက အဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဥပဒေအကြံပေး ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နံနက်ပိုင်းနှီးနှောဖလှယ်ပွဲတွင် ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာစန်းစန်းနွဲ့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအဖွဲ့ဝင် ဒေါ်ကြည်ဌေးတို့က ဆောင်ရွက်သည်။

ထို့နောက် တိုင်းရင်းဆေးပညာရိုးရာကုထုံးနည်းစနစ်နှင့် ဆေးဝါးဆိုင်ရာစာတမ်း ၁၀ စောင်ဖြစ်သော "ဂုံရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အရိုးကျိုးရောဂါကုသနည်းကို လေ့လာခြင်း"၊"ဝိဇ္ဇာဓရနယ ဝဠုကြယန္တရားရွှေပြာဖုတ်နည်းနှင့်ဆေးသုံးစွဲနည်း"၊ "ဆေးဖက်ဝင်နနွင်းခါးပင်အကြောင်းလေ့လာခြင်း"၊ "တောလက်ဖက်(ခေါ်)ကြက်တက်ရွက်၏ ကျန်းမာရေးအကျိုးကျေးဇူးများကိုလေ့လာတင်ပြခြင်း"၊"တိုင်းရင်းဆေးကျမ်းများတွင်ဖော်ပြထားသည့် ဖန်ခါးပင်၏ ဆေးဖက်အသုံးပြုပုံများနှင့် သိပ္ပံနည်းကျသုတေသနတွေ့ရှိချက်များကို နှိုင်းယှဉ်လေ့လာခြင်း" စာတမ်းများဖတ်ကြားကြသည်။




မွန်းလွဲပိုင်း၌ နှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက ဆရာကြီး ဦးမြင့်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက ဦးသန်းညွန့်၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင် ပါမောက္ခအောင်ကျော်မင်းတို့ကဆောင်ရွက်ပြီး "မူးယစ်ဆေးစွဲဝေဒနာရှင်များကို မြန်မာ့ရိုးရာတိုင်းရင်းဆေးနည်းဖြင့် ပြုစုကုသမှုအပေါ်လေ့လာသုတေသနပြုခြင်း"၊ "ပုဂ္ဂလပညတ်ဆေးပညာ၏ သဘောတရားများကို လေ့လာတင်ပြခြင်း"၊ "အကင်း ၁၀ ပါးဆေး(တိုင်းရင်းဆေးအမှတ်-၄၃)ကို အနာရောဂါများတွင် ကုသမှုအခြေအနေကိုလေ့လာတင်ပြခြင်း"၊"အရိုးကျိုးခြင်းကို တိုင်းရင်းဆေးဖြင့် ကုသခြင်းကို လေ့လာတင်ပြခြင်း"၊ "ရန်ကုန်တိုင်းရင်းဆေးရုံကြီး၌ အသုံးပြုလျက်ရှိသော မန်းဆေး၏ လက်တွေ့ကုထုံးအပေါ် လေ့လာတင်ပြခြင်း" စာတမ်းများဖတ်ကြားပြီး နှီးနှောဖလှယ်ပွဲတက်ရောက်လာကြသူများက စာတမ်းများနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ ပြန်လည်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ကြကာ ပညာရပ်များနှီးနှောဖလှယ်ကြသည်။

ညနေပိုင်းတွင် ၂၄ ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအောင်မြင်စွာကျင်းပပြီးစီးမှုအတွက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ညီလာခံနှင့် နှီးနှောဖလှယ်ပွဲတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပေးကြပါသော ဆရာကြီး၊ ဆရာမကြီးများ၊စာတမ်းရှင်များ၊တိုင်းရင်းဆေးပြခန်းများ ပါဝင်ပြသကြသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များနှင့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ပေးအပ်ပြီး အခမ်းအနားအောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# မိုင်းယန်းမြို့နယ်၊ မိုင်းခတ်မြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် မိုင်းပျဉ်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းယန်းမြို့နယ်၊ မိုင်းခတ်မြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဒီဇင်ဘာ ၁၆ ရက်နှင့် ယနေ့တို့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များက နယ်မြေခံတပ်နယ်ခန်းမများ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားများ အသီးသီးပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ အသီးသီးပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော်ရုံးမှ ဦးဇော်ဟိန်းအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထောင်ရှန်ကမ်း | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဝင်းထွဋ် | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမြင့်အောင်အား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မန္တလေး တက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် (၂၀၀ကျပ်တန်)အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးရောင်းချပေးမည်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် (၂၀၀ ကျပ်တန်)အထူးထုတ်** စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို **၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်** မြန်မာသက္ကရာဇ် **၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၃ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ် အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ပါသည်။ (သတင်းစဉ်)




## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကိန်းဂဏန်းများနောက်ကွယ်က မျက်ကွယ်ပြုခံရတဲ့ အမှန်တရား

**အောင်ရှင်း**

မြန်မာနိုင်ငံ အစိုးရအဆက်ဆက်ဟာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ စဉ်ဆက်မပြတ် တိုက်ဖျက်လျက်ရှိတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲ နောက်ပိုင်းမှာလဲ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက် တစိုက်မတ်မတ် နှိမ်နင်းလျက်ရှိရာမှာ ဘိန်းစိုက်ပျိုးမှု အပါအဝင် မူးယစ်ဆေးဝါးကုန်သွယ်မှု လုပ်ငန်းတွေကို တရားဥပဒေနဲ့အညီ ပြင်းပြင်းထန်ထန် တိုက်ဖျက်လျက် ရှိပါတယ်။

**နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေကို မျက်စိမှိတ်၊ နားပိတ်ပြီး မမြင်ချင်ယောင်၊ မကြားချင်ယောင်ဆောင်ကာ ခိုင်မာမှုမရှိတဲ့ သတင်းအချက်အလက်တွေကိုအခြေခံပြီး အချို့နိုင်ငံတကာအဖွဲ့အစည်းတွေက မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပြဿနာကို ပုံကြီးချဲ့ စွပ်စွဲလေ့ရှိပါတယ်။ အဲဒီစွပ်စွဲချက်တွေထဲက ဒီဇင်ဘာ ၃ ရက်မှာ UNODC က ထုတ်ပြန်တဲ့ အစီရင်ခံစာဟာအမှန်တရားကို မျက်ကွယ်ပြုပြီး လိုရာပုံဖော်ထားတဲ့ ကိန်းဂဏန်းအချက်အလက်များကိုအသုံးချကာ နိုင်ငံရေးအရ ဖိအားပေးလိုတဲ့ ရိုးသားမှုမရှိတဲ့ အစီရင်ခံစာတစ်စောင်ဖြစ်ပါတယ်။**

ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime-UNODC) က ထုတ်ပြန်လိုက်တဲ့ ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှုစစ်တမ်း (Myanmar Opium Survey 2025) အစီရင်ခံစာမှာ **“စိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် သက်ရောက်မှုများ”** ခေါင်းစဉ်နဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့အကြီးဆုံး ဘိန်းထုတ်လုပ်တဲ့ နိုင်ငံဖြစ်လာတယ်၊ ဘိန်းစိုက်ပျိုးမှုတွေ မြင့်တက်လာတယ်ဆိုပြီး အတည်မပြုနိုင်တဲ့ အချက်အလက်တွေကို ကိုးကားကာ အစီရင်ခံစာ ပုံစံရေးသားထားတာကို စိတ်မကောင်းဖြစ်ဖွယ်ရာ တွေ့ရှိရပါတယ်။

အဓိကကတော့ မြန်မာနိုင်ငံဟာ ဒေသတွင်းနဲ့ ဒေသပြင်ပ မူးယစ်ဆေးဝါး ဖြန့်ဖြူးမှု တိုးလာတာကိုပုံဖော်ထားပြီး တားဆီးရန် အရေးပေါ်လိုအပ်လျက်ရှိတယ်လို့ ပုံကြီးချဲ့ ရေးသားထားပါတယ်။ ဒါပေမဲ့ ဒီကိန်းဂဏန်းတွေရဲ့နောက်ကွယ်ကအကြောင်းတရားကိုတော့ နိုင်ငံတကာက တမင်လျစ်လျူရှုထားကြပုံရပါတယ်။ စာရွက်ပေါ်က ကိန်းဂဏန်းတွေကိုသာ ကြည့်ပြီး မြေပြင်ကဇာတ်မြစ်နဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေကို တွန်းအားပေးနေတဲ့ လက်သည်တရားခံတွေကို တော့ မမြင်ချင်ယောင်ဆောင်နေတာဟာ ပြဿနာကို ဖြေရှင်းရာမရောက်ပါဘူး။ ဒါကြောင့် ကိန်းဂဏန်းသက်သက် မဟုတ်ဘဲ ပကတိမြေပြင်အခြေအနေမှန်တွေနဲ့ ပူးပေါင်းဖြေရှင်းသင့်တဲ့ နည်းလမ်းမှန်ကို နိုင်ငံတကာက သိရှိနားလည်စေဖို့ ဒီဆောင်းပါးနဲ့ အမှန်တရားကို မီးမောင်း ထိုးပြလိုပါတယ်။

**“နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုထိခိုက်စေသော အဓိကရန်သူအဖြစ်သတ်မှတ်ထားပါတယ်။ နိုင်ငံတကာက အကူအညီပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များရဲ့ မူးယစ်ဆေးဝါးမှ ရရှိတဲ့ငွေကြေးနဲ့ အကြမ်းဖက်မှုများကို ပုံဖော်နေတာကို ထိရောက်စွာဟန့်တားနိုင်ဖို့၊ ကမ္ဘာ့လူသားထုကို မူးယစ်ဆေးဝါးအန္တရာယ်မှကာကွယ်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။”**

### နိုင်ငံရေးကစားကွက်များကြားက မရိုးသားတဲ့တိုက်ဆိုင်မှုများ

လက်ရှိ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ အမေရိကန်သမ္မတ Donald Trump အစိုးရရဲ့ သဘောထားအပြောင်းအလဲနဲ့အတူ မြန်မာနိုင်ငံရေးအပေါ် ရှုမြင်ပုံတွေဟာ တည်ငြိမ်ရေးနဲ့ ရွေးကောက်ပွဲလမ်းကြောင်းကို ထောက်ခံအားပေးတဲ့ ခြေလှမ်းများအဖြစ် စတင်ပြောင်းလဲလာနေပါတယ်။ အထူးသဖြင့် Trump အစိုးရက USAID အကူအညီပိတ်သိမ်းခြင်းဟာ NUG အကြမ်းဖက်အဖွဲ့အတွက် အရေးပါတဲ့ ကူညီထောက်ပံ့မှုတွေကို ရပ်ဆိုင်းသွားစေသလို၊မြန်မာနိုင်ငံသားတွေ အမေရိကန်နိုင်ငံမှာ ယာယီနေထိုင်ခွင့် (TPS-Temporary Protected Status)ကို ရုပ်သိမ်းလိုက်တာလိုမျိုး မူဝါဒအပြောင်းအလဲဟာ NUG၊PDF တို့လိုအကြမ်းဖက်လမ်းစဉ်ထက် နိုင်ငံတော်အစိုးရရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ရွေးကောက်ပွဲလမ်းကြောင်းကို အပြုသဘောဆောင် ရှုမြင်သုံးသပ်လာတဲ့ သဘောဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလိုအပြုသဘောဆောင်လာတဲ့အချိန်ကိုက်မှာ မြန်မာနိုင်ငံရဲ့ပုံရိပ်ကို ကျဆင်းစေပြီး လက်ရှိနိုင်ငံတော်အစိုးရ အထင်အမြင်လွဲမှားစေမယ့် မူးယစ်ဆေးဝါး အစီရင်ခံစာ တမင်ရည်ရွယ်ချက်ရှိရှိ ထွက်ပေါ်လာတာဟာ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပါဘူး။ ဒါဟာ နိုင်ငံတကာနဲ့ နိုင်ငံတော်အစိုးရကြား ပူးပေါင်းဆောင်ရွက်မှု လမ်းစတွေကို ပိတ်ဆို့လိုသူတွေရဲ့နောက်ကွယ်က နိုင်ငံရေးကစားကွက်တစ်ခု ဖြစ်နေနိုင်ပါတယ်။ အစီရင်ခံစာမှာ နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်နေမှုတွေ၊ ဘိန်းခင်းဖျက်ဆီးနိုင်မှုတွေကို မျက်ကွယ်ပြုထားပြီး ဘိန်းစိုက်ပျိုးမှု တိုးမြှင့်လာတာကိုသာ တစ်ဖက်သတ် မီးမောင်းထိုးပြထားတာဟာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးထက် နိုင်ငံရေးအရ ဖိအားပေးလိုခြင်းသာ ဖြစ်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။

### UNODC အစီရင်ခံစာနှင့် မြေပြင်လက်တွေ့အခြေအနေ

UNODC ရဲ့ ၂၀၂၅ အစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ ဘိန်းစိုက်ပျိုးမှု ဟက်တာ ၅၃၁၀၀ ထိရှိလာပြီး ၂၀၂၄ ခုနှစ်ကထက် ၁၇ ရာခိုင်နှုန်း မြင့်တက်လာတယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ဒီစိုက်ပျိုးမှုတွေ၊ ဘယ်နေရာတွေမှာ တိုးလာသလဲ ဆိုတာကို မြေပုံပေါ်မှာ သေသေချာချာ ထောက်ကြည့်လိုက်ရင် အဖြေက ရှင်းရှင်းလေးပါပဲ။ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်မှု အာဏာသက်ရောက်တဲ့တည်ငြိမ်အေးချမ်းတဲ့ ဒေသတွေမှာမဟုတ်ပါဘူး။ တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူများ (EAOs)နဲ့ ၂၀၂၁ ခုနှစ် နောက်ပိုင်းမှ ပေါ်ပေါက်လာတဲ့ NUG၊ PDF အကြမ်းဖက်အဖွဲ့များ စိုးမိုးလှုပ်ရှားနေတဲ့ နေရာတွေမှာသာ အဓိကတိုးပွားလာနေခြင်း ဖြစ်ပါတယ်။

အထူးသဖြင့် UNODC အစီရင်ခံစာမှာပါတဲ့ မြေပုံကိုကြည့်မယ်ဆိုရင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် အရင်က ဘိန်းစိုက်ပျိုးမှုလုံးဝမရှိသလောက်နည်းပါးခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့မှာ စိုက်ပျိုးမှုတွေ သိသိသာသာ တိုးလာတာကိုတွေ့ရပါလိမ့်မယ်။ ဒါက ဘာကိုပြနေသလဲဆိုတော့ နိုင်ငံရေးမတည်ငြိမ်မှုနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို အခွင့်ကောင်းယူပြီး အကြမ်းဖက်အဖွဲ့အစည်းတွေက ဘိန်းစိုက်ပျိုးမှုအပါအဝင် မူးယစ်ဆေးဝါး ကုန်သွယ်မှုကို သူတို့ရဲ့ အဓိကဝင်ငွေလမ်းကြောင်းအဖြစ် ပြောင်ပြောင်တင်းတင်း အသုံးချနေတဲ့သက်သေတွေ ဖြစ်ပါတယ်။

### NUG၊ PDF နှင့် EAOs တို့၏ Narco-Terrorism

နိုင်ငံတကာက “ဒီမိုကရေစီအရေး လှုပ်ရှားသူများ”လို့ ခေါင်းစဉ်တပ်ပေးထားတဲ့ NUG၊ PDF အကြမ်းဖက်အဖွဲ့တွေက“မူးယစ်ဆေးဝါးလုပ်ငန်း”ကို လက်နက်ဝယ်ယူဖို့ အဓိကငွေကြေး အထောက်အပံ့အသက်သွေးကြောအဖြစ် အသုံးပြုပြီး အကြမ်းဖက်ယန္တရားကို လည်ပတ်နေကြပါတယ်။ တစ်ချိန်က စိုက်ပျိုးရေးနဲ့ အေးချမ်းခဲ့ဖူးတဲ့ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှာ အခုဆိုရင် NUG၊PDF အဖွဲ့တွေက “တော်လှန်ရေးရန်ပုံငွေ” ခေါင်းစဉ်တပ်ပြီး ဒေသခံတွေကိုဘိန်းနဲ့ဆေးခြောက်တွေ၊ အတင်းအဓမ္မ ခြိမ်းခြောက်စိုက်ပျိုးခိုင်းပြီး အခွန်ကောက်ယူ၊ ထွက်ရှိတဲ့ ဘိန်းတွေကို ရောင်းဝယ်ခြင်းတွေ ပြုလုပ်လာကြပါတယ်။

ဒီတော့ **UNODC အစီရင်ခံစာပါ ဘိန်းစိုက်ပျိုးမှုမြင့်တက်လာတဲ့ ဧရိယာတွေက NUG၊ PDF အဖွဲ့တွေနဲ့ တိုင်းရင်းသား လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အချို့ အကြမ်းဖက်လှုပ်ရှားနေတဲ့ နယ်မြေတွေနဲ့ တိုက်ဆိုင်နေတာက မတော်တဆမှုတော့ မဟုတ်ပါဘူး။ ဒီအဖွဲ့တွေဟာ နယ်စပ်ဖြတ်ကျော် ဝိသမလောဘသား မူးယစ်ဂိုဏ်းတွေနဲ့ လက်ဝါးချင်းရိုက်ပြီး ရရှိလာတဲ့ငွေမည်းတွေကို လက်နက်ခဲယမ်းများအဖြစ် ပြောင်းလဲနေကြတဲ့ Narco-Terrorism လမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်တယ်ဆိုတာကို နိုင်ငံတကာအနေနဲ့ မျက်ကွယ်ပြုထားလို့ မရပါဘူး။**

KIA နဲ့ AA အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အချို့ဟာ ပါးစပ်ကသာ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားအရေးလို့ အသံကောင်းဟစ်နေပေမယ့် လက်တွေ့မှာ လူသားမျိုးနွယ်ကို ခြိမ်းခြောက်နေတဲ့ Narco-Terrorists တွေသာဖြစ်တာကိုတော့ ငြင်းမရနိုင်ပါဘူး။ ကချင်ပြည်နယ်၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းနဲ့ နယ်စပ်တစ်လျှောက်မှာ ဘိန်းစိုက်ပျိုးမှု မြင့်တက်လာတာဟာ KIA က PDF တွေကို လက်နက်တပ်ဆင်ပေးဖို့ ငွေကြေးရှာဖွေမှုရဲ့ ရလဒ်ဖြစ်ပါတယ်။ AA အဖွဲ့ကလဲ ရှမ်းပြည်နယ်ကတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နဲ့ မလေးရှားနိုင်ငံတို့ကို ပို့ဆောင်တဲ့ မူးယစ်ဆေးဝါးကွန်ရက်ကြီး ကိုချုပ်ကိုင်ထားပြီး ဘီလီယံနဲ့ချီတဲ့ အကျိုးအမြတ်တွေနဲ့ အကြမ်းဖက်လုပ်ရပ်တွေ လည်ပတ်နေတာကို ဖမ်းဆီးရမိမှုမှတ်တမ်းတွေကနေ သက်သေပြနေပါတယ်။

ဒါကြောင့် **UNODC အနေနဲ့ ဒီလက်နက်ကိုင်အကြမ်းဖက်အဖွဲ့တွေရဲ့ မူးယစ်ဆေးဝါးနဲ့ နိုင်ငံဖျက်ဆီးနေတာကို မျက်ကွယ်ပြုပြီး နိုင်ငံရေးထိုးနှက်ချက်ပါတဲ့ အစီရင်ခံစာတွေ ထုတ်ပြန်နေမယ့်အစား ပြဿနာရဲ့အဓိကတရားခံဖြစ်တဲ့ အကြမ်းဖက်သမားတွေကို ဖော်ထုတ်ပြီး ခါတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှု၊ မူးယစ်ဆေးဝါးကုန်သွယ်မှု၊ ငွေကြေးခဝါချမှု၊ လက်နက်ခဲယမ်း မှောင်ခိုရောင်းဝယ်မှုတွေကို နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီး ထိရောက်စွာ တိုက်ဖျက်သင့်တယ်လို့ အသိပေးတိုက်တွန်းလိုပါတယ်။**

### နိုင်ငံတော်အစိုးရရဲ့အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းမှုများ

နိုင်ငံတကာရဲ့ ဖိအားတွေ၊ ပိတ်ဆို့မှုတွေကြားကနေ ပြည်ပအကူအညီမပါဘဲနဲ့ ဆင်နွှဲနေရတဲ့ နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးတွေကို UNODC အစီရင်ခံစာက မျက်ကွယ်ပြုထားတာဟာ အံ့သြဖွယ်ရာဖြစ်ပါတယ်။ ၁၉၇၅ ခုနှစ် မိုးဟိန်းစစ်ဆင်ရေးကနေ ယနေ့ထိ ပေးဆပ်ခဲ့ရသော သွေးချွေးတွေနဲ့ ၂၀၂၁ ခုနှစ် နောက်ပိုင်း စံချိန်တင်ဖမ်းဆီးရမိမှု ကိန်းဂဏန်းတွေက နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး သန္နိဋ္ဌာန်ကို သက်သေပြနေပါတယ်။

**အထူးသဖြင့် ၂၀၂၅ ခုနှစ်အတွင်း AA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်အဖွဲ့အချို့ရဲ့ Narco-Terrorism လုပ်ရပ်တွေကို ဖော်ထုတ်ပြီး ဘီလီယံနဲ့ချီတဲ့ မူးယစ်ဆေးဝါး ကွန်ရက်ကြီးကို ဖြိုခွင်းနိုင်ခဲ့တာဟာ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်မှုမှာ လုံးဝပါဝင်ပတ်သက်မှုမရှိဘဲ အမျိုးသားဂုဏ်သိက္ခာအတွက် တစိုက်မတ်မတ် တိုက်ဖျက်နေကြောင်း ကမ္ဘာကိုအသံတိတ်သက်သေပြနေတာဖြစ်ပါတယ်။**

**၂၀၂၁- ၂၀၂၂ ခုနှစ်မှ ၂၀၂၄- ၂၀၂၅ ခုနှစ်အထိ ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းဖျက်ဆီးနိုင်မှု နှိုင်းယှဉ်ချက်**

| စဉ် | တိုင်း/ပြည်နယ် | ၂၀၂၁-၂၀၂၂ ၂၈-၁၁-၂၁ မှ ၃-၄-၂၂ | | ၂၀၂၂-၂၀၂၃ ၂၄-၁၀-၂၂ မှ ၂၃-၃-၂၃ | | ၂၀၂၃-၂၀၂၄ ၁၆-၁၁-၂၃ မှ ၂၆-၃-၂၄ | | ၂၀၂၄-၂၀၂၅ ၂၄-၁၁-၂၄ မှ ၄-၄-၂၅ | |
|---|---|---|---|---|---|---|---|---|---|
| | | ဧက | ဟက်တာ | ဧက | ဟက်တာ | ဧက | ဟက်တာ | ဧက | ဟက်တာ |
| ၁ | ရှမ်း(မြောက်) | ၈၃ | ၃၃.၅၉ | ၁၃၁ | ၅၃.၀၁ | | | | |
| ၂ | ရှမ်း(တောင်) | ၃၁၆၆.၈၀ | ၁၂၈၁.၅၈ | ၅၄၀၀.၅ | ၂၁၈၅.၅၅ | ၅၉၁၅ | ၂၃၉၃.၇၇ | ၄၅၇၅.၅ | ၁၈၅၁.၆၈ |
| ၃ | ရှမ်း(ရှေ့) | ၁၃၄.၆၉ | ၅၄.၅၁ | ၁၈၁.၆၅ | ၇၃.၅၁ | ၁၈၄.၅ | ၇၄.၆၆ | ၁၅၉ | ၆၄.၃၄ |
| ၄ | ကချင် | ၄၇ | ၁၉.၀၂ | ၈၀.၅ | ၃၂.၅၈ | ၄၅ | ၁၈.၂၁ | | |
| ၅ | မကွေး | ၃၆ | ၁၄.၅၇ | ၂၁.၂၅ | ၈.၆ | ၃၆.၅ | ၁၄.၇၇ | | |
| ၆ | စစ်ကိုင်း | | | ၁၁ | ၄.၄၅ | | | | |
| | စုစုပေါင်း | ၃၄၆၇.၄၉ | ၁၄၀၃.၂၇ | ၅၈၂၅.၉ | ၂၃၅၇.၇၀ | ၆၁၈၁ | ၂၅၀၁.၄၁ | ၄၇၃၄.၅ | ၁၉၁၆.၀၂ |

၁ ဟက်တာ = ၂.၄၇၁ ဧက

### ကိန်းဂဏန်းများက သက်သေပြနေတဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေး အရှိန်အဟုန်

နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး

စာမျက်နှာ ၂၄ သို့

**စာမျက်နှာ ၂၃ မှ အဆက်**

သန္နိဋ္ဌာန်ကို ဝေဖန်မှုများနဲ့ တိုင်းတာမယ်ဆိုရင်တောင် လက်တွေ့ ဖမ်းဆီးရမိမှု မှတ်တမ်းတွေကတော့ အကောင်းဆုံး သက်သေဖြစ်နေပါတယ်။ ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်းမှာပင် ဘိန်း ၁၃၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၂၁၇၈ ကီလိုကျော်၊ စိတ်ကြွဆေးပြား သန်း ၂၄၀ နီးပါး၊ အိုက်စ် ၂၃ တန်ကျော် အပါအဝင် အခြားမူးယစ်ဆေးဝါးများနဲ့ ဆက်စပ်ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၆၃ ဘီလီယံကျော်(အမေရိကန် ဒေါ်လာ ၃၄၉ သန်းကျော်)ကို ဖမ်းဆီးဖျက်ဆီးနိုင်ခဲ့တာဟာ သာမန်ကာလျှံကာ လုပ်ဆောင်ချက် မဟုတ်ပါဘူး။ ဒါ့ပြင် ၂၀၂၅ ခုနှစ် ၁၁ လ တာကာလအတွင်းမှာလဲ ဘိန်းကီလို ၁၁၄၀ ကျော်၊ ဘိန်းဖြူ ၁၇၆၇ ကီလိုကျော်၊ စိတ်ကြွဆေးပြား သန်း ၂၉၀ ကျော်နဲ့ အိုက်စ် ၃၁ တန်ကျော်အပါအဝင် အခြား မူးယစ်ဆေးဝါးများနဲ့ ဆက်စပ်ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၅၉ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၃၇၈ သန်းကျော်)ကို ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ဒီကိန်းဂဏန်းတွေက တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စစ်ဆင်ရေးတွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုထိရောက်လာတာကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်။ နှစ်စဉ် ဇွန် ၂၆ ရက်မှာ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တွေမှာ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးတွေကို နိုင်ငံတကာစံချိန်စံညွှန်းနဲ့ အညီ လူသိရှင်ကြား မီးရှို့ဖျက်ဆီးပြသနေတာကလဲ နိုင်ငံတော်အစိုးရရဲ့ ပွင့်လင်းမြင်သာမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ယုံကြည်ချက်ကို ကမ္ဘာကမြင်သာအောင် သက်သေထူလျက်ရှိပါတယ်။

**၂၀၂၁ ခုနှစ်နောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခတွေကြောင့် အကြမ်းဖက် တန်ပြန်နှိမ်နင်းရေး (Counter Terrorism Operation)ကို အလေးထားလုပ်နေရသလို နိုင်ငံတော်အစိုးရနဲ့ မြန်မာ့တပ်မတော်တို့ဟာ လူသားမျိုးနွယ်အပေါ်မှာ အညွန့်တုံးစေမယ့် ဘိန်းခင်းတွေ ဖျက်ဆီးရေးကို မေ့လျော့ထားခြင်းမရှိဘဲ "အမျိုးသားရေးတာဝန်" တစ်ရပ်အနေနဲ့ခံယူပြီး ကြိုးပမ်းတိုက်ဖျက်လျက်ရှိပါတယ်။** ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်ထိ လေးနှစ်တာ ဘိန်းစိုက်ရာသီကာလအတွင်း ရှမ်း၊ ကချင်၊ ကယား၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှာရှိတဲ့ ဘိန်းခင်းဟက်တာပေါင်း ၈၀၀၀ ကျော်ကို လုံခြုံရေးအခက်အခဲများကြားက နိုင်ငံတော်အနေနဲ့ အသက်သွေးချွေးပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီး ဖျက်ဆီးနိုင်ခဲ့တာကို စာရင်းဇယားများက အခိုင်အမာပြသနေပါတယ်။ ၂၀၂၅ ခုနှစ်လိုမျိုး စိန်ခေါ်မှုများပြားတဲ့ ကာလမှာလဲ ဘယ်လိုပင် အခက်အခဲရှိပါစေ၊ ဘိန်းခင်းတွေကို အားသွန်ခွန်စိုက် ဆက်လက်ရှင်းလင်းနေတာက လူသားထုရဲ့အနာဂတ်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ကျေပွန်စွာထမ်းဆောင်နေတယ်ဆိုတာက ပြသနေတာပဲဖြစ်ပါတယ်။

**ဓာတုပစ္စည်း (Precursors) ပြဿနာ**

နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံကို ဓာတုမူးယစ်ဆေးဝါး (Synthetic Drugs) ထုတ်လုပ်ရာဗဟိုချက်အဖြစ်ပါ လက်ညှိုးထိုးနေကြပေမယ့် မဖြစ်မနေ သိထားရမယ့် ပကတိအမှန်တရားတစ်ခုကိုတော့ မေ့လျော့နေကြပါတယ်။ အဲဒီအချက်ကတော့ စိတ်ကြွဆေးပြား (WY)၊ ICE နဲ့ Ketamine လိုမျိုး မူးယစ်ဆေးဝါးတွေ ထုတ်လုပ်ဖို့ မရှိမဖြစ်လိုတဲ့ ဓာတုပစ္စည်း (Precursors)တွေကို **"မြန်မာနိုင်ငံက လုံးဝ(လုံးဝ) ထုတ်လုပ်နိုင်စွမ်းမရှိပါဘူး"** လက်တွေ့မြေပြင်မှာ ဒီဓာတုပစ္စည်းတွေဟာ အိမ်နီးချင်းနိုင်ငံကြီးတွေကတစ်ဆင့် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာတာဖြစ်ပါတယ်။

**အိမ်နီးချင်းနိုင်ငံတွေက စီးဝင်လာတဲ့ ဒီဓာတုပစ္စည်းတွေဟာ မူးယစ်ဆေးဝါး ထုတ်လုပ်တဲ့ တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်အဖွဲ့ လှုပ်ရှားနယ်မြေဒေသတွေကို ရောက်ရှိသွားပြီး ပြည်ပ ပညာရှင်တွေရဲ့အကူအညီနဲ့ ဓာတုမူးယစ်ဆေးဝါး အဖြစ် အသွင်ပြောင်းသွားကြတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံကနေ ဓာတုမူးယစ်ဆေးဝါးတွေ အများအပြား ထွက်နေပါတယ်လို့ ရလဒ်ကိုသာကြည့်ပြီး စွပ်စွဲပြစ်တင်ဝေဖန်နေမယ့်အစား ဒီမူးယစ်ဆေးဝါးတွေ ဖြစ်လာဖို့ ကုန်ကြမ်းတွေဝင်ရောက်နေတဲ့ လမ်းကြောင်းများကို ထိန်းချုပ်ပေးဖို့ လိုအပ်ပါတယ်။**

နိုင်ငံတော်အစိုးရတစ်ခုတည်းကသာ အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ နယ်စပ်ဒေသတွေမှာ ပိတ်ဆို့ကြပ်မတ်နေရုံနဲ့ ဒီပြဿနာကို ဖြေရှင်းလို့မရနိုင်ပါဘူး။ ဒီပြဿနာ မြစ်ဖျားခံရာ ဓာတုပစ္စည်း ထုတ်လုပ်တဲ့နိုင်ငံတွေအနေနဲ့ မိမိတို့ ပို့ကုန်တွေကို လမ်းကြောင်းလွဲ၍မရောက်ရှိစေရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပူးပေါင်းထိန်းချုပ်နိုင်မှသာ ဒီမူးယစ်စက်ဝန်းကို ဖြတ်တောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအနေနဲ့ ဓာတုပစ္စည်း(Precursors)တွေကို မူးယစ်ဆေးဝါးထုတ်လုပ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်အဖွဲ့တွေထံ လမ်းကြောင်းလွဲ မရောက်ရှိအောင် နိုင်ငံတော်အစိုးရနဲ့ ဘယ်လိုပူးပေါင်းထိန်းချုပ်ပေးကြမလဲဆိုတဲ့ မေးခွန်းကိုသာ ဦးစွာအဖြေရှာသင့်ပါတယ်။

**လက်ညှိုးထိုးသူတို့၏ မျက်ကွယ်ပြုမှုနှင့် အရေးယူပိတ်ဆို့မှုများ (Sanctions)၏ အကျိုးဆက်**

**နိုင်ငံတကာအသိုင်းအဝိုင်း အထူးသဖြင့် အနောက်အုပ်စုကနေ မြန်မာနိုင်ငံကို ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှု (Sanctions)တွေက လက်တွေ့မှာ မူးယစ်ဆေးဝါးပြဿနာကို ငြိမ်းသတ်ပေးမယ့်အစား ပိုမိုတောက်လောင်စေတဲ့ လောင်စာဆီဖြစ်နေတာဟာလဲ ခါးသီးတဲ့ အမှန်တရားဖြစ်ပါတယ်။ စီးပွားရေး ကျပ်တည်းမှုနဲ့ ဆင်းရဲမှုတို့က ရိုးသားတဲ့ တောင်သူတွေကို ဝမ်းစာအတွက် မလွှဲမရှောင်သာ ဘိန်းခင်းများဆီသို့ ဦးလှည့်စေခဲ့ပါတယ်။ ဒါ့ပြင် နိုင်ငံတကာက အစားထိုးဖွံ့ဖြိုးရေး (Alternative Development)အကူအညီတွေကို ဖြတ်တောက်လိုက်တာကလဲ တောင်သူတွေကို အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူတွေရဲ့ သားကောင်ဖြစ်စေဖို့ တွန်းပို့လိုက်သလို ဖြစ်နေပါတယ်။**

ဒါကြောင့် UNODC လို အဖွဲ့အစည်းတွေအနေနဲ့စာရွက်ပေါ်မှာသာ စိုးရိမ်ပူပန်ကြောင်း မှတ်တမ်းတင်ပြီး လက်ညှိုးထိုး အပြစ်တင်နေရုံနဲ့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ **နိုင်ငံတစ်နိုင်ငံကို ဝိုင်းပတ်ပိတ်ဆို့တုပ်နှောင်ထားပြီးမှ "မင်းတို့ဆီမှာ မူးယစ်ဆေးဝါးကုန်သွယ်မှုတွေ တိုးလာပြီ"လို့ လက်ညှိုးထိုး စွပ်စွဲနေတာဟာ တရားမျှတမှု ကင်းမဲ့ရာကျပါတယ်။** ဒါကြောင့် နိုင်ငံတကာအနေနဲ့ အမှန်တကယ်စိတ်ပူတယ်ဆိုရင် အမှန်တကယ် လိုအပ်နေတဲ့ နည်းပညာနဲ့ ဘဏ္ဍာရေး အထောက်အပံ့တွေကို လက်တွေ့ကျကျ ပံ့ပိုးပေးမှသာ ဒီမူးယစ်ဆေးပြဿနာကို ဖြေရှင်းနိုင်မှာ ဖြစ်တယ်ဆိုတာကို သတိချပ်စေလိုပါတယ်။

**အပြစ်တင်ခြင်းထက် လက်တွေ့ကျသည့် လူသားချင်းစာနာထောက်ထားမှုဆီသို့**

နိုင်ငံတကာအသိုင်းအဝိုင်းက မူးယစ်ဆေးဝါးပြဿနာအပေါ် စိုးရိမ်ပူပန်မှုများ ရှိနေချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းခင်းများကို အင်အားသုံး ဖျက်ဆီးရုံသက်သက်မဟုတ်ဘဲ အစားထိုးဖွံ့ဖြိုးရေးနဲ့ လူသားအရင်းအမြစ် ပြန်လည်ပျိုးထောင်ခြင်းကိုပါ ၂၀၂၁-၂၀၂၆ စီမံချက်များဖြင့် အကောင်အထည် ဖော်လျက်ရှိပါတယ်။ ရှမ်း၊ ကချင်၊ ကယားနှင့် ချင်းပြည်နယ်တို့လို ဒေသတွေနဲ့ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့မှာ ဘိန်းအစားထိုး နှစ်ရှည်သီးနှံဆိုလာစွမ်းအင်နဲ့ မွေးမြူရေး နည်းပညာများကို အစားထိုးပေးအပ်ပြီး တောင်သူတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးလျက်ရှိပါတယ်။

ဒါ့ပြင် လမ်းမှားရောက်ခဲ့သူများအတွက်လဲ နိုင်ငံတစ်ဝန်းရှိ ကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခုနဲ့ မက်သာဒုံးဆေးခန်းပေါင်း ၁၇၀ ကျော် ဖွင့်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေကို အခမဲ့နီးပါး ပေးအပ်နေပါတယ်။ ပြန်လည်ထူထောင်ရေးစခန်းတွေ ဖွင့်လှစ်ပေးပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များနဲ့ လူ့အသိုင်းအဝိုင်းထဲသို့ ပြန်လည်ဝင်ဆံ့စေလျက်ရှိပါတယ်။ ဒီလုပ်ရပ်တွေက နိုင်ငံတော်ရဲ့ ခိုင်မာတဲ့စိတ်ဓာတ်ကို ပြသနေခြင်းဖြစ်တာကြောင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အဝေးမှ ဝေဖန်နေမယ့်အစား နည်းပညာနှင့် ဖွံ့ဖြိုးရေးကဏ္ဍများတွင် လက်တွေ့ကျကျ ပူးပေါင်းပါဝင်ပြီး ပိုမိုနီးကပ်စွာ လက်တွဲကူညီကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

**နိုင်ငံတကာသို့ တိုက်တွန်းနှိုးဆော်ချက်**

နိုင်ငံတကာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာမှာ အပြစ်တင်ဝေဖန်နေရုံဖြင့် ခရီးမရောက်နိုင်ဘဲ "အမှန်တရားကို ရှုမြင်သုံးသပ်ခြင်း" ဖြင့်သာ အဖြေရှာနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေး မတည်ငြိမ်မှုနဲ့အတူ ပေါ်ပေါက်လာတဲ့ NUG၊ PDF နှင့် EAOsတို့ရဲ့ Narco-Terrorism (မူးယစ်ဆေးဝါးနှင့် ဆက်စပ်သော အကြမ်းဖက်မှု)လုပ်ရပ်များကို မျက်ကွယ်မပြုသင့်တဲ့အပြင် သူတို့ကို ထောက်ပံ့တာဟာလဲ မူးယစ်ဆေးထုတ်လုပ်မှုကို သွယ်ဝိုက် အားပေးရာရောက်ကြောင်း သတိပြုသင့်ပါတယ်။

ဒါ့ပြင် ပြည်သူလူထုရဲ့ စားဝတ်နေရေးကို ကျပ်တည်းစေပြီး ဘိန်းစိုက်ပျိုးမှုကို တွန်းအားပေးသကဲ့သို့ ဖြစ်စေတဲ့ စီးပွားရေးပိတ်ဆို့မှုများကို လျှော့ချကာ၊ အစီရင်ခံစာများ ထုတ်ပြန်ခြင်းထက် နည်းပညာနှင့် သတင်းအချက်အလက် ဖလှယ်ခြင်းလိုမျိုး လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေးသင့်ပါတယ်။ အိမ်နီးချင်းနိုင်ငံများအနေနဲ့လဲ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် သုံးသည့် ဓာတုပစ္စည်းများကို မိမိတို့ဘက်မှ စတင်ထွက်ခွာကတည်းက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ပေးကြပါရန် မေတ္တာရပ်ခံလိုပြီး လူသားအားလုံး၏ "ဘုံရန်သူ" ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ဟန်ချက်ညီညီ တိုက်ဖျက်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် **မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်** တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေသော အဓိကရန်သူအဖြစ် သတ်မှတ်ထားပါတယ်။ နိုင်ငံတကာက အကူအညီပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များရဲ့ မူးယစ်ဆေးဝါးမှရရှိတဲ့ ငွေကြေးနဲ့ အကြမ်းဖက်မှုများကို ပုံဖော်နေတာကို ထိရောက်စွာ ဟန့်တားနိုင်ဖို့၊ကမ္ဘာ့လူသားထုကို မူးယစ်ဆေးဝါးအန္တရာယ်မှကာကွယ်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားရေးတာဝန်အဖြစ် ဆက်လက် ထမ်းဆောင်သွားမှာဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာအနေနဲ့ နိုင်ငံတော်အစိုးရအပေါ်မှာ နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ ဒီကမ္ဘာ့ရန်သူဆိုးကို ပိုမိုထိရောက်မြန်ဆန်စွာ တိုက်ဖျက်နိုင်မှာဖြစ်တယ်ဆိုတာကို ကိန်းဂဏန်းများနောက်ကွယ်က မျက်ကွယ်ပြုခံရတဲ့ အမှန်တရားအဖြစ် သတင်းစကားပါးအပ်ပါတယ်။




လျှိုင်လင်မြို့နယ်အတွင်းရှိ အမြင့် ၃ ပေခန့်သီးပွင့်ဆဲ ဘိန်းခင်း( ၃၀ )ဧကကို ဖျက်ဆီးမှုမှတ်တမ်း


## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ အမေးအဖြေများ



ယမန်နေ့မှအဆက်

**People Media Agency မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦးက** ရှေ့တွင်လည်း မေးခွန်းက တော်တော်လေးစုံသွားပြီဖြစ်ကြောင်း၊ မိမိတို့ အွန်လိုင်း လိမ်လည်မှုနှင့်ပတ်သက်ပြီး Centre များကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်အပါအဝင် စသည့်မြို့ကြီးများသို့ ရောက်မလာစေရန် နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့ စီမံထားပြီး မည်သို့ပြင်ဆင်ထားသည်ကို သိလို ကြောင်း၊ ယင်းနေရာများတွင် ဖမ်းဆီးရမိခြင်းရှိ၊မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** မည်သည့်နေရာမဆို မိမိတို့ဖမ်းဆီးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မိမိတို့ ထပ်ပြီးသတင်းပေးလိုသည်မှာ မြဝတီ ဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်ပြီး ကွင်းဆက်လိုက်သည့်အခါတွင် မိမိတို့ နိုင်ငံအတွင်းတွင်လည်း တချို့နေရာများတွင် ပျံ့နှံ့ ရောက်ရှိနေသည်ကို သတင်းရရှိကြောင်း၊ တချို့ လည်း ပါဝင်ပတ်သက်နေသည့် သတင်းဆက်များ လည်းရရှိကြောင်း၊ အချိန်တန်လျှင် ထုတ်ဖော်ပြော ကြားသွားမည်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်ဆဲ လုပ်ငန်းဖြစ်သည့်အတွက်ကြောင့် ယခုအချိန်တွင် ထုတ်ဖော်ပြောကြားလျှင် လိုက်လံဆောင်ရွက်ရသူ များအနေဖြင့် သတင်းကွင်းဆက်လိုက်ရသည်မှာ ခက်ခဲမည်ဖြစ်ကြောင်း၊ အချိန်တန်လျှင် သိရမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Eleven Media Group သတင်းဌာနမှ အကြီးတန်း သတင်းထောက် ဦးအောင်မင်းသိန်းက** အွန်လိုင်းလိမ် လည်မှုများသည် ပြည်သူကြားထဲတွင် ပုံစံအမျိုးမျိုး နှင့် ပျံ့နှံ့နေကြောင်း၊ ဖုန်းထဲတွင် ဂိမ်းဆော့ခြင်း မျိုးသည် အဓိကအားဖြင့် ဖုန်းအော်ပရေတာများ၊ မိုလ်ဘိုင်းဖုန်းများကနေ သွားနေကြောင်း၊ အများ ပြည်သူက သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ အကယ်၍ အွန်လိုင်းပေါ်မှ လိမ်လည်ခံရမည်ဆိုလျှင် မည်သည့် နေရာကို အဓိကထားပြီး တိုင်ကြားရမည်၊ မည်ကဲ့သို့ လျင်လျင်မြန်မြန် ဆောင်ရွက်မှုရှိသည်ကို သိလို ကြောင်း၊ ဖုန်းအော်ပရေတာများက ယခုအခန်း ကဏ္ဍတွင် အဓိကပါဝင်ပတ်သက်နေသောကြောင့် ဖုန်းအော်ပရေတာများနှင့် မည်သို့ပူးပေါင်းဆောင် ရွက်ရန်ရှိသည်ကိုသိလိုကြောင်း၊ ဆက်စပ်အနေဖြင့် အွန်လိုင်းလိမ်လည်ဖမ်းဆီးရမှုတွင် နိုင်ငံခြားသား များကို ၎င်းတို့၏သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ မြန်မာနိုင်ငံက လွှဲပြောင်းပေးနေသည်ကို တွေ့ရှိရ ကြောင်း၊ ယင်းလုပ်ငန်းများတွင် သိ၍ဖြစ်စေ၊ မသိ၍ ဖြစ်စေ၊ ဝင်ရောက်လုပ်ကိုင်ခဲ့သည့် မြန်မာနိုင်ငံသား များကို ဖမ်းဆီးရမိမှုရှိ၊မရှိနှင့် ၎င်းတို့ကို မည်ကဲ့သို့ မျိုးအရေးယူဆောင်ရွက်ထားသည်ကို ရှိလျှင်သိလိုပါ ကြောင်း မေးမြန်းသည်။

**ရဲမှူးချုပ်ကျော်လင်းက** ရှေ့တွင်လည်း အွန်လိုင်း လိမ်လည်မှုများ၊ အွန်လိုင်းဂိမ်းများ အသုံးပြုနေသည့် Facebook ၊ Telegram အကောင့်များနှင့်ပတ်သက် ပြီးဆောင်ရွက်ချက်များကို မိမိဖြေကြားခဲ့ကြောင်း၊ Facebook၊ Telegram၊ Tiktok လူမှုကွန်ရက် အကောင့်ကို ပြန်ကြည့်မည်ဆိုလျှင် အများအားဖြင့် အကောင့်ဖွင့်ရာတွင် မှတ်ပုံတင်အတုများ၊ အခြားသူ များ၏မှတ်ပုံတင်များကို အသုံးပြုခြင်းဖြစ်ကြောင်း၊ အကောင့်ပိုင်ရှင်များ၏ ကိုယ်ရေးအချက်အလက် အမှန်ရရန် အခက်အခဲအနည်းငယ်ရှိကြောင်း၊ မိမိတို့က ယင်းအကောင့်များနှင့် ဆက်စပ်နေသည့် တယ်လီဖုန်းများကို ပိတ်သိမ်းနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရကြောင်း၊ ယနေ့ထိ ဆင်းကတ် ပေါင်း ၂၃၀၀ ကို ပိတ်ထားကြောင်း၊ ယင်းနှင့် တစ်ဆက်တည်း Pay အကောင့်များပိတ်သကဲ့သို့ ဆက်စပ်နေသည့် Bank အကောင့်များကို စိစစ်ဖော် ထုတ်ရရှိခြင်းများရှိကြောင်း၊ ယခုချိန်ထိ Bank အကောင့်ပေါင်း ၁၄၉ ခုကို ဗဟိုဘဏ်နှင့် ဆက်သွယ် ပြီး ပိတ်သိမ်းခဲ့ကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်ပြီး ပြစ်မှုကျူးလွန်ခံရပြီး အလိမ်ခံရပြီ ဆိုလျှင် ပထမဦးဆုံး မိမိနေထိုင်သည့် သက်ဆိုင်ရာ နယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းရန်လိုကြောင်း၊ သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်ပြီးမှသာလျှင် ရဲစခန်းက ဆက်လက်စုံစမ်းဖော်ထုတ်ရမည်ဖြစ် ကြောင်း၊ မိမိတို့ဆက်လက်စုံစမ်းမှုလုပ်သည့်အခါ တွင် လျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက်ဆောင် ရွက်နိုင်ရန်၊ ဆက်စပ်နေသည့် bank အကောင့်များ ပိတ်ရန်၊ ဆင်းကတ်များပိတ်ရန်၊ နည်းပညာပိုင်းအရ စိစစ်ရန် SOP များထုတ်ပေးပြီးဖြစ်ကြောင်း၊ မိမိတို့က အချိန်တိုအတွင်းတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ထားခြင်းဖြစ်ကြောင်း၊ တချို့အမှုကိစ္စများတွင် ငွေကြေးပမာဏများပြားပြီး နည်းပညာပိုင်းအရ လည်း စုံစမ်းဖော်ထုတ်ရမည့်ကိစ္စရပ်များပါလာမည် ဆိုလျှင် မိမိတို့က CID ကို သီးခြားတာဝန်ပေးပြီး စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ခြင်းများလည်း ရှိကြောင်း၊ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက် လာလျှင် သက်ဆိုင်ရာနယ်မြေရဲစခန်းကို အမြန်ဆုံး အမှုဖွင့်တိုင်ကြားရန်လိုအပ်ကြောင်း၊ အွန်လိုင်းလိမ် လည်သည့်လုပ်ငန်းတွင် ဖမ်းဆီးရမိသည့် နိုင်ငံခြား သားများနှင့်အတူ ဝင်ရောက်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများလည်းရှိကြောင်း၊ အွန်လိုင်းလိမ် လည်မှုတွင် ပါဝင်ပတ်သက်နေခြင်းရှိ၊ မရှိ၊ ခြံစောင့်၊ ထမင်းချက်၊ သန့်ရှင်းရေးအစရှိသဖြင့် မိမိတို့က စိစစ်ပြီး အရေးယူသင့်ယူထိုက်သည့်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်း များရှိကြောင်း ဖြေကြားသည်။

**Myanmar Hard Talk News မှ သတင်းအယ်ဒီတာ ဦးဥက္ကာက** အွန်လိုင်းလိမ်လည်မှုများနှင့် ပတ်သက်ပြီး အဆောက်အအုံများကို ဖြိုချဖျက်ဆီး ခြင်းများကို နိုင်ငံတကာက သိအောင်၊ ကမ္ဘာက သိအောင် ချပြထားခြင်းများလည်းရှိကြောင်း၊ ထိုအဆောက်အအုံများကို ဖြိုချရှင်းလင်းခြင်းသည် သက်သေခံပစ္စည်းများကို ဖျောက်ဖျက်ခြင်းဖြစ်သည် ဆိုပြီး ပြည်ပမီဒီယာများပြောနေသည်ကို ကြားရ ကြောင်း၊ ယင်းအပေါ်တွင် ဗိုလ်ချုပ်အနေဖြင့် မည်ကဲ့ သို့တုံ့ပြန်မည်ကို သိလိုကြောင်း၊ အွန်လိုင်းလိမ်လည် မှုကိစ္စများတွင် KNU အကြမ်းဖက်အဖွဲ့အနေဖြင့် မည်မျှထိနက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်နေသည် ကို အနည်းငယ်မျှ အကျယ်တဝင့်ရှင်းပြပေးစေလို ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** သက်သေခံပစ္စည်းကို ဖျောက်ဖျက်သည်ဆိုသည်မှာ ယင်းဧရိယာ အကျယ်ကြီးတွင် လုပ်ဆောင်နေသည့်ကိစ္စကို အမှန် တကယ်ကျူးလွန်ခဲ့ခြင်းရှိခဲ့လျှင် သက်သေခံပစ္စည်း ဖျောက်ဖျက်ရန်အလွန်ခဲယဉ်းပါကြောင်း၊ နေရာကျယ် သည်ကို ပြောလိုခြင်းမဟုတ်ကြောင်း၊ သက်သေခံ ပစ္စည်းနှင့် ပတ်သက်ပြီး သာမန်နိုင်ငံသူ၊ နိုင်ငံသား တစ်ယောက်တွေးခေါ်ခြင်းဖြင့်သိနိုင်ကြောင်း၊ လူမသိ အောင်လုပ်လိုက်သည့် တစ်ဦးချင်းကျူးလွန်ခဲ့သည့် လူသတ်မှုကဲ့သို့ ပြစ်မှုများတွင် မျက်မြင်သက်သေ မရှိသော်လည်း အချိန်တန်လျှင် သက်သေခံပစ္စည်း ဆိုတာပေါ်လာကြောင်း၊ ပြည်ဖျက်မီဒီယာများက စွပ်စွဲပြောဆိုသည်ကို ပထမဆုံးတုံ့ပြန်ပြောဆိုလို သည်မှာ အဓိပ္ပာယ်မရှိဟုပြောလိုပါကြောင်း၊ နံပါတ်နှစ်အချက်သည် ၎င်းတို့က သာမန်ပြည်သူ များတွေးသလောက် အတွေးအခေါ်ပင်မရှိသည့် အဖွဲ့အစည်းဟု မှတ်ချက်ပြုလိုကြောင်း၊ ၎င်းတို့အနေ ဖြင့် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်းကို အမြဲ ရည်ရွယ်ပြောဆိုနေမည်ဖြစ်ကြောင်း၊ ထိုအဆောက် အအုံများကိုဖောက်ခွဲဖျက်ဆီးခြင်းကိုမိမိတို့တိတ်တိတ် ဆိတ်ဆိတ်လုပ်နေခြင်းမဟုတ်ဘဲ ပေါ်တင်လုပ်နေ ခြင်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးကို ကြေညာပြီး လုပ်နေခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးများ ဤအခန်းအတွင်းသို့ဝင်လာစဉ်က တွေ့လိမ့်မည်ဖြစ် ကြောင်း၊ သက်သေခံပစ္စည်းအဖြစ်အသုံးပြုခဲ့သည့် ဖုန်းများ၊ ကွန်ပျူတာများ၊ စာရွက်စာတမ်းများကို မြင်ခဲ့ကြမည်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းကို ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ဖျောက်ဖျက် စရာအကြောင်းမရှိကြောင်း၊ အဆောက်အအုံကို ဖျက်ဆီးခြင်းသည် နောက်နောင်မဖြစ်အောင်၊ မိမိတို့အစိုးရအနေဖြင့် စံနမူနာဖြစ်အောင်ပြခြင်းဖြစ် ကြောင်း၊ တချို့လည်းပြောကြကြောင်း၊ ထိုအဆောက် အအုံများကို မည်သို့အကျိုးရှိရှိ အသုံးချလိုက်လျှင် ကောင်းနိုင်သည်ဟု ပြောကြကြောင်း၊ မကောင်းဘူး ဟု မိမိပြောလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထပ်ဝင်လာဦးမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ ၏လက်နက်ကိုင်ပဋိပက္ခသည် လွတ်လပ်ရေးကစခဲ့ ခြင်းဖြစ်ကြောင်း၊ နှစ် ၇၀ ရှိပြီဖြစ်ကြောင်း၊ နယ်စပ် တစ်လျှောက်လုံးတွင် ဖြစ်နေခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလမ်းကြောင်း လျှောက်လှမ်းရန် NCA နှင့် နိုင်ငံတကာပါဝင်ကြောင်း၊ သတင်းထောက်ကြီး များလည်း NCA ပွဲကို အကြိမ်ကြိမ်တက်ရောက်ခဲ့ပြီး ဖြစ်ကြောင်း၊ NCA ထက်ပိုကောင်းသည့်လမ်းကြောင်း မရှိကြောင်း၊ နိုင်ငံတကာကလည်း သဘောတူ ကြောင်း၊ ဖြောင့်ဖြူးနေအောင် လမ်းကြောင်းဖောက် ပေးသော်လည်း ထိုလမ်းကြောင်းကို မတက်ကြောင်း၊ တက်ပြီးသားသူကလည်း ဆူးတောထဲကိုသာ ဆက်တိုးမည်ဆိုသည့် ပုံစံမျိုးပဲဖြစ်ကြောင်း၊ ယင်း နယ်မြေဒေသကြီးသည် အမြဲတမ်းတည်ငြိမ်အေးချမ်း ပြီး ၁၀၀ ရာခိုင်နှုန်း တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိနိုင်လားဆိုသည့် သုံးသပ်ချက်အပေါ် တွင်လည်းမူတည်ကြောင်း၊ ထို့အတွက်ကြောင့် ပြန်လည်ပြီး မခိုအောင်းနိုင်ပါဘူးဆိုသည်ကို မယုံကြည်ပါကြောင်း၊ မယုံကြည်သည့်အတွက် ကြောင့် လက်စတုံးချေမှုန်း၍ မြေလှန်ဖောက်ခွဲဖျက် ဆီးခြင်းဖြစ်ကြောင်း၊ နံပါတ်နှစ်အနေဖြင့် ထိုကဲ့သို့ လုပ်လျှင် ထိုသို့ဖြစ်မည်ဟု ကမ္ဘာကိုလည်း တိတိ လင်းလင်းပြောလိုကြောင်း၊ ထိုကဲ့သို့လုပ်ဆောင် နေသည့် အဖွဲ့အစည်းများကိုလည်း တိတိလင်းလင်း ပြလိုကြောင်း၊ ထို့ကြောင့် မိမိတို့ လုပ်ဆောင်ရခြင်း ဖြစ်ကြောင်း ဖြေကြားသည်။

**ဆက်လက်၍ ဦးဥက္ကာက** KNU ပါဝင်ပတ်သက် နေခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့က မည်မျှထိ ပါဝင် ပတ်သက်နေသည်ကို တစ်ဆက်တည်းရှင်းပြပေးစေ လိုကြောင်း မေးမြန်းသည်။ **စာမျက်နှာ ၂၆ သို့**



ဦးကျော်စိုးဦး People Media Agency



ဦးအုံးလွင် (ခ) ဥက္ကာ Myanmar Hard Talk News



ဦးအောင်မင်းသိန်း Eleven Media Group

စာမျက်နှာ ၂၅ မှအဆက်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က KNU နှင့်ပတ်သက်ပြီး Video ဖိုင်များနှင့်လည်းပြသခဲ့ကြောင်း၊ KNU အနေနှင့် စာချုပ်များတွင် လက်မှတ်ထိုးထားမှုကိုလည်း ပြသခဲ့ကြောင်း၊ သက်သေပြ၍ရသည့် အထောက်အထားများကိုပြသခဲ့ကြောင်း၊ ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံကြားထဲတွင် KNU အနေဖြင့် မည်ကဲ့သို့ ပြဿနာဖြစ်ရန်လုပ်နေသည်ကို မိမိပြသခဲ့ကြောင်း၊ မြန်မာက ပစ်သည့်လက်နက်ကြီး ထိုင်းနိုင်ငံတွင်ကျသည်ဟုဆိုကာ ၎င်းတို့ကိုယ်တိုင် ထိုင်းနိုင်ငံဘက်သို့ ပစ်ခတ်ခြင်းမျိုးရှိကြောင်း၊ ယင်းတို့ကိုလည်း ပြသခဲ့ကြောင်း၊ သတင်းထောက်ကြီးများ စဉ်းစားကြည့်စေလိုကြောင်း၊ KNU အနေဖြင့် နယ်စပ်ဒေသတစ်လျှောက် နေရာအနှံ့အပြားတွင်ရှိကြောင်း၊ ၎င်းတို့အနေနှင့် စခန်းများ ပေါ်တင်လုပ်ထားခြင်းမျိုးလည်းရှိကြောင်း၊ စိမ့်ဝင်နေသည့်နေရာများလည်း ရှိကြောင်း၊ ထိုနေရာမျိုးတွင် လုပ်နေသည့် အွန်လိုင်းလောင်းကစားမှုများသည် ရှင်းရှင်းပြောပြရလျှင် ၎င်းတို့ကို ပိုက်ဆံမပေးဘဲနှင့် လုပ်၍ကိုမရကြောင်း၊ မြဝတီမြို့နားတွင်ကပ်နေပြီး မိမိတို့၏ ရဲတပ်ဖွဲ့ဝင်များသွား၍ရသည့် တရားဥပဒေစိုးမိုးမှုတစ်စိတ်တစ်ပိုင်းရှိသည်ဆိုသည့်နေရာမျိုးတွင်ပင် ၎င်းတို့ကို ပိုက်ဆံမပေးဘဲမရကြောင်း၊ ၎င်းတို့လွှမ်းမိုးနေသည့် နယ်မြေထဲတွင် အွန်လိုင်းလောင်းကစားမှု လုပ်နေသူများပင်မဆို ကရင်ပြည်သူအချင်းချင်းပင်လျှင် ၎င်းတို့ကို ဆက်ကြေးပေးပြီး ရပ်တည်ရကြောင်း၊ ကရင်ပြည်နယ်ထဲရှိ စီးပွားရေးလုပ်ငန်းလုပ်နေသည့် ကရင်ပြည်သူလူထုကို စိတ်ကြိုက်မေးကြည့်စေလိုကြောင်း၊ ထိုကဲ့သို့ ဆက်ကြေးပေးပြီးလုပ်နေခြင်းဖြစ်သည့်အတွက် တရားမဝင်လုပ်ငန်းများ ယင်းနေရာတွင်ရှိသည်ကို KNU အနေဖြင့်မသိရှိဟုဆိုခြင်းသည် မဖြစ်နိုင်ကြောင်း၊ ၎င်းတို့ကို ဆက်ကြေးပေးပြီးလုပ်နေရခြင်းဖြစ်ကြောင်း ဖြေကြားသည်။

**CCTV သတင်းဌာနမှ ဒေါ်မြင့်မြင့်နွယ်**က လက်ရှိမြန်မာနိုင်ငံတွင် အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်နေသည်ကို တွေ့ရှိရကြောင်း၊ ဆက်လက်ပြီးမည်သည့်အစီအစဉ်များဖြင့် ဆောင်ရွက်သွားမည်၊ မည်သည့်အကျိုးရလဒ်များ ထွက်ပေါ်လာမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ပထမဦးဆုံးပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ၏အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးအခြေအနေသည် အတက်ကြွဆုံးနှင့်အလုပ်အဖြစ်ဆုံး အခြေအနေဖြစ်သည်ဟု ပထမဦးဆုံးပြောကြားလိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုခိုင်မာသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားတန်ဖိုးထားကြောင်းနှင့် ဆက်လက်ပြီး ခိုင်မာစွာပူးပေါင်းဆောင်ရွက်သွားမည်ဟု ကျေးဇူးတင်စွာ ပြောကြားလိုကြောင်း၊ ဒုတိယအချက်အနေဖြင့် ယနေ့သတင်းစာရှင်းလင်းပွဲတွင် မိမိတို့၏ လုပ်ဆောင်လျက်ရှိသည့် မူဝါဒများ၊ နည်းလမ်းများကိုပြောပြီးဖြစ်ပါကြောင်း၊ ယခုလိုလုပ်ဆောင်သည့်အခါ မိမိတို့မြန်မာနိုင်ငံတစ်နိုင်ငံတည်းလုပ်ဆောင်၍ရသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တစ်နိုင်ငံတည်းမဟုတ်ဘဲ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို မူဝါဒများအတိုင်း ပြတ်ပြတ်သားသားလုပ်ဆောင်သွားမည်ဟု ပြောလိုကြောင်း၊ ထို့ကြောင့် အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု နှိမ်နင်းရေးနှင့်ပတ်သက်ပြီး နောက်ဖြစ်ပေါ်လာမည့် အကျိုးရလဒ်သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများတင်မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအသိုင်းအဝိုင်းကပါ ကျေနပ်လောက်သည့် အနေအထားထိ တိုးတက်လာနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ပြောကြားလိုကြောင်း ဖြေကြားသည်။

**Xinhua News Agency မှ ဒေါ်အိမ့်မွန်ကျော်**က မြန်မာနိုင်ငံပြည်တွင်းရှိ နိုင်ငံဖြစ်ကျော် အွန်လိုင်းလိမ်လည်မှုများကို ယခုထက်ပိုမိုထိရောက်သည့် လုပ်ဆောင်မှုများ တစ်ဆင့်တိုး၍ မည်သို့လုပ်ဆောင်သွားမည်ကို သိလိုပါကြောင်း၊ တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံအတွင်း၌ ဘေးကင်းလုံခြုံမှုကို အာမခံပေးရန် မြန်မာအစိုးရအနေဖြင့် မည်ကဲ့သို့အသေးစိတ်အစီအမံများဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က နိုင်ငံဖြတ်ကျော်ဆက်သွယ်ရေးလိမ်လည်မှုနှင့်ပတ်သက်၍ လုပ်ဆောင်မည့်အသေးစိတ်ကို ပြောကြားပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေများ၊ နိုင်ငံတကာ၏ပူးပေါင်းဆောင်ရွက်မှုများ၊ မိမိတို့ဆောင်ရွက်ချက်များအပေါ် ဖြစ်ပေါ်လာသည့် အခြေအနေအပေါ်မူတည်ပြီး တစ်ဆင့်ချင်းတိုးတက်အောင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အိမ်နီးနားချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုများ များစွာလိုအပ်ကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံအတွင်း ဘေးကင်းလုံခြုံရေး အာမခံပေးမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံသားမှမဟုတ်ဘဲ မြန်မာနိုင်ငံအတွင်းနေထိုင်သည့် မည်သည့်နိုင်ငံသားမဆို ဘေးကင်းလုံခြုံရေးအတွက် မိမိတို့မြန်မာနိုင်ငံ



ဒေါ်အိမ့်မွန်ကျော် Xinhua သတင်းဌာန

အစိုးရတွင် တာဝန်ရှိကြောင်း၊ တာဝန်ရှိသည်ဟုလည်း ခံယူကြောင်းနှင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြားတွင် ထူးခြားချက်အနေဖြင့် တရုတ်နိုင်ငံ၏ စီမံကိန်းများ မြန်မာနိုင်ငံတွင် များစွာရှိကြောင်း၊ လုပ်ဆောင်ပြီးသည့် စီမံကိန်းများ၊ မလုပ်ဆောင်ရသေးသည့် စီမံကိန်းများရှိကြောင်း၊ မကြာမီကာလတွင် အကောင်အထည်ဖော်မည့် စီမံကိန်းများရှိကြောင်း၊ အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် လုံခြုံမှုပိုရှိစေရေးလုပ်ဆောင်ပေးလျက်ရှိကြောင်း၊ အခြားနိုင်ငံများ၏ စီမံကိန်းများလည်းရှိကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများမှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းများလည်းရှိပါကြောင်း၊ အဆိုပါစီမံကိန်းများသည်လည်း အလားတူပင်ဖြစ်ပါကြောင်း၊ စီမံကိန်းများလုံခြုံရေးအတွက် အထူးအစီအစဉ်များကို မြန်မာနိုင်ငံအစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အချိန်တန်လျှင် သိရမည်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ ပို၍လုံခြုံမှုရှိသည့်၊ အာမခံချက်ရှိသည့် အခြေအနေတစ်ရပ် မလွဲမသွေဖြစ်ပေါ်လာမည်ဟု ပြောလိုပါကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှ အကြီးတန်းသတင်းထောက် ကိုသန့်ဇင်ဦး**က KK Park ရှိ အဆောက်အအုံများ ဖြိုချသည့်ကိစ္စနှင့်ပတ်သက်၍ ဆက်စပ်မေးခွန်းများကို မေးလိုပါကြောင်း၊ အဆောက်အအုံများကို ဖြိုချခြင်း၊ အဆောက်အအုံများကို မဖြိုချသေးဘဲ ရှိပြီးသားသက်သေများဖြစ်သည့် ကွန်ပျူတာများ၊ ဖုန်းများကရရှိသည့်သက်သေများနှင့်အတူ နိုင်ငံတကာနှင့်ပူးပေါင်းဖော်ထုတ်လျှင် ပို၍ကောင်းမည်ဟုထင်မိကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ပြောခွင့်ရသူသည် အမေရိကန်နိုင်ငံက ဖွဲ့စည်းလိုက်သည့် Scam နှင့်ပတ်သက်သည့် အထူးအဖွဲ့နောက်တွင် Hidden Agenda ရှိသည်ဟု ပြောထားကြောင်း၊ မည်သည့်အကြောင်းအရာ တစ်ခုခုသိရှိထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဖြိုချဖျက်ဆီးမှုနှင့် ပတ်သက်၍ ပြောကြားပြီးဖြစ်သည့်အတွက် ထပ်မံမပြောလိုတော့ကြောင်း၊ အမေရိကန်နှင့်ပတ်သက်သည့် အကြောင်းအရာကိုသာ ပြောမည်ဖြစ်ကြောင်း၊ မိမိပြောခဲ့သည့် Hidden Agenda ဆိုသည်မှာ ၎င်းတို့၏ထုတ်ပြန်ချက်ကို လေ့လာကြည့်လျှင်သိနိုင်ပါကြောင်း၊ ၎င်းတို့၏ထုတ်ပြန်ချက်ထဲတွင် မိမိတို့နိုင်ငံနယ်စပ်ရှိ Online Scam နှင့်ပတ်သက်သည့် နေရာ နှစ်နေရာကို ၎င်းတို့ရောက်ရှိစစ်ဆေးခဲ့သည်ဟုပါရှိကြောင်း၊ နံပါတ်တစ်မေးခွန်းအနေဖြင့် ၎င်းနေရာကို အမေရိကန်နိုင်ငံက မည်သူတွေက ရောက်တာလဲ။ မြန်မာအစိုးရပိုင်နက်ထဲ ရှိနေသည့် နေရာကို မည်သူက မည်သည့်နည်းဖြင့် ဝင်ရောက်တာလဲ။ မည်သူနှင့် ပူးပေါင်းဆောင်ရွက်တာလဲ။ သေချာသည်မှာ မိမိတို့အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိပါကြောင်း၊ ထိုသို့ဆိုလျှင် ၎င်းတို့၏အစီအစဉ်ကဘာလဲ။ ပြီးလျှင် ၎င်းတို့က Task Force အဖွဲ့ဖွဲ့စည်းပြီးသည့်နောက်တွင် မိမိတို့နှင့်တရားဝင် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်း၊ ထူးခြားချက်အနေဖြင့် တွေ့ရသည်မှာ တချို့ EAOs များ၏ ထုတ်ပြန်ချက်အနေဖြင့် အားလုံးလည်းတွေ့ရမှာဖြစ်ပါကြောင်း၊ BBC သတင်းဌာနအနေဖြင့်လည်း နိုင်ငံတကာသတင်းဌာနဖြစ်သည့်အတွက် မြန်မာအစိုးရ၏သတင်းကိုလည်းဖော်ပြကြောင်း၊ EAOs



ကိုသန့်ဇင်ဦး BBC သတင်းဌာန

များ၏ သတင်းကိုလည်း ဖော်ပြသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ တချို့ EAOs များ၏ ထုတ်ပြန်ချက်အနေဖြင့် အမေရိကန်ကပို့လိုက်သည့် Task Force နှင့် ၎င်းတို့ပူးပေါင်းဆောင်ရွက်ရန် လုပ်နေသည်ဆိုသည်ကို ထူးထူးခြားခြားတွေ့ရကြောင်း၊ ယင်းကိုလည်းထုတ်ပြန်ထားပါကြောင်း၊ မိမိပြောသကဲ့သို့ နောက်ကွယ်တွင် တစ်ခုခုရှိလို့သာလျှင် ယခုအပြုအမူများ၊ အကြောင်းအရာများပေါ်လာသည်ဟု ထင်မြင်မိပါကြောင်း၊ ဤသည်မှာ မိမိပြောသည့် Hidden Agenda ဖြစ်ပါကြောင်း ဖြေကြားသည်။

**ဆက်လက်၍ BBC သတင်းဌာနမှ ကိုသန့်ဇင်ဦး**က မနေ့က တရုတ်လက်ထောက်ဝန်ကြီးနှင့်အဖွဲ့ ရောက်လာမှုနှင့်ပတ်သက်ပြီး ဆက်စပ်သည့်မေးခွန်း မေးလိုပါကြောင်း၊ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီးက အွန်လိုင်းငွေလိမ်လုပ်ငန်းများကို ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ယင်းလုပ်ငန်းများကို အကြောင်းပြပြီး ပြည်ပစွက်ဖက်မှုများ လက်မခံဘူးဆိုသည့် ဆွေးနွေးချက်အပေါ် မြန်မာအစိုးရ၏တုံ့ပြန်ချက်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မြန်မာအစိုးရ၏တုံ့ပြန်ချက်မှာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအဖွဲ့သည် နိုင်ငံတကာ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအဖွဲ့တွင် ပထမဦးဆုံးပေါ်ပေါက်ခဲ့သည့်အဖွဲ့ဖြစ်ပါကြောင်း၊ ထပ်ပြီးပြောရလျှင် လက်တွေ့အလုပ်အဖြစ်ဆုံးနှင့် အထိရောက်ဆုံးအဖွဲ့ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဆက်လက်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ပြည်ပစွက်ဖက်မှုများကို လက်မခံပါကြောင်း၊ ပြည်ပစွက်ဖက်မှုဆိုသည့်အပိုင်းတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အိမ်နီးနားချင်းနိုင်ငံဖြစ်သည့်အတွက် ၎င်းတို့၏ တွေ့ရှိချက်များကို သံတမန်ဆက်ဆံရေးမှာ မိမိတို့ကို ပြောရသည်များရှိပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့၏တွေ့ရှိချက်များကို ပြောရသည်လည်းရှိပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံတည်းမဟုတ်ဘဲ၊ မြန်မာ-အိန္ဒိယ ဆက်ဆံရေး၊ မြန်မာ-ထိုင်း ဆက်ဆံရေးတို့တွင်လည်း ယခုကဲ့သို့ပင်ဖြစ်ပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ဆက်ဆံရေး၊ မြန်မာ-လာအို ဆက်ဆံရေးများတွင်လည်း ထိုကဲ့သို့ပင်ရှိပါကြောင်း၊ အိမ်နီးနားချင်းနိုင်ငံတစ်နိုင်ငံ၏ မတည်ငြိမ်မှုသည် ကျန်အိမ်နီးနားချင်းနိုင်ငံများမှာလည်း မလွဲမသွေ ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ မတည်ငြိမ်မှုသည်လည်း မိမိတို့၏အိမ်နီးနားချင်းနိုင်ငံများအနေဖြင့် မလွဲမသွေ အနည်းနှင့် အများ ရိုက်ခတ်မှုရှိနိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏မတည်ငြိမ်မှု တစ်ခုရှိခဲ့လျှင်လည်း မိမိတို့မြန်မာနိုင်ငံမှာ ရိုက်ခတ်မှုရှိနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏သတင်းဖလှယ်မှုသည် မိမိတို့ကြားသိရသည့်အရာမှန်သမျှကို ဖလှယ်နေရခြင်းဖြစ်ကြောင်း၊ တခြားသော အိမ်နီးနားချင်းနိုင်ငံများအနေဖြင့်လည်း ၎င်းတို့ကြားသိရသည့် သတင်းများကို မိမိတို့နှင့်သတင်းဖလှယ်နေရကြောင်း၊ ထိုကဲ့သို့ သတင်းဖလှယ်မှုနှင့် ပတ်သက်ပြီး မိမိတို့မြန်မာအစိုးရ၏သဘောထားမှာ သတင်းဖလှယ်မှုများသည် ဂရုပြုလုပ်ဆောင်ရမည်၊ မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုတွင် အလေးထားရမည်ဟု သဘောထားကြောင်း ဖြေကြားသည်။

**ဂျပန်နိုင်ငံ Sankei Shimbun သတင်းစာမှ ဌာနေသတင်းထောက် ဒေါက်တာဇော်သန်း**က နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအဆင့်အွန်လိုင်း



Sankei Shimbun ဒေါက်တာဇော်သန်း

လိမ်လည်မှုကို အမြစ်ပြတ်နှိမ်နင်းရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နေသည့်အချိန်တွင် အမေရိကန်က Special Striking Force ဆိုပြီး Online Scam ကိုနှိမ်နင်းဖို့ အဖွဲ့ ဖွဲ့လိုက်သည်ကို ကြားသိရပါကြောင်း၊ ရည်ရွယ်ချက်ချင်းအတူတူ ရဲချုပ်ကြီးပြောခဲ့သလို မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း အမေရိကန်က မြန်မာနိုင်ငံအစိုးရနှင့်ပူးပေါင်းဆောင်ရွက်မှုများရှိသည်ကို သိရှိရပါကြောင်း၊ Online Scam လိမ်လည်မှုနှိမ်နင်းရေးမှာ အမေရိကန်အစိုးရ၏ Special Striking Force က မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဟူသည့် ကမ်းလှမ်းချက်များရှိပါက လက်ခံဖို့ ရှိမရှိသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့ မြန်မာနိုင်ငံအစိုးရ၏မူဝါဒမှာ မိမိတို့နိုင်ငံနှင့် မိမိတို့ ပြည်သူလူထု၏ကောင်းကျိုးကို လိုလားသည့် မည်သည့်အဖွဲ့အစည်းကိုမဆို မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်အတွက် အသင့်ရှိနေပါကြောင်း၊ နံပါတ်တစ်အနေဖြင့် မိမိတို့ ပြည်သူ၊ နံပါတ်နှစ်က မိမိတို့နိုင်ငံကောင်းကျိုးကို လိုလားရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့မဟုတ်ပါက မိမိတို့အနေဖြင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာကိုကြည့်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**The Statesman Journal မှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**က ဗိုလ်ချုပ်တို့ ခုနက မတ်တတ်ရပ်ပြီး ပြည်သူလူထုကို မေတ္တာရပ်ခံပြောတာလေးလည်း ချီးကျူးပါကြောင်း၊ ဂုဏ်ပြုပါကြောင်း၊ ဝမ်းသာပါကြောင်း၊ ဗိုလ်ချုပ်တို့ ကြွေးကြော်သွားတာလေးလည်း တော်တော်ကောင်းပါကြောင်း၊ အွန်လိုင်းလိမ်လည်မှု အမြစ်ဖြတ်နှိမ်နင်းရေးဆိုသည့်အတွက် အမြစ်ပြတ်မယ်လို့လည်း မျှော်လင့်ပါကြောင်း၊ လက်ရှိမှာ Online Scam ကိစ္စသည် အမေရိကန်ရော၊ တရုတ်ရော ခြေရှုပ်လာပြီးတော့ နှစ်ဖက်လုံး Political အရပါ ကစားလာခဲ့ကြောင်း၊ Online Scamming Issue က Political Issue အဖြစ်နှင့် တဖြည်းဖြည်း ပြောင်းလဲလာပြီးနောက် **စာမျက်နှာ ၂၇ သို့**

**စာမျက်နှာ ၂၆ မှအဆက်**

တိုင်းပြည်၏ ကံကြမ္မာထိပါ အပြောင်းအလဲဖြစ်သွားနိုင်သည်ထိ တချို့ကိစ္စများရှိနေသည်ဆိုသည့် Information များရှိသည့်အခါ ပြည်သူလူထုကို ယခု Issue ကနေ မြန်မာအစိုးရအနေဖြင့် မည်သည့် သတင်း စကားများပါးလိုပါသလဲ။ Online Scam တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ပတ်သက်မိနေသူများ၊ ထိုင်းမှာလည်း ထိုင်းအစိုးရအာဏာပိုင်တွေ ရှိနေသကဲ့သို့ ကမ္ဘောဒီးယား၊ လာအိုမှာလည်းအာဏာပိုင်အကြီးအကဲတွေထိ ပတ်သက်မှုများ ကြီးကြီးမားမားရှိနေပါကြောင်း၊ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ မတော်တဆဖြစ်စေ ပတ်သက်မိနေသည့် Issue



ဦးကျော်မျိုးမင်း The Statesman Journal

အားလုံးက တိုင်းပြည်တစ်ခုလုံးကို ရှုပ်ယှက်ခတ်သွားနိုင်သည်ဟု မြင်မိပါကြောင်း၊ ၎င်းတို့အားလုံးကို မည်သည့်သတင်းစကားပေးလိုပါသလဲ။ မိမိတို့ နယ်စပ်တစ်လျှောက်တွင်ရှိသည့် EAOs များက Online Scam နှင့် ပတ်သက်ပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ပတ်သက်ခဲ့ကြကြောင်း၊ ၎င်းတို့အားလုံးကိုရော မည်သို့သော သတင်းစကားပေးလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုမေးခွန်းနှင့် မဆိုင်သည့် အခြေအနေလေးတစ်ခုကို ပြောကြားလိုပါကြောင်း၊ မီဒီယာများပြောကြားချိန်တွင် မိမိတို့က ဖမ်းဆီးရမိသူများကိုသာ အဓိကထားပြီး ပြောကြားရာ တရုတ်နိုင်ငံသား၊ တခြားတစ်ဖက်က ထိုင်းနိုင်ငံသားဆိုပြီးပြောကြကြောင်း၊ ယင်းနှင့်ပတ်သက်၍ မီဒီယာများကို အသိပေးပြောကြားလိုသည်မှာ ယခုကိစ္စသည် နိုင်ငံတကာဖြတ်ကျော်မှုရာဇဝတ်မှုပုံစံ၊ နိုင်ငံပေါင်းစုံက မသမာသူများပူးပေါင်းဆောင်ရွက်နေသည့်ပုံစံဖြစ်သော International Organize Crime ဆိုသည့် ပုံစံဖြစ်ပါကြောင်း၊ မိမိတို့ မီဒီယာများအနေဖြင့် ယင်းကိစ္စကို ပြောကြားရာတွင် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံတည်းကိုသာ အပြစ်ပုံမချသင့်ကြောင်း၊ ယင်းသည် International Issue ဖြစ်ကြောင်း၊ ထိုသို့အပြစ်ပုံချလျှင် ဥပမာ- မိမိတို့ မြန်မာနိုင်ငံသော်လည်းကောင်း၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံသော်လည်းကောင်း အပြစ်ပုံချရုံနှင့် ထိုကိစ္စပြီးသွားမည်မဟုတ်ကြောင်း၊ ယင်းသည် International Crime ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအားလုံး၊ အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ သတင်းထောက်ကြီးပြောခဲ့သည့် အတိုင်း တိုင်းပြည်၏ကံကြမ္မာကို ပြောင်းပစ်နိုင်သည်ဆိုတာ မှန်ကန်ပါကြောင်း၊ မိမိတို့သိပြီးသားဖြစ်သည့် အရှေ့မြောက်ဒေသတွင် မည်သို့ဖြစ်ခဲ့သလဲ။ အမျိုးအစားပေါင်းစုံ၊ အကြောင်းအရာ ပေါင်းစုံရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း သတင်းထောက်ကြီးတို့သိပြီးသားကိစ္စဖြစ်သည့် ၁၀၂၇ စစ်ဆင်ရေးဆိုသည်မှာ အွန်လိုင်းလိမ်လည်မှုကို တိုက်ဖျက်ရန်ဆိုသည့် ခေါင်းစဉ်နှင့်လာခြင်းဖြစ်ကြောင်း၊ ထိုခေါင်းစဉ်၏ နောက်ကွယ်တွင် အကြောင်းမျိုးစုံရှိမည်ဖြစ်ကြောင်း၊ မည်မျှလောက်ထိဖြစ်သွားသည်ကို မီဒီယာများအနေဖြင့် မြင်ပြီးသားဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သတင်းစာရှင်းလင်းပွဲများ အကြိမ်ကြိမ်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြင်ဦးလွင်မှ တိုက်ပွဲရှောင်မည်မျှရန်ကုန်ကို ရောက်လာပါသလဲ။ ယင်း၏နောက်ဆက်တွဲဖြစ်သည့် မိုးကုတ်မှ တိုက်ပွဲရှောင် မည်မျှရန်ကုန်ကိုရောက်လာပါသလဲ။ ယင်းတို့ကို မိမိတို့အနေဖြင့် ပြန်လည်ဖြေရှင်းနေရခြင်းဖြစ်ကြောင်း၊

ဤနေရာတွင် မိမိတို့အနေဖြင့်ပြောလိုသည်မှာ အွန်လိုင်းလိမ်လည်မှုကို နိုင်ငံတကာက မုန်းပါသည်ဟု ပြောလျှင်၊ ၎င်းတို့မုန်းသည်ထက် မိမိတို့အစိုးရက ခါးခါးသီးသီးမုန်းပါကြောင်း၊ စစ်ဘေးရှောင်နေရသည့် ပြည်သူလူထုတချို့ရှိပါကြောင်း၊ ထိုပြည်သူလူထုကို မေးကြည့်၍ ရနိုင်ပါကြောင်း၊ ၎င်းတို့ မည်မျှလောက်မုန်းနေမည်လဲ။ ထို့ကြောင့် မိမိပြောလိုသည်မှာ ယင်းအရာများကို မိမိတို့အနေဖြင့် တိုက်ဖျက်နေရမှာဖြစ်ကြောင်း၊ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ပတ်သက်မှုများစွာရှိနိုင်မည်ဖြစ်ကြောင်း၊ အရှေ့မြောက်ဒေသတွင်လည်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ပတ်သက်နေသည့်သူများ ရှိနိုင်မှာပဲဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အစည်းထဲ



ဒေါ်ခင်မိုမိုမြင့် NHK သတင်းဌာန

တွင်လည်းရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့အစည်းများတွင်လည်းရှိကြောင်း၊ မိမိတို့အနေဖြင့် အရေးယူပြီးပြီဖြစ်ကြောင်း၊ တော်တော်ကြီးကြီးမားမားကို အရေးယူဆောင်ရွက်ထားခြင်းရှိကြောင်း၊ အလားတူပင် မိမိတို့ အိမ်နီးနားချင်းနိုင်ငံများမှာလည်း ၎င်းတို့၏ သတင်းများကိုထုတ်ပြန်သည်ဖြစ်စေ၊ မထုတ်ပြန်သည်ဖြစ်စေ အရေးယူရသည်များရှိပါကြောင်း၊ အစိုးရအဖွဲ့အစည်းများတွင် ပါဝင်နေသည့်လူများ ကိုယ်တိုင်ကပင် အွန်လိုင်းလိမ်လည်မှုလုပ်ဆောင်နေမှန်း မသိကြပါကြောင်း၊ အပေါ်ယံဖုံးကွယ်ထားသည်များ အများအပြားရှိကြောင်း၊ ထို့ကြောင့် မိမိတို့ပြောလိုသည်မှာ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ မိမိတို့အနေဖြင့် ဆက်လက်ပြီး အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ မကောင်းသည့်သေွးများကို ဖောက်ထုတ်ရမည်ဖြစ်ကြောင်း၊ ဆူးစူးခြင်းကြောင့် ပြည်တည်တည်၊ ခလုတ်တိုက်ခြင်းကြောင့် ပြည်တည်တည်၊ ဗိုင်းရပ်စ်ပိုးဝင်ခြင်းကြောင့် ပြည်တည်တည်၊ ပြည်တည်ပြီဆိုလျှင်တော့ ဖောက်ထုတ်ရမည်ဖြစ်ကြောင်း၊ ဖောက်မထုတ်၍လည်း မရနိုင်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် EAOs များနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုလျှင် ၎င်းတို့သည် တိုင်းရင်းသားအရေး၊ လူမျိုးအရေး၊ ဖက်ဒရယ်အရေးဟူ၍ အကြောင်းပြချက်ပေါင်းများစွာပေးကြောင်း၊ လက်တွေ့တွင် ၎င်းတို့၏စီးပွားရေးသာ လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း၊ မြေရှားထွက်သောနေရာများတွင် မြေရှားများကို ခိုးထုတ်မည်ဖြစ်ကြောင်း၊ ရေနံထွက်သော နေရာဆိုလျှင်လည်း ရေနံများခိုးထုတ်မည်ဖြစ်ကြောင်း၊ သစ်ထွက်သောနေရာများတွင်လည်း သစ်ခိုးထုတ်နေမည်သာဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့အစည်းရပ်တည်ရေးဟု ပြောမည်ဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့အစည်းရပ်တည်ရေးဟုဆိုလျှင် ၎င်းတို့အဖွဲ့အစည်း၏ လက်အောက်တွင်ရှိသောအဖွဲ့ဝင်များ၊ ပြည်သူလူထုများသည် မည်မျှပြောင်ပြောင်ရောင်ရောင်ဖြစ်နေ၊ ချမ်းသာနေပါသလဲ။ မိမိအနေဖြင့် ပွင့်ပွင့်လင်းလင်းပြောမည်ဆိုလျှင် ကချင်ပြည်နယ်အတွင်းမှာ KIA မှ ဖောက်လုပ်ပေးထားသော ပြည်ထောင်စုလမ်းမကြီးများမည်မျှရှိသနည်း။ ရထားလမ်းများလည်း မည်သည်လောက်ထိရှိသနည်း။ ထိုကဲ့သို့ပင် ကရင်ပြည်နယ်အတွင်းမှာလည်း KNU က ဖောက်လုပ်ပေးထားသည့် ပြည်ထောင်စုလမ်းမကြီးများ မည်မျှခန့်ရှိသနည်း။ ရထားလမ်းများလည်း မည်မျှရှိသနည်း။ ပြည်သူလူထုများ နေထိုင်နိုင်ရန်အတွက် လူနေအိမ်များ မည်မျှရှိပါသနည်း။ သို့သော်လည်း ထိုနေရာများတွင် ရှိသည့်အရာများကို ၎င်းတို့အနေဖြင့် ရယူခံစားနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် EAOs များကို

မိမိတိုက်တွန်းလိုသည်မှာ NCA ဟူသောလမ်းကြောင်းသည် ရှိနေပြီးသားဖြစ်ကြောင်း၊ NCA ကို မိမိတို့ရေးဆွဲထားခြင်းမဟုတ်ကြောင်း၊ EAOs အဖွဲ့များကသာ နိုင်ငံတကာအသိုင်းအဝိုင်းများ အပါအဝင် ပထမဆုံးရေးဆွဲထားခြင်းဖြစ်ကြောင်း၊ အခိုင်အမာရှိနေသည့် NCA လမ်းကြောင်းပေါ်မှ သူတစ်ပါး၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် မည်သည့်အတွက် ဆင်းချင်ရပါသလဲ၊ NCA လမ်းကြောင်းပေါ်တွင်ရှိနေပါက နိုင်ငံတကာ၏အကာအကွယ်၊ နိုင်ငံတော်၏ အကာအကွယ်၊ ပြည်သူလူထု၏အကာအကွယ်ကို ရရှိနိုင်ကြောင်း၊ ထိုလမ်းကြောင်းပေါ်မှ ဆင်းချင်သည်ကို မိမိအနေဖြင့် အံ့သြမဆုံးဖြစ်ရပါကြောင်း၊ မိမိအနေဖြင့် တိုက်တွန်း



ဦးမိုးဟိန်း သူရိယနေ့ဝန်းဂျာနယ်

လိုသည်မှာ ပြည်သူလူထုများသည် မိမိတို့နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ နံပါတ်တစ်အချက်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ပုန်းကွယ်ရာမပေးကြရန်၊ မသိချင်ယောင်မဆောင်ကြရန်၊ မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယခုလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါဝင်ပတ်သက်နေသည့် EAOs အဖွဲ့များကိုလည်း လမ်းအမှန်ကို ပြန်လည်လျှောက်လှမ်းကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**NHK ဂျပန်ရုပ်မြင်သံကြားဌာနမှ ဒေါ်ခင်မိုမိုမြင့်**က ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံတကာလူ့အဖွဲ့အစည်းများမှ ယခုရွေးကောက်ပွဲသည် တရားမျှတမှုမရှိဘဲ အတင်းအကျပ်လုပ်ဆောင်နေသည်ဟု ဝေဖန်နေပါကြောင်း၊ ယင်းအချက်နှင့်ပတ်သက်၍ဖြေကြားပေးစေလိုပါကြောင်း၊ ယင်းဝေဖန်မှုကို မည်ကဲ့သို့ထင်မြင်ယူဆပါသလဲ၊ ယခုရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဟုထင်ပါသလား သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် တော်တော်မြင့်သည့် စကားလုံးဟုပြောရမည်ဖြစ်ကြောင်း၊ ယခုမေးခွန်းကို ပြန်လည်မဖြေကြားမီ မိမိအနေဖြင့် အရင်မေးခွန်းတစ်ခု မေးမြန်းလိုပါကြောင်း၊ သတင်းထောက်ကြီးမေးတဲ့ နိုင်ငံတကာလူ့အဖွဲ့အစည်းစံနှုန်းဆိုသည်မှာဘာလဲ၊ NHK သတင်းဌာနက သတ်မှတ်ထားသည့် နိုင်ငံတကာလူ့အဖွဲ့အစည်းဆိုတာ ဘယ်လိုစံနှုန်းလဲဆိုသည်ကို မိမိအနေဖြင့် မေးခွန်းထုတ်လိုကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏လူ့အဖွဲ့အစည်းများကို NHK သတင်းဌာနက ပေမမီ ဒေါက်မမီ၊ ကျပ်မပြည့်တဲ့လူ့အဖွဲ့အစည်းဖြစ်သည်ဟု ယူဆပါသလား၊ ထိုကဲ့သို့မဟုတ်ဘူးထင်ကြောင်း၊ ထိုသို့ယူဆပါက ထိုယူဆချက်ကို ပထမဆုံးပြင်စေလိုကြောင်း၊ ရွေးကောက်ပွဲကို အတင်းအကျပ်လုပ်စရာမလိုကြောင်း၊ မိမိအပါအဝင် သတင်းထောက်ကြီးနှင့် ပြည်သူလူထုများပါ မြင်တွေ့နေတာဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို အတင်းအကျပ်လုပ်၊ တုတ်နဲ့ရိုက်၍ မဲလာမထည့်မနေရ၊ ရွေးကောက်ပွဲကို မထောက်ခံဘဲမနေရဟူ၍ မလုပ်ထားပါကြောင်း၊ လုပ်စရာလည်း အကြောင်းမရှိပါကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်သူလူထုသိရှိအောင် နေ့စဉ်ထုတ်လွှင့်နေပါကြောင်း၊ ရွေးကောက်ပွဲကို ပြည်သူလူထုဘယ်လောက်ထိ လိုလားတယ်ဆိုသည်ကိုသိနိုင်ကြောင်း၊ မလိုလားတဲ့ ပြည်သူလူထုလည်းရှိနိုင်သည်ကို မိမိအနေဖြင့် မငြင်းလိုပါကြောင်း၊ လိုလားတဲ့ပြည်သူလူထုက ပို၍များနိုင်သည်ဟု ပြောကြားလိုပါကြောင်း၊

နောက်တစ်ခုအနေဖြင့် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ပြည်သူလူထုအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာအတွက် လုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊ မြန်မာနိုင်ငံအတွက် အစိုးရတာဝန်ပေးရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ မိမိပြောလိုသည်မှာ ရွေးကောက်ပွဲသည် မြန်မာပြည်သူလူထုကို ဗဟိုပြုသည့် ရွေးကောက်ပွဲဖြစ်ပါကြောင်း၊ မြန်မာပြည်သူလူထု မဲပေးနိုင်ရေးသည်သာ အရေးကြီးကြောင်း၊ နိုင်ငံတကာက ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ အရေးမပါကြောင်း၊ မိမိတို့ရွေးကောက်ပွဲကို မိတ်ဖက်နိုင်ငံများက ကူညီပေးခြင်း၊ ထောက်ခံပေးခြင်းများရှိကြောင်း၊ မြန်မာနိုင်ငံ၏ကောင်းရာကောင်းကျိုးအတွက် မည်ကဲ့သို့အကူအညီပေးရမည်ကိုလိုလားပြီး ဆောင်ရွက်နေသည်များရှိကြောင်း၊ ထို့ကြောင့် အပြစ်တင်လိုသူများက အပြစ်တင်နိုင်ကြောင်း၊ မိမိတို့အနေဖြင့် မူလရည်မှန်းချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်သွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို မလွဲမသွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားမျှတမှု ရှိ၊ မရှိဆိုသည်ကိုတော့ ရွေးကောက်ပွဲအခြေအနေသုံးရပ်လုံးကြည့်ရန်လိုကြောင်း၊ ရွေးကောက်ပွဲ ကနဦးအခြေအနေ၊ ရွေးကောက်ပွဲလုပ်တဲ့အချိန်မှာ မည်ကဲ့သို့လုပ်ခဲ့လဲ၊ ရွေးကောက်ပွဲပြီးတဲ့အချိန်မှာ ဘယ်လိုလုပ်ခဲ့လဲ၊ အခြေအနေသုံးရပ်လုံးဆောင်ရွက်ပြီးမှသာ သုံးသပ်တာကောင်းမည်ဖြစ်ကြောင်း၊ ဘာမျှမလုပ်ရသေးဘဲ တရားမျှတသောရွေးကောက်ပွဲမဖြစ်နိုင်၊ တရားမမျှတသော ရွေးကောက်ပွဲမဖြစ်နိုင်ဟုပြောဆိုနေကြသည်မှာ တရားနည်းလမ်းကျသောဆုံးဖြတ်ချက်မျိုး၊ သုံးသပ်ချက်မျိုး မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေ့ဝန်းဂျာနယ်မှ အမှုဆောင်အယ်ဒီတာချုပ် ဦးမိုးဟိန်း**က မြန်မာနိုင်ငံ၏ ပြည်သူလူထုကြား၊ နိုင်ငံတကာအကြား အထူးစိတ်ဝင်စားနေသော မေးခွန်းတစ်ခုရှိပါကြောင်း၊ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရွေးကောက်ပွဲအလွန်ကာလတွင် ပါဝင်ဆောင်ရွက်မည့် နိုင်ငံရေးအခင်းအကျင်း၊ ပါဝင်ဆောင်ရွက်မည့် အခန်းကဏ္ဍကို မေးမြန်းလိုပါကြောင်း၊ ယခုကဲ့သို့ မေးမြန်းနိုင်ရန် သူရိယနေ့ဝန်းမီဒီယာမှ လူထုကြားတွင် မြေပြင်၊ အွန်လိုင်းမှတစ်ဆင့် လူထုသဘောထားကို သုံးလခန့်ကွင်းဆင်းကောက်ယူခဲ့ပါကြောင်း၊ ကောက်ခံရရှိသည့် လူထုအများစုမှာ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် ဘက်စုံအကျပ်အတည်းဖြစ်စဉ်တွင် ပြည်ထောင်စုမပြိုကွဲစေရန် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဦးဆောင်မှုအခန်းကဏ္ဍသည် အလွန်အရေးပါပြီး ကျေးဇူးတင်ရှိနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲအောင်မြင်ပြီး လွှတ်တော်များပေါ်ပေါက်လာသည့်အခါ လွှတ်တော်များ၏ ရွေးချယ်မှုအရလည်းကောင်း၊ ရရှိသည့် လူထုဆန္ဒသဘောထားအရလည်းကောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ဆက်လက်ထမ်းဆောင်စေလို၍ ကမ်းလှမ်းခဲ့ပါက နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် သမ္မတကြီးတာဝန်ကို ဆက်လက်ထမ်းဆောင်ရန် အနေအထားမျိုး မြင်တွေ့ရနိုင်ပါသလား၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်တိုင်ကလည်း လူထုကပေးအပ်လာသော၊ လွှတ်တော်ကပေးအပ်လာသော နိုင်ငံတော်သမ္မတရာထူးကို ထမ်းဆောင်ရန်အသင့်အနေအထားမျိုးဆန္ဒရှိပါသလားဟူသောမေးခွန်းကို သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် **ဗိုလ်ချုပ်ဇော်မင်းထွန်း**ကို မေးမြန်းလိုပါကြောင်းနှင့် ဖြေကြားပေးစေလိုပါကြောင်း **စာမျက်နှာ ၂၈ သို့**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်နေကြသူများ၊ ၎င်းတို့ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။









ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများအခြေပြုလုပ်ကိုင်နေသည်ဟု တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် အဆိုပါနေရာအနီးတစ်ဝိုက်သို့ လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်နိုင်ရန် သွားရောက်ခဲ့သည်။





ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်များ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ နေရာအနီးတစ်ဝိုက်သို့ နံနက် ၉ နာရီခွဲခန့်တွင် ရောက်ရှိစစ်ဆေးစဉ် မိုးကာတဲ အစုအဖွဲ့များအတွင်းရှိ လက်နက်ကိုင်နှစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များကို စတင်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရသည်။ ပစ်ခတ်မှုများရပ်တန့်သွားချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ နေရာကို ဝင်ရောက်ရှင်းလင်းခဲ့ရာ SSPP၊ SSA တပ်ဖွဲ့ဝင် သုံးဦးကို AK-47 တစ်လက်၊ M-22 တစ်လက်၊ MK-12 တစ်လက်၊ ပွိုင့်-၂၂ တစ်လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ယင်းနောက် အဆိုပါနေရာကို ဆက်လက်စစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား အမျိုးသား ငါးဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး တစ်ဦးတို့နှင့်အတူ ၎င်းတို့နေထိုင်အသုံးပြုလျက်ရှိသော မိုးကာတဲကြီး ၁၇ လုံးနှင့် ကင်းတဲငယ်များ၊ All in one ကွန်ပျူတာ ခြောက်လုံး၊ လက်တော့ အလုံး ၇၀၊ ဖုန်းမျိုးစုံအလုံး ၁၆၀၊ IPad ၁၀ လုံး၊ Router ၁၀ လုံး၊ Modern Stick ၃၇ ခု၊ မီးစက် သုံးလုံး၊ Star Link ဗန်း ၁၉ ခု၊ 4 X 4 Wheel နှစ်စီး၊ သရီးကရောင်း တစ်စီး၊ ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများကို ကနဦး စိစစ်ဖော်ထုတ်ချက်များအရ အဆိုပါနေရာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေသူ ဦးရေ ၂၀၀ ခန့်ရှိပြီး ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားချိန်တွင် ကစဉ့်ကလျားဖြင့် အရပ်မျက်နှာအသီးသီးသို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါသိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်ပတ်သက်သူများကို ဆက်လက် စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**စာမျက်နှာ ၂၇ မှအဆက်**

မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုမေးခွန်းသည် ပုဂ္ဂလိကနှင့်ဆိုင်သော မေးခွန်းဖြစ်သောကြောင့် မိမိအနေဖြင့် မိမိသိသလောက်၊ အထောက်အထားရှိသလောက်သာဖြေကြားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်သည့်အချိန် ၂၀၁၄ ခုနှစ်ခန့်ကတည်းက ပြောကြားခဲ့သည်များရှိကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီကာလတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံရေးကာလတွင် ဘယ်လိုပါဝင်မလဲဆိုသည်ကို မီဒီယာများက မေးမြန်းခဲ့မှုများရှိကြောင်း၊ ထိုအချိန်ကလည်း ပြောခဲ့ဖူးပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်ကလည်း ယခင်ကတည်းက နိုင်ငံတော်၏တာဝန်အဆင့်ဆင့်ကို ၎င်းကိုယ်တိုင် တာဝန်ယူခဲ့ဖူးကြောင်း၊ နိုင်ငံတော်၏ တာဝန်အဆင့်ဆင့်ဆိုသည်မှာ ယခင်တုန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နဝတခေတ်၊ နယကခေတ်မီခဲ့သောကြောင့် နယ်ဘက်တာဝန်များကို တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှာလည်း ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကိုလည်း ထမ်းဆောင်နေခြင်းဖြစ်သောကြောင့် အတွေ့အကြုံများစွာရှိကြောင်း၊ နိုင်ငံတော်က တာဝန်ပေးလာပါကလည်း နိုင်ငံတော်အတွက် ၎င်း၏အတွေ့အကြုံများကို အသုံးချ၍ လုပ်ဆောင်သွားမည်ဆိုသည့်စကားကိုလည်း ပြောခဲ့ဖူးပါကြောင်း၊ ယင်းအကြောင်းအရာများကို မိမိအနေဖြင့် ပြန်လည်ကိုးကား၍ ပြောလိုပါကြောင်း၊ သမ္မတရွေးချယ်မှုအနေဖြင့် တစ်ဦးချင်းအနေဖြင့် နိုင်ငံတော်သမ္မတကို လုပ်ချင်ပါတယ်လို့လည်းပြောလို့မရပါကြောင်း၊ မလုပ်ချင်ပါဘူးဟူ၍လည်း ပြောလို့မရပါကြောင်း၊ ဥပဒေအတိုင်းသာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ လုပ်ချင်ပါတယ်ဆိုတိုင်းလည်း ဥပဒေနှင့်မညီလျှင် မဖြစ်နိုင်ကြောင်း၊ မလုပ်ချင်ပါဘူးဆိုတိုင်းလည်း ရွေးကောက်တင်မြှောက်ခံရပါက မလုပ်၍မရပါကြောင်း၊ လုပ်ချင်ပါတယ်လို့ဆိုတိုင်းလည်း မဖြစ်တဲ့သူများကိုလည်း ရှေ့မှာလည်း တွေ့ခဲ့ဖူးပြီဖြစ်ကြောင်း၊ သမ္မတရွေးချယ်ရာတွင် အခြေခံအချက်များရှိပါကြောင်း၊ အခြေခံအချက်အလက်များမှာ ပြည်သူလူထုက ရွေးချယ်လိုက်သည့် လွှတ်တော်အမတ်ကိုယ်စားလှယ်များမှတစ်ဆင့် ဒုတိယသမ္မတကို ရွေးချယ်ရကြောင်း၊ သမ္မတရွေးချယ်တင်မြှောက်ခြင်းကိစ္စသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်ပါရှိပြီးဖြစ်ကြောင်း၊ သမ္မတရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီးပါက အဆင့်ဆင့်မဲပေးရကြောင်း၊ မဲပေးပြီး သမ္မတဖြစ်လာပါက ဥပဒေအရ အကျုံးဝင်သဖြင့် သမ္မတတာဝန်ထမ်းဆောင်နိုင်ပါကြောင်း၊ မိမိအနေဖြင့် အနှစ်ချုပ်ပြောကြားလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် အညီဖြစ်ပါလိမ့်မည်ဟုသာပြောလိုပါကြောင်း ပြောကြားသည်။ (၅၀၁)

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့

အထိမ်းအမှတ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

MCRD

"လူမှုစီးပွားဘဝမြင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"



**ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရ စာရင်းများထုတ်ပြန်မည်**

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရ စာရင်းများ ထုတ်ပြန်မည်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရရှိသူများစာရင်းကို ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန website: www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website: www.dhe.gov.mm တို့တွင်လည်းကောင်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။




ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ ငါးလုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးနှင့် တစ်ထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၆၆ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ တစ်လုံးနှင့် တစ်ထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ငါးလုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့သည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝဓ)




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှုကိုတွေ့ရစဉ်။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။



တရားမဝင် နိုင်ငံခြားသားများ ခိုအောင်းနေထိုင်နိုင်သည့် အဆောက်အအုံ ရှင်းလင်းနေမှုကို တွေ့ရစဉ်။

## တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၇) ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအား အာဏာသက်ဝင်နိုင်စေရန် လိုအပ်သော နည်းဥပဒေများ၊ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သောလျှောက်လွှာပုံစံများ၊ ဝန်ဆောင်မှုအမျိုးအစားအလိုက်ပေးသွင်းရမည့် အခကြေးငွေများအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအကောင်အထည်ဖော်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တီထွင်မှုမူပိုင်ခွင့်ဥပဒေအား ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် အာဏာသက်ဝင်နိုင်ခဲ့ပြီး တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များအား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မှ စတင်၍ မူပိုင်ခွင့်ဦးစီးဌာနမှ တရားဝင်လက်ခံ ဆောင်ရွက်လျက်ရှိပါသည်။

၂။ တီထွင်မှုမူပိုင်ခွင့်ဥပဒေသည်အသစ်ဖြစ်သော တီထွင်ဖန်တီးမှုများကို ဥပဒေအရအကာ အကွယ်ပေးသည့်စနစ်ဖြစ်ပြီး တီထွင်သူများအနေဖြင့် မိမိတို့တီထွင်ထားရှိသော တီထွင်ဖန်တီးမှုမှန်သမျှကို အခြားတစ်ဦးဦးမှ အလွယ်တကူ ကူးယူခြင်းမခံရစေရန် တီထွင်မှုမူပိုင်ခွင့် အကာအကွယ်ရယူထားရမည်ဖြစ်ပါသည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှုမူပိုင်ခွင့်ဟူ၍ အမျိုးအစားနှစ်မျိုးဖြင့် အကာအကွယ်ရယူနိုင်ပါသည်။ တီထွင်မှုမူပိုင်ခွင့်သည် လျှောက်ထားသောနိုင်ငံ သို့မဟုတ် ဒေသအတွင်း၌သာ မူပိုင်ခွင့်ရရှိနိုင်သည့်စနစ်ဖြစ်ပြီး တီထွင်မှုမူပိုင်ခွင့်၏ သက်တမ်းမှာ လျှောက်ထားသည့်နေ့မှ နှစ် ၂၀ ဖြစ်ပြီး အသေးစားတီထွင်မှုမူပိုင်ခွင့်၏ သက်တမ်းမှာ လျှောက်ထားသည့်နေ့မှ ၁၀ နှစ် ဖြစ်ပါသည်။

၃။ တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းများကို မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်သင်တန်း တက်ရောက်အောင်မြင်ပြီး WIPO File Account ရရှိထားသော ကိုယ်စားလှယ်များမှ အီလက်ထရောနစ်မှတ်ပုံတင်စနစ် (WIPO File System) ကို အသုံးပြု၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၄။ တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အသိပေးကြေညာချက်များ၊ ထုတ်ပြန်ကြေညာချက်များနှင့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများကို (www.ipd.gov.mm) တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မူပိုင်ခွင့်ဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်) (၀၆၇ ၃၄၃၀၅၉၄)၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)(၀၁ ၈၃၀၀၂၈၃)၊ အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး) (၀၉ ၈၉၀၆၁၅၁၅၂) နှင့် တီထွင်မှုမူပိုင်ခွင့်ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၅) သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်များနှင့် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်များ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၂၃) ဖြင့် ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပြီးဖြစ်ပါသည်။ စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃) ဖြင့် ၂၃-၁၀-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သောလျှောက်လွှာပုံစံ (၁၃) မျိုးကို အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၃) ဖြင့် ၂၀-၁၁-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးသွင်းရမည့်အခကြေးငွေများကို အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၄) ဖြင့် ၁၃-၂-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်းများကို ၉-၂-၂၀၂၄ ရက်နေ့တွင် စတင်လက်ခံဆောင်ရွက်နေပြီဖြစ်ပါသည်။

၂။ မှတ်ပုံတင်လျှောက်ထားခြင်းများကို မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ အီလက်ထရောနစ်စနစ် (CR File System) ကို အသုံးပြု၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။ မူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့် ကိုယ်စားလှယ်သင်တန်းတက်ရောက်ပြီးဖြစ်သည့် ကိုယ်စားလှယ်နှင့်လည်း လျှောက်ထားနိုင်ပါသည်။

၃။ စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်လွှာပုံစံများကို မူပိုင်ခွင့်ဦးစီးဌာန ဝက်ဘ်ဆိုက် (ipd.gov.mm) တွင် download ရယူနိုင်ပြီး အခကြေးငွေများ၊ လျှောက်လွှာဖြည့်သွင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ကြည့်ရှုနိုင်ပါသည်။ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မူပိုင်ခွင့်ဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်) (၀၆၇ ၃၄၃၀၅၉၄)၊ အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်) (၀၁ ၈၃၀၀၂၈၃)၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) (၀၉ ၈၉၀၆၁၅၁၅၂) နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၇) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## စက်မှုဒီဇိုင်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ၏ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော ထုတ်ကုန်ပစ္စည်းများ၏ အပြင်ပန်းပုံသဏ္ဍာန်ဒီဇိုင်းများနှင့် ယင်းတို့၏ အလှအပအဆင်တန်ဆာဒီဇိုင်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအတွက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လက်ခံစစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ စက်မှုဒီဇိုင်းကို မူပိုင်ခွင့်အကာအကွယ်ရရှိစေရန်အတွက် ဒီဇိုင်းသည် အသစ်ဖြစ်ရန်လိုအပ်ပြီး တုပမှုကင်းစွာ ဖန်တီးထားရမည်ဖြစ်ပါသည်။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ရရှိပါက မိမိမူပိုင်ခွင့်ရရှိထားသည့် စက်မှုဒီဇိုင်းကို အခြားသူများမှ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ကာကွယ်တားဆီးနိုင်သည့် အခွင့်အရေးများရရှိနိုင်မည်ဖြစ်ပြီး စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ရရှိပါက မူပိုင်ခွင့်မှတ်ပုံတင်သက်တမ်းကာလမှာ စက်မှုဒီဇိုင်းစတင်လျှောက်ထားသည့်နေ့မှ ကနဦး (၅)နှစ်တာကာလနှင့် နောက်ထပ် (၅)နှစ် (၂) ကြိမ် သက်တမ်းတိုးနိုင်ပြီး၊ စုစုပေါင်း (၁၅) နှစ် သက်တမ်းရရှိနိုင်မည်ဖြစ်ပါသည်။

၃။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ရရှိရန်အတွက် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ကိုယ်စားလှယ်သင်တန်းအောင်မြင်ပြီးသည့် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မူပိုင်ခွင့်ဦးစီးဌာနအောက်ရှိ လျှောက်လွှာလက်ခံဌာန နေပြည်တော်(ရုံးချုပ်)၊ အောက်မြန်မာပြည် ရုံးခွဲ(ရန်ကုန်) နှင့် အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) တို့တွင် လာရောက်လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ် မှတ်ပုံတင်စနစ် (WIPO File System) ဖြင့် လည်းကောင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများ၊ အခကြေးငွေများနှင့် လျှောက်လွှာဖြည့်သွင်းခြင်းဆိုင်ရာလမ်းညွှန်ချက်များကို (ipd.gov.mm) တွင် ကြည့်ရှုနိုင်ပါသည်။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့် သိရှိလိုသည်များရှိပါက မူပိုင်ခွင့်ဦးစီးဌာန၊ လျှောက်လွှာလက်ခံဌာန နေပြည်တော်(ရုံးချုပ်) (၀၆၇ ၃၄၃၀၅၉၄)၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်) (၀၁ ၈၃၈၀၂၈၃)၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) (၀၉ ၈၉၀၆၁၅၁၅၂) နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၈) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက်စည်းမျဉ်းကို အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၄) ဖြင့် ၆-၈-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများသတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၄) ဖြင့် ၁၆-၁၀-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းအတွက် ဝန်ဆောင်မှုအမျိုးအစားအလိုက်ပေးသွင်းရမည့် အခကြေးငွေသတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅) ဖြင့် ၂၈-၂-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းအား ၁၆-၇-၂၀၂၅ ရက်နေ့မှစတင်၍ လျှောက်ထားနိုင်ပြီဖြစ်ပါသည်။

၂။ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းကို ရုံးအမှတ် (၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

၃။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် လျှောက်လွှာပုံစံများကို မူပိုင်ခွင့်ဦးစီးဌာန ဝက်ဘ်ဆိုက် (ipd.gov.mm) တွင် download ရယူနိုင်ပြီး ပေးသွင်းရမည့် အခကြေးငွေ၊ အသိပေးကြေညာချက်တို့ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲ (၀၆၇ ၃၄၃၀၅၉၇) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အမှတ်တံဆိပ်များ မှတ်ပုံတင်လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအပါအဝင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ၏ အမှတ်တံဆိပ်ကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးနှင့်အတူ မူပိုင်ခွင့်အကာအကွယ်ရယူလျှောက်ထားနိုင်ကြောင်း အမိန့်အမှတ် (၆၃/၂၀၂၀)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အသုံးပြုခြင်းဆိုင်ရာဦးစားပေးအခွင့်အရေးနှင့်အတူ လျှောက်ထားနိုင်သော အမှတ်တံဆိပ်အဟောင်းများကို မူပိုင်ခွင့်အကာအကွယ်ရယူရန်သာမက အမှတ်တံဆိပ်အသစ်များကိုလည်း မူပိုင်ခွင့်အကာအကွယ်ရယူနိုင်ရေးအတွက် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှစ၍ တရားဝင်စတင်လက်ခံပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၍ လက်ခံဆောင်ရွက်ခဲ့ပါသည်။ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုခြင်းပါဝင်သည့် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့အထိ လက်ခံဆောင်ရွက်ခဲ့ပြီး အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားချက် စုစုပေါင်း ၆၀၀၀၀ ကျော်လက်ခံ၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆိုပါလျှောက်ထားချက်များကို နှစ်အလိုက် အစီအစဉ်တကျ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းကို ကန့်ကွက်နိုင်ကြောင်း ထုတ်ပြန်ကြေညာခြင်းအား ၂၀၂၄ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ လစဉ် ၁ ရက်နေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပါသည်။ ကန့်ကွက်နိုင်ကြောင်း ထုတ်ပြန်ကြေညာချက်အပေါ် ကန့်ကွက်သူမရှိသည့်လျှောက်ထားချက်များကို အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်ထုတ်ပေးလျက်ရှိပြီး စုစုပေါင်း ၁၁၇၀၈ စောင်ထုတ်ပေးပြီး ဖြစ်ပါသည်။ အမှတ်တံဆိပ်မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာခြင်းအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ၁၂ ကြိမ်အထိ ထုတ်ပြန်ကြေညာခြင်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမှတ်တံဆိပ်များကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားပြီး မူပိုင်ခွင့်အကာအကွယ်ရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**တိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်တလေး နှင့် တိလပ်မြေစက်ရုံ(တန်-၀၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား**

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




**ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

**ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀



**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- E - Top up ဖုန်းပြောခဖြည့်သွင်းခြင်း
- ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း
- အောင်ဘာလေအွန်လိုင်းထီထိုးခြင်း




ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၄

အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။


## ဝန်ထမ်းအလိုရှိသည်

၁။ လက်ထောက်အုပ်ချုပ်ရေးမှူး(ကျား) ၁ ဦး
၂။ ကွန်ပျူတာစာရေး(ကျား) ၂ ဦး
၃။ အထွေထွေဝန်ထမ်း(ကျား) ၃ ဦး

အမှတ်စဉ်(၁)ရာထူးအတွက် အသက် (၄၀)မှ (၅၅)နှစ်အတွင်းဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ ရုံးလုပ်ငန်းနှင့် ငွေစာရင်းပိုင်း အတွေ့အကြုံရှိရမည်။

အမှတ်စဉ်(၂)ရာထူးအတွက် အသက် (၂၀)မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။ အနည်းဆုံးပညာအရည်အချင်း အခြေခံပညာအထက်တန်းအောင်မြင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၃)ရာထူးအတွက် အသက် (၂၀)မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်း အခြေခံပညာအလယ်တန်းအောင်မြင်ရမည်။

အမှတ်စဉ်အားလုံးအတွက် မန္တလေးမြို့တွင် နေထိုင်သူဦးစားပေးမည်။ (သာသနာရေးအသင်းအဖွဲ့ဖြစ်သည့်အတွက် အရက်သေစာသောက်စားသူများ မဖြစ်စေရ။)

လျှောက်ထားလိုသူများ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်အတူ (၃၁-၁၂-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနဟိတအသင်း
၈၅ လမ်း၊ ၃၄ x ၃၅ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၄၀၀၉၀၀၄၄၁၊ ၀၉-၇၈၀၁၇၀၉၂၃





*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


### ပျောက်ဆုံးကြောင်း

သိန္နီမြို့၊ ရပ်ကွက်(၁)နေ သန်းသန်းဌေး (ဘ) ဦးရှောက်ကွယ်(ခ) အိုက်စိုင်း(၁၃/သနန(နိုင်)၀၆၇၂၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-696258759

### ပျောက်ဆုံးကြောင်း

နမ္မတူမြို့နယ်၊ မန့်စံကျေးရွာနေ မခင်ခင်ထွေး (ဘ) ဦးအိုက်နွေး (၁၃/နမတ(နိုင်)၀၅၈၁၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-724256)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-958017515

### ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့နယ်၊ အမှတ်တရရပ်ကွက်နေ ဌေးဖြိုးလင်း (ဘ) ဦးသိန်းဇော်(၉/ညဥန(နိုင်)၁၄၇၈၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-137184)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-2017827

## အမည်မှန်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ စံသရဖူကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းဝေ(၉/အမရ(နိုင်)၁၂၇၃၅၀)၏သမီး မခင်ခင်ခန့်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မမြသီရိခန့်ဖြစ်ပါကြောင်း။ **မမြသီရိခန့်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ်...

❖ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေ့မှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ပြုလုပ်သော ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပူတာအိုမြို့ရှိ တပ်နယ်ခန်းမ၌ ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

# ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဇီးပင်ကြီး-ပြင်ဦးလွင် ရထားခရီးစဉ်နှင့် RBEရထားဖြင့် ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ်စတင်ပြေးဆွဲပေးမည်




နေပြည်တော် ဒီဇင်ဘာ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထုရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ မန္တလေး-လားရှိုးလမ်းပိုင်းရှိ ဇီးပင်ကြီး-ပြင်ဦးလွင်-ဂုတ်ထိပ် လမ်းပိုင်းတွင် ပြည်တွင်းမှ ခရီးသွားလာမည့် ပြည်သူများ၊နိုင်ငံခြားသားခရီးသွားလာသူများအား သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးကို

စာမျက်နှာ ၁၈ ကော်လံ ၁ ○


## ကိန်းဂဏန်းများ နောက်ကွယ်က မျက်ကွယ်ပြုခံရတဲ့ အမှန်တရား

ဆောင်းပါး စာမျက်နှာ - ၂၃

## ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ အားကစားအဖွဲ့များ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ပြီး ဆုတံဆိပ်များ ထပ်မံရရှိထား

စာမျက်နှာ - ၈

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment

" မှန်သည် မြန်သည် မြဝတီ "

MPU UnionPay



Phone No : (01) 2301367, 2301368, (01) 2301452, 2301378

24 (01) 2301421, (01) 2317166